မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၀၈)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၉ ရက်၊ သောကြာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်　ဩဂုတ်　၉

၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူရသည့် အခွင့်အရေးကိုရယူ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်

နေပြည်တော်　ဩဂုတ်　၈

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်၌ အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ရှိမှုကို ပြသခြင်းဖြစ်ပြီး လွတ်လပ်တက်ကြွ၍ ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဒေသဆိုင်ရာအကျိုးစီးပွားနှင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်း၌သော်လည်းကောင်း၊ အာရှပစိဖိတ်ဒေသတွင်း၌ သော်လည်းကောင်း၊ ကမ္ဘာပေါ်၌ မြန်မာနိုင်ငံ၏ ဦးဆောင်မှုကို ပြသနိုင်မည့်အခွင့်အရေးဖြစ်ပြီး ၂၀၁၄ ခုနှစ် ဥက္ကဋ္ဌတာဝန်အောင်မြင်စွာထမ်းဆောင်ပြီးသည့်အခါ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုများပိုလာပြီး နိုင်ငံတကာ၌ ပုံရိပ်ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း ဖြင့် ယနေ့နံနက်ပိုင်း၌ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် (၄၆)နှစ်မြောက် အာဆီယံနေ့အခမ်းအနား (Forty-Six Anniversary ASEAN Day) ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၃* ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပသည့် (၄၆)နှစ်မြောက် အာဆီယံနေ့အခမ်းအနား၌ အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်သူတို့အတွက် မုဒိတာ ဧက ၅၀၀ စိုက်ကွင်း

အောင်သိယ်

တောင်သူပညာပေး ဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ကွင်းသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအနီးတွင် တည်ရှိသည်။ ယင်းစိုက်ကွင်းတွင် စံပြစပါးစိုက်ကွင်းကြီးများ၊ မွေးမြူရေးလုပ်ငန်းများဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကြားသိရသည်။ တစ်ခုသော နံနက်ခင်းတွင် အဆိုပါ စံပြစိုက်ကွင်းသို့ သွားရောက်လေ့လာမိသည်။ စိုက်ပျိုးပြီးကာစ မိုးစပါးပင်ပျိုများ၊ ရိတ်သိမ်းတော့မည့် မိုးစပါးစိုက်ကွင်းများကို တွေ့ရသည်။ ထို့အတူ တောင်သူပညာပေး သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းတွင်လည်း သခွားမွှေး၊ ငရုတ်၊ ကြက်ဟင်းခါး၊ ရုံးပတီ၊ ခရမ်း၊ ဖရဲ၊ ပြောင်းဖူးစသည့် စိုက်ခင်းများကို သိပ္ပံနည်းကျစိုက်ပျိုးထားသည်။ Green House များဖြင့် စပါးများကို ပျိုးဗန်းများဖြင့်ပျိုးထောင်နေမှု၊ သစ်ခွဥယျာဉ်တွင် သစ်ခွမျိုးစုံ စိုက်ပျိုးထားမှုများကိုလည်း တွေ့မြင်ရသည်။

ထိုသို့ လှည့်လည်လေ့လာရင်း စပါးစိုက်ခင်းအတွင်း တကုပ်ကုပ်ဖြင့် အလုပ်များနေသည့် အောင်သုခကျေးရွာမှ ဦးတင်ထွန်းအား လယ်မြေများနှင့်ပတ်သက်၍ မေးမြန်းကြည့်ရာ “ဒီဧက ၅၀၀ စိုက်ကွင်းမှာ ဒီအနီးတစ်ဝိုက်က ရွာတွေဖြစ်တဲ့ ညောင်ပင်ကြီးစု၊ အောင်သုခ၊ ကိုးရွာ၊ သပြေကုန်း *စာမျက်နှာ ၅ ကော်လံ ၁* ▲

ဧက ၅၀၀ စိုက်ကွင်းအတွင်း စိုက်ပျိုးထားသော မိုးစပါးပင်ပျိုများကို တွေ့ရစဉ်။

ယနေ့ မာတိကာ

စနိုးဒန်းကြောင့် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲများ ဖျက်သိမ်းလိုက်ခြင်းအပေါ် ရုရှားနိုင်ငံက အမေရိကန်ကို အလွန်စိတ်ပျက်မိဟုဆို　စာမျက်နှာ - ၄

ပုပ္ပားမှ ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်　စာမျက်နှာ - ၁၂

တောင်သူများ အစေ့ထုတ်ပြောင်းရေဆင်းမျိုး ပိုမိုစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေ　စာမျက်နှာ - ၁၅

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားသုံးဦးကို လွှဲပြောင်းပေးအပ်　စာမျက်နှာ - ၁၇

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မိခင်နို့နှင့် ကျန်းမာရေး

မြို့ပြနေ ကလေးမိခင်အများစုသည် မိခင်နို့ထက် နို့မှုန့် နို့ဘူးတိုက်ကျွေးသည့် အလေ့အထများ ပိုမိုပြုလုပ်လာသည်ကို တွေ့ရသည်။ ကလေးမိခင်များသည် ကျန်းမာရေး အခြေအနေ အရသော်လည်းကောင်း၊ လုပ်ငန်းခွင် မအားမလပ်၍သော် လည်းကောင်း၊ ကိုယ်ခန္ဓာအလှပျက်မည်စိုး၍သော်လည်းကောင်း မိမိတို့၏ ရင်သွေးငယ်များကို မိခင်နို့တိုက်ကျွေးခြင်းမရှိဘဲ နို့မှုန့် နို့ဘူးများကိုသာ အဓိကထားတိုက်ကျွေးကြသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ဩဂုတ်လ ပထမပတ်ကို ကမ္ဘာ့မိခင် နို့တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ကလေးမိခင်များ မိခင်နို့တိုက်ကျွေးခြင်းကို အထူးသတိပြုမိလာ စေရန် ကမ္ဘာနှင့်အဝန်း ကျင်းပသည့် ကမ္ဘာ့မိခင်နို့တိုက်ကျွေး ရေး ရက်သတ္တပတ်အဖြစ် လှုံ့ဆော်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ထို့အပြင် ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက် ကလေး များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန် ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ် များအဖြစ် သတ်မှတ်ပြီး နိုင်ငံတစ်ဝန်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဤသည်တို့အနက် မိခင်နို့တိုက်ကျွေးရေးသည် အရေး အကြီးဆုံးဖြစ်ပါသည်။ အဘယ်ကြောင့်ဟူမူ မိခင်နို့သည် ကလေး များအတွက် အာဟာရကို အမှန်တကယ်တိုးပွားစေပြီး ရောဂါ ဘယများမှ ကာကွယ်ပေးနိုင်ဆုံး ဖြစ်ခြင်းကြောင့်ပင် ဖြစ် သည်။ ကျန်းမာရေးကျွမ်းကျင်သူတို့၏ ဆန်းစစ်လေ့လာချက်အရ နို့မှုန့် နို့ဘူးတိုက်ကျွေးသော ကလေးများထက် မိခင်နို့တိုက် ကျွေးသောကလေးများသည် ပိုမိုသန်မာထွားကျိုင်းပြီး ကလေး သေပျောက်မှု အလွန်နည်းကြောင်း သိရသည်။ ထို့ကြောင့် မိခင်နို့ကို မွေးကင်းစမှ အနည်းဆုံး အသက်ခြောက်လပြည့် သည်အထိ မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးရန် ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

နို့မှုန့် နို့ဘူးများသည် အခန့်မသင့်လျှင် ကလေးကျန်းမာ ရေးကို ထိခိုက်နိုင်သည်။ မကြာသေးမီက နယူးဇီလန်နိုင်ငံမှ ထုတ်လုပ်သော နို့မှုန့် နို့ထွက်ပစ္စည်းများတွင် ကျန်းမာရေးကို ထိခိုက်နိုင်သည့် ဗက်တီးရီးယားပိုးများ တွေ့ရသဖြင့် ဈေးကွက် မှ နို့မှုန့် နို့ထွက်ပစ္စည်းတန်ချိန် ၁၀၀၀ ခန့် ပြန်သိမ်းရန် ကြေညာ ခဲ့ကြောင်း ကြားသိလိုက်ရသည်။ တရုတ်နိုင်ငံတွင် မသန့်ရှင်းသော နို့မှုန့်များတိုက်ကျွေးမိသဖြင့် ကလေးငယ်သုံးသိန်း ကျန်းမာရေး ထိခိုက်ဖူးသည်။

ဤသို့ နို့မှုန့် နို့ဘူးများ၏ဆိုးကျိုးကို သိရှိလာသည်နှင့်အမျှ မိခင်နို့တိုက်ကျွေးရေး ကမ္ဘာနှင့်အဝန်း အထူးအလေးထား ဆောင်ရွက်လာကြသည်ကိုလည်း တွေ့ရသည်။ ယူကေနိုင်ငံတွင် မိခင်နို့မထွက်သော ကလေးများအား မိခင်နို့တိုက်ကျွေးရန် မိခင်နို့ဘဏ်များ ထူထောင်ထားရှိကြောင်း သိရသည်။ ယူကေတစ်နိုင်ငံတည်း၌ပင် မိခင်နို့တိုက်ကျွေးရေးဘဏ် ၁၇ ခုအထိရှိသည်ဟု ဆိုသည်။ နို့ထွက်သောမိခင်များက နို့များ လှူဒါန်းထားရှိပြီး မိခင်နို့မထွက်သောကလေးများအား တိုက် ကျွေးခြင်းဖြစ်သည်။ ကမ္ဘာတွင် ဤမျှမိခင်နို့တိုက်ကျွေးခြင်း အလုပ်ကို ဆောင်ရွက်နေချိန်ဖြစ်သည်။

သို့ပါ၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များ အနေဖြင့် မိမိတို့ရင်သွေးငယ်များ ကျန်းမာသန်စွမ်းပြီး သန်မာ ထွားကျိုင်းသော လူသားများဖြစ်လာစေရန် ရည်ရွယ်လျက် မိခင်နို့တိုက်ကျွေးရေးကို အထူးအလေးပေး ဆောင်ရွက်သင့်ပါ ကြောင်း။ ။

ပြည်တွင်းသတင်း

ရှစ်လေးလုံး (၂၅)နှစ်မြောက် အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၈

ရှစ်လေးလုံး (၂၅)နှစ်မြောက် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန် ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပ ရာ **(ယာပုံ)**ပြည်သူ့လွှတ်တော် တရား ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေး ချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင် ဆန်းစုကြည်က တက်ရောက်အမှာ စကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်က သမိုင်းကို စနစ်တကျ လေ့လာရန်လိုကြောင်း၊ အတိတ်ဖြစ်ရပ်များအပေါ် သုံးသပ် ဖော်ထုတ်သည့် သင်ခန်းစာများသည် နိုင်ငံအတွက် အကျိုးရှိသော သင်ခန်း စာ ဖြစ်ရန်လိုကြောင်း၊ သမိုင်းစိတ် ဓာတ်သည် အပြုသဘောဆောင်ရန်လို ကြောင်း၊ မည်သည့်စိတ်ဓာတ်မဆို အပြုသဘောမဆောင်ပါက နိုင်ငံ အတွက် အကျိုးမရှိကြောင်း ထည့် သွင်းပြောကြားသွားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့ လွှတ်တော်နိုင်ငံသားများ၏ မူလ အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးဌေးဦး၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်၊ လွှတ်တော်ကိုယ် စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြ ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်သူတို့၏အသံကို အလေးထား ဆောင်ရွက်ပေးလာခြင်းအပေါ် ကျေးဇူးတင်ပါသည်

ယနေ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးလမ်းသို့ လျှောက်လှမ်းရာတွင် မီဒီယာ နှင့်ပြည်သူ၊ ပြည်သူနှင့်ဌာနဆိုင်ရာ၊ ဌာနဆိုင်ရာနှင့်မီဒီယာ သုံးဖက် အမြင်၌ မီဒီယာတို့၏အမြင်သည် အလွန်တရာမှ အရေးကြီးလှပေသည်။

ထိုအခါမီဒီယာတို့သည် အလယ် လူများဖြစ်သည့် အားလျော်စွာ "ကလောင် မစောင်းဖို့" အလွန်ပင် အရေးကြီးလှပါသည်။ ကလောင် စောင်းသွားပါက ပြဿနာ ပိုမိုကြီးထွား တတ်ပြီး ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးကြောင့်လေးရသည် ဆိုသည့်ပမာ ဖြစ်သွားတတ်ပါသည်။

တစ်ဖန် မြန်မာ့ဒီမိုကရေစီခရီးသို့ သွားရာတွင် ဌာနဆိုင်ရာများအနေဖြင့် နောက်မချန် အမှန်လျှောက်လှမ်းနေ ကြပါသည်။ သို့သော် အမှတ်မထင် လမ်းကြောင်းသွေဖည်၍ အမှုမဲ့ အမှတ်မဲ့မှသည် အမှတ်ထင်ထင် ပြဿနာလေးများ မဖြစ်ပွားရလေ အောင် မီဒီယာများက ပြည်သူ အများစု၏အသံကို နားထောင်ကာ ဝေဖန်သုံးသပ်၍ ဆိုရေးရှိက ဆိုကြ၊ ပြောကြ ရေးသားခဲ့ကြရပါသည်။

စာရေးသူအနေဖြင့် ပြည်သူတို့ ၏ အသံကို နားထောင်ကာ မြန်မာ့ အလင်းသတင်းစာ စာမျက်နှာများမှ တစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး မှ မြင်ကွင်းအား "လမ်းပေါ်သို့ ရောက် လာသော သစ်ပင်များနှင့် ယာဉ်တိုက်မှု အန္တရာယ်" တစ်ဖန် မြို့တော်ခန်းမ ရှေ့မှ မြင်ကွင်းအား "သတိမမူ၍ ဂူကို မမြင်ခြင်းနှင့်သတိမူ၍ မြူကိုမြင်ကြ ခြင်း" ခေါင်းစီးဖြင့် မြင်ကွင်းသတင်း များကို လှစ်ဟပြခဲ့ပါသည်။

ထိုအခါ ပြည်သူတို့၏ စစ်မှန် သောအသံကို သတင်းစာမှတစ်ဆင့် ကြားရပြီး သက်ဆိုင်ရာဌာနတို့က အလေးမူဂရုပြုလျက် ရက်ပိုင်းများ အတွင်းမှာပင် ပြန်လည်ဆောင်ရွက် လာကြသည်ကို များသောအားဖြင့် တွေ့မြင်ခဲ့ရပါသည်။ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးရှေ့မှ လမ်းပေါ်ရောက် သစ်ပင်များတွင် ထင်သာမြင်သာ ရောင်ပြန်များ ကပ်ထားပေးခြင်း **(ဝဲပုံ)** နှင့် မြို့တော်ခန်းမရှေ့မှ ဝန်ထမ်းကြိုပို့ ခေတ်လွန် ယာဉ်အို ယာဉ်ဟောင်းကြီး များကို နေရာပြောင်းရွှေ့မှုများ ပြုလုပ်ပေးခြင်းတို့ကို တွေ့မြင်လာခဲ့ ရပါသည်။

နှိုးဆော်

ဤသို့ အကောင်းဆုံးသော ဆောင်ရွက်ပေးလာနိုင်မှုများအတွက် ပြည်သူများက မြန်မာ့အလင်း သတင်းစာအပေါ် ကျေးဇူးတင် တုံ့ပြန်သံများ ဝဲပျံလာသကဲ့သို့ မြန်မာ့အလင်း သတင်းစာမှလည်း မီဒီယာတို့၏ ကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြမှုအပေါ် ပြည်သူတို့၏ အသံဟု မှတ်ယူကာ ဆောင်ရွက်ပေး လာသော ဌာနဆိုင်ရာများအပေါ် ပြန်လည်ကျေးဇူးတင်လျက် ယခု ကဲ့သို့ပင် ဌာနဆိုင်ရာနှင့်မီဒီယာတို့ မြန်မာ့ဒီမိုကရေစီ လမ်းကြောင်းပေါ်၌ ဟန်ချက်ညီညီ ချီတက်ကြပါစို့ဟု နှိုးဆော်ရေးသားလိုက်ရပါသည်။

ကိုကြီးတင်



ပြည်တွင်းသတင်း

တရားရုံးများသည် ပြည်သူတို့၏ အရေးအခင်းများအတွက် နစ်နာသူများကို ကုစားပေးရန် တည်ထောင်ထားခြင်းဖြစ်

နေပြည်တော်   သြဂုတ်   ၈

ဥပဒေနှင့်တရားရုံးများသည် လူတစ်စုအတွက်၊ ပါတီနိုင်ငံရေးအတွက်၊ ချမ်းသာသူများအတွက်၊ အာဏာရှိသူများ၊ လူကုံထံများနှင့် တရားစီရင်ရန် တာဝန်ပေးအပ်၊ ခန့်အပ်ခြင်းခံရသူများအတွက် မဟုတ်ကြောင်းဖြင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့ နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ်က အဖွင့်အမှာစကားပြောကြားစဉ် အထက်ပါအတိုင်း ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုတရားသူကြီးချုပ်က ပြောကြားရာတွင် နိုင်ငံအေးချမ်းသာယာပြီး နိုင်ငံအတွက်၊ ပြည်သူအတွက်၊ အေးချမ်းသာယာသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် တရားစီရင်ရေးကဏ္ဍက ပူးပေါင်းပါဝင် အထောက်အကူပြုစေရန် ရည်သန်လျက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားရုံးများကို ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ကြောင်း။

တရားရုံးများသည်ပြည်သူတို့၏ အရေးအခင်းများအတွက် နစ်နာသူများကိုကုစားပေးရန် တည်ထောင်ထားရှိခြင်းဖြစ်ကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ လူမှုရေး၊ လူမှုဖူလုံရေး၊ နိုင်ငံရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး၊ လူ့အဖွဲ့အစည်းအရပ်ရပ်တိုင်းတွင် မရှိမဖြစ်အခြေခံလိုအပ်ချက်မှာ တရားဥပဒေစိုးမိုးရေး (Rule of Law) ပင်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် တရားရုံးများသည် တရားစီရင်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရန် အရေးကြီးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ်က

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တရားသူကြီးများ၊ တရားရေးဝန်ထမ်းများအနေဖြင့် လုပ်ငန်းတွင်ကျွမ်းကျင်ရန်၊ အရည်အချင်းပြည့်ဝရန်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ရန် အမြဲကြိုးပမ်းဆောင်ရွက်နေကြရန်ဖြစ်ကြောင်း။

နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ အခွင့်အရေးများ၊ တရားဝင်ရပိုင်ခွင့်ရှိသော နစ်နာမှုများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် စာချွန်တော်အမိန့်များကို ဥပဒေနှင့်အညီ လျှောက်ထားခွင့်ရှိကြောင်း၊ ၂၀၁၁ခုနှစ် မတ် ၃၁ရက်မှ ၂၀၁၃ခုနှစ် ဇွန် ၃၀ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားလာသည့် စာချွန်တော်အမိန့် လျှောက်ထားမှုပေါင်းမှာ ၄၃၂ မှု ဖြစ်ပြီး ကနဦးလက်ခံသင့်၊ မသင့်ကြားနာ၍ ပယ်သည့်အမှုမှာ ၂၈၆မှုနှင့် ကနဦးလက်ခံသင့်၊မသင့်ကြားနာရန် ကျန်ရှိသောအမှုမှာ ၈၄ မှုဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ်၏ ယနေ့တွင် ပြောကြားချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးဖြင့် ကြားနာခဲ့သည့်အမှုပေါင်း ၅၁မှုတွင် ပယ်သည့်အမှုမှာ ၂၁ မှုဖြစ်ပြီး စာချွန်တော်အမိန့် ထုတ်ပေးခဲ့သည့်အမှုမှာ ၃၀ဖြစ်ကြောင်း၊ ခုံရုံးဖြင့် စစ်ဆေးကြားနာရန် ၁၁ မှုကျန်ရှိကြောင်း၊ ထို့ကြောင့် စာချွန်တော်အမိန့် လျှောက်ထားမှုများအနက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ပေးခဲ့သည့် အမှုပေါင်းမှာ ၃၀ ရှိကြောင်း၊ အမှုများ စစ်ဆေးစီရင်ရာတွင် ဥပဒေအရ အဆင့်ဆင့်အယူခံဝင်ခွင့်၊ ပြင်ဆင်မှုလျှောက်ထားခွင့်ရှိပြီး အယူခံရုံး၊ ပြင်ဆင်မှုရုံးများက အောက်ရုံးများ၏ မှားယွင်းချွတ်ချော်မှုများကို ပြင်ဆင်တည့်မတ်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇွန် ၃၀ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် အမှုပေါင်း ၁၁၈၀အနက် ၁၈၄ မှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း။

အလားတူ ခရိုင်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် အမှုပေါင်း ၃၃၈၂မှုအနက် ၁၀၃၇မှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များက ပြင်ဆင်တည့်မတ်ပေးခဲ့ရပြီး မြို့နယ်တရားရုံးများ၏ စီရင်ဆုံးဖြတ်ချက်များအပေါ် လျှောက်ထားလာသည့် အမှုပေါင်း ၄၅၉၉ မှုအနက် ၁၅၅၀ကို ခရိုင်တရားရုံးများက ပြင်ဆင်တည့်မတ်ပေးခဲ့ရကြောင်း သိရှိရသည်။

ထို့ပြင် ပြည်ထောင်စုတရားသူကြီးချုပ်၏ ပြောကြားချက်ထဲတွင် ပြစ်မှုဆိုင်ရာ အမှုများမှာ ဥပဒေတစ်ရပ်ရပ်က အာမခံမပေးရဟု အတိအလင်း တားမြစ်ထားသည့်ပြစ်မှုများမှအပ အာမခံပေးရမည့် ပြစ်မှုများဖြင့် စွဲဆိုခြင်းခံရသူအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အာမခံပေးရမည်ဖြစ်ကြောင်း၊ အာမခံမပေးနိုင်သည့် ပြစ်မှုများနှင့် စပ်လျဉ်း၍ အာမခံလျှောက်ထားမှုများအပေါ် စဉ်းစားဆုံးဖြတ်ရာ၌လည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်ပါက အာမခံပေးခြင်းကိစ္စအပေါ် စဉ်းစားဆုံးဖြတ်ရန် လိုမည်ဖြစ်ကြောင်း၊ သို့ရာတွင် မှန်ကန်သော တရားစီရင်ရေးကို ပျက်ပြားအောင်ပြုမည့်သူဟု ယူဆရသူများကိုမူ အာမခံဖြင့် နေခွင့်မပြုသင့်သည့် စီရင်ထုံးများကိုလည်း သတိပြုရန်လိုကြောင်း ပါရှိသည်ကိုတွေ့ရသည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သြဂုတ် ၉ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူလူထုထံ အသိပေးအကြောင်းကြားခြင်း

၁။ နိုင်ငံတစ်ဝန်း၌ မွေးရာပါနိုင်ငံသားများအတွက် လိုအပ်ချက်များ လျော့ပေါ့/ဖြေလျော့နည်းဖြင့်နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းအား (၁-၇-၂၀၁၁) မှစ၍ မိုးပွင့်စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ရာ မိုးပွင့်အဆင့် (၄)အထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း (၃၁-၁-၂၀၁၃) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၂။ မိုးပွင့်အဆင့် (၅)၏ (၁-၄-၂၀၁၃)မှ (၃၁-၅-၂၀၁၃)အထိ နှစ်လအတွင်း နိုင်ငံတစ်ဝန်းအိမ်ထောင်စု (၇၁၅၅၀)စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း (၂၀၀၉၈၆)ပြား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ မိုးပွင့် (၁)မှ (၅)အထိ အိမ်ထောင်စုပေါင်း (၄၈၆၇၀၇)စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေါင်း (၃၄၃၁၈၂၃) ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

၄။ မိုးပွင့်အဆင့် (၅)တွင် စေတနာရှင်ပြည်သူများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပါဝင်လှူဒါန်းမှု ပိုမိုများပြားခဲ့ပါသည်။

၅။ မိမိဝန်ထမ်းများနှင့်အတူ နော်ဝေနိုင်ငံအခြေစိုက် (Norwe Gian Refugee Council -NRC)အဖွဲ့မှလည်း ကရင်ပြည်နယ် (၇)မြို့နယ်၊ ကယားပြည်နယ် (၇)မြို့နယ်၊ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၃)မြို့နယ်နှင့် မြို့နယ်ခွဲ (၂)မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) ကျောက်ကြီးနှင့် ရွှေကျင်ရှိ စီမံကိန်းစမ်းသပ်နယ်မြေဒေသ၊ မွန်ပြည်နယ် (၃)မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး (၁၀)မြို့နယ်နှင့် မြို့နယ်ခွဲ (၆) မြို့နယ်တို့တွင် စာချုပ်ချုပ်ဆိုပြီးသည့်နေ့မှစ၍ ယနေ့အထိ လူဦးရေ (၉၃၀၁၉)ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားကို One Stop Service ဖြင့် (အခမဲ့) ကွင်းဆင်းထုတ်ပေးဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။

၆။ UNHCR အဖွဲ့အစည်းမှလည်း မွန်ပြည်နယ် (၂)မြို့နယ်နှင့် ကချင်ပြည်နယ်(၂)မြို့နယ်တွင် ပြည်သူ (၅၂၉) ဦးအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ရာတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် (အခမဲ့) ဆောင်ရွက်ရေးအတွက် ပူးပေါင်းကူညီခဲ့ပါသည်။

၇။ ယခုအခါ ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် စတင်ဆောင်ရွက်မည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် မြေပြင်လုပ်ငန်းများကို ဝန်ကြီးဌာနတစ်ခုလုံး စုပေါင်းဆောင်ရွက်နေရချိန်ဖြစ်၍ မိုးပွင့်အဆင့် (၆) အားကွင်းဆင်းဆောင်ရွက်မည့်အစား ယခင်ပုံစံအတိုင်း မြို့နယ်ရုံးများတွင်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ မြေပြင်ကွင်းဆင်းသန်းခေါင်စာရင်း လုပ်ငန်းပြီးဆုံးသည်နှင့် မိုးပွင့်အဆင့်(၇)ကို ပြန်လည်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၈။ ဤဝန်ကြီးဌာန၏ ကွင်းဆင်းဆောင်ရွက်မှုများအပေါ် လိုအပ်ချက်ရှိနေခြင်း၊ မပြည့်စုံခြင်းတို့ကြောင့် တိုက်ရိုက်တိုင်ကြားနိုင်ပါကြောင်း အသိပေးချက်အရ ယနေ့အထိ တယ်လီဖုန်း/စာဖြင့် ဆက်သွယ်မှုပေါင်း ၆၅ မှုအနက် ၄၈ မှုအား ဖြေရှင်းဆောင်ရွက်ပေး၍ သက်ဆိုင်ရာ ကာယကံရှင်များထံသို့ ပြန်လည်ရှင်းလင်း အကြောင်းကြားပေးခဲ့ပြီးဖြစ်ပါသည်။ ဖြေရှင်းပေးရန် ကျန်ရှိသည့် ၁၇ မှုအား စိစစ်ဆောင်ရွက်ဆဲဖြစ်ပါသည်။

၉။ ဆောင်ရွက်ချက်များအပေါ် သိရှိလိုသည်များ၊ ကျေလည်မှု မရှိသည်များ၊ လွဲချော်နေသည်များရှိပါက နေပြည်တော်ဦးစီး(ရုံးချုပ်)ဖုန်းနံပါတ်၀၆၇-၄၃၁၀၁၆နှင့် ၀၆၇-၄၃၁၀၄၅သို့ လူကိုယ်တိုင် တိုက်ရိုက် တိုင်ကြားနိုင်ပါသည်။ ကာယကံရှင်အား ပြန်လည်ရှင်းလင်းအသိပေးနိုင်ရန်အတွက် တိုင်ကြားသူ၏လိပ်စာအပြည့်အစုံအားတစ်ပါတည်း ထည့်သွင်းဖော်ပြပေးစေလိုပါသည်။

၁၀။ ကြားပွဲစားလုံးဝမလို (မလို)ပါ။ ဝိုင်းဝန်းသတင်းပေးဖော်ထုတ်ပေးစေလိုပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်ရုံးများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

၁၂။ ဤဝန်ကြီးဌာနအနေဖြင့် ဌာနဆိုင်ရာလုပ်ငန်းများအပေါ် ပြည်သူ့လိုအပ်ချက်များ ပြည့်မီနိုင်စေရေးအတွက် စွမ်းအားပြည့် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမည်။

၁၃။ နိုင်ငံသားဖြစ်မှုသည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။သို့ပါ၍ အချက်အလက်မပြည့်စုံပါက စိစစ်ရန် လိုအပ်သည့်အချိန် ရယူရပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနီထွေး ၉/မနမ(နိုင်)၀၆၁၆၂၉၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၂၁၉၈၅

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာသတင်း

အယ်လ်ခိုင်ဒါတိုက်ခိုက်မှု စိုးရိမ် ယီမင်တပ်များ မြို့တော်တွင် ဖြန့်ကြက်

ဆာနား ဩဂုတ် ၈

ယီမင်နိုင်ငံတွင် အယ်လ်ခိုင်ဒါတို့နှင့်ဆက်နွှယ်သော တိုက်ခိုက်မှုများ ဖြစ်ပွားလာနိုင်သည့်အခြေအနေများကြောင့် သတိပေးမှုများ အမြင့်ဆုံးပြုလုပ်ထားကြောင်း၊ ယီမင်လုံခြုံရေးတပ်များကို ဖြန့်ကြက်ချထားကြောင်း ဩဂုတ် ၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မြို့တော်ဆာနားတွင် တင့်ကားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သံရုံးများ၊ အစိုးရအဆောက်အအုံများနှင့်လေဆိပ်ကို ဝိုင်းရံထားကြသည်။

အမေရိကန်က ဩဂုတ် ၄ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း ၄င်း၏သံရုံး ၂၀ ကို ပိတ်ထားပြီး ဗြိတိန်က ယီမင်မှသံရုံးဝန်ထမ်းများကို ပြန်ခေါ်ခဲ့သည်။ ၎င်းတို့၏ နိုင်ငံသားများ ယီမင်မှ အမြန်ဆုံးထွက်ခွာရန်လည်း တိုက်တွန်းလိုက်သည်။

အယ်လ်ခိုင်ဒါထိပ်တန်း တာဝန်ရှိသူနှစ်ဦး၏ ဆက်သွယ်မှုကို ကြားဖြတ်နားထောင်ခဲ့ပြီး အမေရိကန်သံရုံးများနှင့်ကောင်စစ်ဝန်ရုံးများကို ပိတ်လိုက်သည်။ ယင်းတို့အနက် အိုင်မန်းအယ်လ်ဇာဝါဟီရီလည်း ပါဝင်ပြီးတိုက်ခိုက်မှုအသစ် ထပ်မံပြုလုပ်သွားမည်ဟု ဆိုသည်။ ယီမင်မြို့တော်ဆာနားတွင် ရာနှင့်ချီသော သံချပ်ကာယာဉ်များ ဖြန့်ကြက်ကင်းလှည့်လျက်ရှိသည်။ ဆာနားတွင် အယ်လ်ခိုင်ဒါ အဖွဲ့ဝင် ဒါဇင်နှင့်ချီပြီး အဓိကတိုက်ခိုက်မှုကြီး ပြုလုပ်သွားရန် ပြင်ဆင်နေကြကြောင်း ယီမင် ထောက်လှမ်းရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။အနောက်နိုင်ငံ သံရုံးများနှင့် ယီမင်စစ်ဌာနချုပ်ကို ပစ်မှတ်ထားပြီး တိုက်ခိုက်မှုများ ပြုလုပ်နိုင်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ **(ဘီဘီစီ)**

ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲ ပြန်စရန် သဘောတူညီ နှစ်နိုင်ငံကြား စက်မှုဇုန်ပြန်ဖွင့်ရန် ရည်ရွယ်

ဆိုးလ် ဩဂုတ် ၈

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံတို့သည် တောင်ကိုရီးယားက ကေဆောင်စက်မှုဇုန် ပြန်လည် ဖွင့်လှစ်ရေး တောင်းဆိုခဲ့ပြီးနောက် ရက်ပိုင်းအကြာ ၄င်းစက်မှုဇုန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆွေးနွေးပွဲများ ပြန်စရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၇ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပြုံယမ်းက ဩဂုတ် ၁၄ ရက်တွင် ဆွေးနွေးပွဲပြန်စရန် ကမ်းလှမ်းလိုက်ကြောင်း ဩဂုတ် ၇ ရက်က ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ ၎င်းတို့၏အလုပ်သမားများ အဆိုပါစက်မှုဇုန်အတွင်း တောင်ကိုရီးယားစက်ရုံပိုင်ရှင်များနှင့်အတူ လုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နိုင်ရေးအတွက်ဖြစ်ကြောင်း ယင်းကြေညာချက်တွင်ဖော်ပြထားသည်။

နှစ်ဖက်စလုံးက လုပ်ငန်းခွင်လည်ပတ်မှုရပ်ဆိုင်းခြင်း ဖြစ်စေမည့်ကိစ္စကို တားဆီးကာကွယ်သွားရမည်ဖြစ်ကြောင်း ၄င်းကြေညာချက်တွင်ဖော်ပြသည်။ တောင်ကိုရီးယားက ယင်းသဘောတူညီချက်ကို လက်ခံလိုက်ပြီဖြစ်သည်။ ရှေ့ဆက်ပြီး လုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်အတွက် ဆွေးနွေးပွဲကို ပြန်စရန် သဘောတူလိုက်သည်။

ယခင် ဆွေးနွေးမှုများသည် လိပ်ခဲတည်းလည်းဖြင့်သာ အဆုံးသတ်ခဲ့ရသည်။ တောင်ကိုရီးယားက ယင်းစက်မှုဇုန် နောက်တစ်ဖန် ပြန်ပိတ်အောင်မလုပ်ရန် ကတိပေးရမည်ဟု တောင်းဆိုထားသည်။ သို့သော် မြောက်ကိုရီးယားက ယင်းတောင်းဆိုမှုကို ချက်ချင်းအကြောင်းမပြန်ဘဲရှိသည်။ ယင်းစက်မှုဇုန်သည် နှစ်နိုင်ငံနယ်စပ် မြောက်ကိုရီးယားနိုင်ငံထဲတွင်ရှိသည်။ ပြုံယမ်းက ဧပြီလအတွင်း ၄င်း၏အလုပ်သမားများကို ပြန်လည်ခေါ်ယူပြီးနောက် စက်မှုဇုန်ကို ပိတ်လိုက်ရသည်။ ကုလသမဂ္ဂက မြောက်ကိုရီးယား၏ ဖေဖော်ဝါရီ ၁၂ ရက် နျူကလီးယားစမ်းသပ်မှုအပေါ် အရေးယူပိတ်ဆို့မှုနှင့်အမေရိကန်- တောင်ကိုရီးယား ပူးတွဲစစ်ရေး လေ့ကျင့်မှုတို့ကြောင့် မြောက်ကိုရီးယားနိုင်ငံက ဒေါသထွက်ကာ စက်မှုဇုန်အလုပ်သမားများ ပြန်ခေါ်သွားသဖြင့် လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်။ **(ဘီဘီစီ)**

ဆိုးလ်တွင် ပြည်သူများက ကေဆောင်စက်မှုဇုန် ပြန်ဖွင့်ပေးရန် ဆန္ဒပြတောင်းဆိုနေကြစဉ်။

အမေရိကန်သမ္မတ အိုဘားမား ရုရှားသမ္မတ ဗလာဒီမာပူတင်

စနိုးဒန်းကြောင့် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲများ ဖျက်သိမ်းလိုက်ခြင်းအပေါ် ရုရှားနိုင်ငံက အမေရိကန်ကို အလွန်စိတ်ပျက်မိဟုဆို

ကရင်မလင် ဩဂုတ် ၈

ရုရှားက ထောက်လှမ်းရေးသတင်းဖွင့်ချသူ စနိုးဒန်းကိုခိုလှုံခွင့်ပေးလိုက်ပြီးနောက် အမေရိကန်က စက်တင်ဘာလ နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ ဖျက်သိမ်းလိုက်ခြင်းအပေါ် စိတ်ပျက်မိကြောင်း ကရင်မလင်က ပြောကြားလိုက်သည်။

အမေရိကန်က မျှတသောအခြေခံတစ်ခုအပေါ် ရုရှားနှင့်ဆက်ဆံရေး တိုးတက်အောင်မလုပ်နိုင်ကြောင်း ပြသလိုက်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်၏ နိုင်ငံခြားရေးအကြံပေး အရာရှိကပြောကြားလိုက်သည်။

စနိုးဒန်းကို ရုရှားက ခိုလှုံခွင့်ပေးလိုက်ခြင်းသည် နှစ်နိုင်ငံအကြား တင်းမာမှုကိုတိုးပွားစေနိုင်ကြောင်း အိမ်ဖြူတော်လက်ထောက်တစ်ဦးကပြောသည်။ သို့သော် သမ္မတအိုဘားမားသည် စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် ဂျီ-၂၀ စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် စီစဉ်နေဆဲဖြစ်သည်။

မစ္စတာ စနိုးဒန်းသည် ထောက်လှမ်းရေး ကန်ထရိုက်တာဟောင်းဖြစ်ပြီး အမေရိကန်၏ စုံစမ်းထောက်လှမ်းရေး အစီအစဉ်များနှင့် ပတ်သက်၍ မီဒီယာသို့ဖွင့်ချခဲ့ကြောင်း ဝန်ခံခဲ့သည်။ စနိုးဒန်း၏ လုပ်ရပ်သည် အပြစ်မရှိကြောင်း ရုရှားနိုင်ငံခြားရေးအကြံပေးအရာရှိ ယူရီယူရှာကော့ဗ်က ဩဂုတ် ၇ ရက်တွင် ဖြေကြားလိုက်သည်။

(ရိုက်တာ)

နိုင်ငံရေးပါတီများ ဝေဖန်ပြောဆိုခြင်းမရှိပါက ကမ္ဘောဒီးယားရွေးကောက်ပွဲ တရားဝင်ရလဒ်ကို ကြေညာမည်

ဖနောင်ပင် ဩဂုတ် ၈

နိုင်ငံရေးပါတီများ၏ စကားစစ်ထိုးခြင်းများမရှိခဲ့ပါက ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲတရားဝင်ရလဒ်ကို လာမည့် ဩဂုတ် ၁၄ ရက်တွင် အမျိုးသားရွေးကောက်ပွဲကော်မတီ အင်န်အီးစီက ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အင်န်အီးစီ၏ ဩဂုတ် ၅ ရက် အစီအစဉ်တွင် မဲဆန္ဒနယ်အလိုက် ရရှိမှုနှင့် ရွေးကောက်ခံလွှတ်တော်အမတ်များ၏ တရားဝင်ရွေးကောက်ပွဲရလဒ်ကို နိုင်ငံရေးပါတီများက စိန်ခေါ်ပြောဆိုမှုများ မရှိခဲ့လျှင် ဩဂုတ် ၁၄ ရက်တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ သို့သော်လည်း ပါတီများ၏ စကားစစ်ထိုးဝေဖန်မှုများ ပေါ်ထွက်လာပါက စက်တင်ဘာ ၈ ရက်မှသာ ရွေးကောက်ပွဲရလဒ်ကို ကြေညာပေးရန်ရှိကြောင်း ဖော်ပြထားသည်။

တရားဝင်အကြိုရလဒ်ကို ဩဂုတ် ၁၀ ရက်တွင် ထုတ်ပြန်ပေးရန်ရှိကြောင်းလည်း အင်န်အီးစီက ဆိုသည်။ ကမ္ဘောဒီးယား အထွေထွေရွေးကောက်ပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့သည်။

လက်ရှိ အာဏာရ ကမ္ဘောဒီးယားပြည်သူ့ပါတီ စီပီပီက ထုတ်ပြန်သော တရားဝင် အတည်မဖြစ်သေးသည့် ရွေးကောက်ပွဲရလဒ်အရ သက်တမ်းရှည်ဝန်ကြီးချုပ် ဟွန်ဆင်၏ စီပီပီပါတီ အနိုင်ရရှိထားသည်ဟု ဆိုသည်။

စီပီပီပါတီသည် ပါလီမန်အမတ်နေရာ ၁၂၃ နေရာတွင် ၆၈ နေရာဖြင့် အနိုင်ရရှိကြောင်း၊ မကြာသေးမီက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြည်တော်ပြန်ဝင်လာသည့် အတိုက်အခံခေါင်းဆောင်ဆမ်ရိန်းစီ၏ ကမ္ဘောဒီးယားကယ်တင်ရေးပါတီ စီအင်န်အာရ်ပီ ပါတီမှာ ၅၅ နေရာသာရရှိကြောင်း စီပီပီပါတီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့သော် စီအင်န်အာရ်ပီ ပါတီက လုံးလုံးမှုမမှန်သောဖြစ်ရပ်ဟု ယိုးစွပ်လျက် လက်ရှိရွေးကောက်ပွဲရလဒ်ကို ပယ်ချသည်။ **(ဆင်ဟွာ)**



ပြည်တွင်းသတင်း

▲ ***ရှေ့ဖုံးမှ***

ရွာတွေနဲ့ ဘောဂဝတီရပ်ကွက်က တောင်သူ ၁၆၄ ဦးပိုင်တဲ့ မြေ ၄၈၆ ဧက ပါဝင်ပါတယ်။ ကျွန်တော့်လယ်က ၁၀ ဧကပါ။ ဒီမြေတွေက အရင်ကဆို ရိုးရိုးလယ်မြေတွေပါပဲ။ မိုးကောင်းသောက် တစ်သီးပဲ စိုက်လို့ရတဲ့ လယ်တွေပေါ့။ အဲဒီတော့ တောင်သူတွေသိပ်အဆင်မပြေဘူး။ အဲဒီမြေတွေကို စိုက်ပျိုးရေးကလာပြီး အဆင့်မြင့်လယ်ယာမြေတွေအဖြစ် ဖော်ထုတ်ပေးပါတယ်။ အခုမြင်ရတဲ့အတိုင်း ဧကကွက်တွေဖြစ်လာပြီး ကုန်ထုတ်လမ်းတွေ၊ ရေသွင်းမြောင်းတွေနဲ့ စနစ်တကျဖြစ်လာပါတယ်။ ဒီလိုလုပ်ပေးတဲ့အတွက် ကျွန်တော်တို့တောင်သူတွေက တစ်ပြားမှမပေးရပါဘူး။ လမ်းဖောက်၊ ရေမြောင်းဖောက်တဲ့အတွက် မြေနည်းနည်းလျော့သွားတာပဲ ရှိပါတယ်။ ဒီမြေတွေအားလုံးကို မူလပိုင်တဲ့တောင်သူတွေဆီကိုပဲ စနစ်တကျနဲ့ပြန်လွှဲပေးပါတယ်။ အရင်က ကျွန်တော်တို့ပိုင်ဖြစ်သလို အခုဧကကွက်တွေဖော်ပြီးတော့ လည်း ကျွန်တော်တို့ပိုင်တဲ့ လယ်ပါပဲ။ ဆည်ရေသောက်လယ်ဖြစ်လာတဲ့အတွက် တစ်နှစ်သုံးသီးစိုက်နေကြပါပြီ။ ငွေရေးကြေးရေးလည်း အဆင်ပြေလာကြပါပြီ။ တောင်သူအများစုက နွေစပါး၊ မိုးစပါးနဲ့ဆောင်းမှာ မတ်ပဲစိုက်ကြပါတယ်” ဟု ပြောပြသည်။

စိုက်ပျိုး၊ ရိတ်သိမ်းမှုနဲ့ပတ်သက်၍လည်း ဦးတင်ထွန်းက“ကျွန်တော်တို့အနေနဲ့အရင်ကလို မိရိုးဖလာစိုက်နည်းအတိုင်း စပါးကိုကြဲပြီး မစိုက်တော့ပါဘူး။ အဆင့်မြင့်လယ်မြေတွေဖော်ထုတ်ပေးပြီးတဲ့နောက် စိုက်ပျိုးရေးပညာရှင်တွေက စိုက်နည်းစနစ်တွေ ပြသပေးပါတယ်။ အခု စပါးကို စနစ်တကျ အတန်းလိုက်စိုက်နေကြပါပြီ။ စိုက်တော့လည်း စက်နဲ့ပဲ စိုက်တော့တယ်။ ရိတ်တော့လည်းစက်နဲ့ပဲဗျ။ စက်တွေက စက်မှုလယ်ယာက စက်တွေပါ။ စပါးစိုက်ရင် တစ်ဧက ငွေကျပ် ၄၅၀၀၀၊ ရိတ်ရင်လည်း ငွေကျပ် ၄၅၀၀၀ ပေးရတယ်။ အရင်ကလို လူနဲ့စိုက်ရင် တစ်ဧက ငွေကျပ် ၅၅၀၀၀ ကုန်ကျပါတယ်။ ပြီးရင် တစ်ရက်မှ တစ်ဧကလောက်ပဲပြီးပါတယ်။ စက်နဲ့ စိုက်တာက တစ်နေ့ကို သုံးဧကလောက်ပြီးတယ်ဗျ။ ပြီးတော့လူနဲ့ရိတ်ရင် တစ်ဧကကို ငွေကျပ် ၆၀၀၀၀ ကုန်တယ်။ အလေအလွင့်လည်း များတယ်။ စက်နဲ့ရိတ်တာက တစ်ခါတည်းရိတ်သိမ်းခြွေလှေ့ပြီးသားဖြစ်တဲ့အတွက် ငွေကုန်သက်သာတဲ့အပြင် အလေအလွင့်လည်း နည်းသွားပါတယ်”ဟု ပြောကြားသည်။

နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးလာရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ သမဝါယမအသင်းများ ထူထောင်ပေးပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။ ညောင်ပင်ကြီးစုကျေးရွာတွင်လည်း အဆိုပါအသင်း ဖွဲ့စည်းထားပြီးကြောင်း ကြားသိရသဖြင့် အခြေအနေကို မေးမြန်းကြည့်ရာ ဦးတင်ထွန်းက“ဟုတ်ပါတယ်။ ညောင်ပင်ကြီးစုကျေးရွာစိုက်ပျိုးကုန်ထုတ် သမဝါယမအသင်းဆိုပြီး ဖွဲ့စည်းထားပါတယ်။ မြစိမ်းရောင်ကုန်ထုတ်သမဝါယမအသင်းရဲ့ အောက်မှာရှိတဲ့ အသင်းပါ။ ဒီဧက ၅၀၀ မှာလုပ်နေကြတဲ့ တောင်သူတွေနဲ့ ဖွဲ့စည်းထားတာပါ။ ဖွဲ့ထားတာ သုံးနှစ်လောက်ရှိပါပြီ။ ဒီလိုဖွဲ့ထားတော့ အသင်းသားတွေအနေနဲ့ သမဝါယမဝန်ကြီးဌာနကနေ တစ်ဧကငွေကျပ် ၅၀၀၀၀ နှုန်းနဲ့ စိုက်ပျိုးစရိတ်ချေးငွေရပါတယ်။ စိုက်ပျိုးရေးဘဏ်ကရတဲ့ချေးငွေကျပ် ၁၀၀၀၀၀ နဲ့ပေါင်းရင် စုစုပေါင်း တစ်ဧက ငွေကျပ် ၁၅၀၀၀၀ ရတာပေါ့။ တစ်ဧကစိုက်စရိတ်က ငွေကျပ် ၂၀၀၀၀၀ ကုန်ကျပါတယ်။ ဒါကြောင့် တောင်သူတွေအနေနဲ့ ငွေကျပ် ၅၀၀၀၀ လောက်ပဲ အပြင်က ရှာရတော့တယ်”ဟု ရှင်းပြသည်။

ထို့အတူ ဘောဂဝတီရပ်ကွက်မှ တောင်သူဦးထိန်လင်းကလည်း ၎င်း၏ စိုက်ပျိုးနေမှုအခြေအနေကို ဤသို့ရှင်းလင်းပြောကြားသည်။

“ကျွန်တော်က အဖေ့လယ်ကို ဦးစီးလုပ်နေတာပါ။ စုစုပေါင်း ကိုးဧကရှိပါတယ်။ အခုနွေစပါးရိတ်နေပြီ။ ပြီးရင်မိုးစပါးစိုက်တော့မယ်။ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်တုန်းကလည်း အကုန်အကျမရှိခဲ့သလို အခု ဆည်ရေသွင်းပြီးစိုက်တော့လည်း ဘာမှမပေးရပါဘူး။ စက်နဲ့စိုက်ခ၊ ရိတ်သိမ်းခပဲ ကုန်ကျပါတယ်။ စိုက်ပျိုးရတာ အရင်ကထက် အများကြီးအဆင်ပြေလာပါတယ်”။

ထိုသို့ပြောကြားနေစဉ် အောင်သုခကျေးရွာမှ ဦးထွန်းရီကလည်း စကားဝင်ထောက်သည်။

“ဟုတ်တယ်ဗျ။ အခုလယ်တွေက အဆင့်မြင့်လာတော့ အထွက်က တစ်နှစ်ထက်တစ်နှစ် ပိုတိုး တိုးလာပါတယ်။ သုံးသီးစိုက်ရလို့လည်း အကျိုးအမြတ်ပိုရလာကြပါတယ်။ ဒီလိုဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရကို ကျွန်တော်တို့တောင်သူတွေက ကျေးဇူးတင်လို့မဆုံးပါဘူး”ဟု ပြောခဲ့သည်။

အဆိုပါတောင်သူပညာပေးဧက ၅၀၀ စက်မှုလယ်ယာစံပြစိုက်ကွင်းကြီးမှာ နိုင်ငံတော်၏ စံပြစီမံကိန်းတစ်ခုအဖြစ် ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ အဆင့်မြင့် စက်မှုလယ်ယာမြေအဖြစ် ပေါ်ပေါက်လာပြီးနောက် တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်နှင့် နည်းပညာများဖြန့်ဝေပေးနေသည့် စိုက်ကွင်းကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရာတွင် ကုန်ထုတ်လမ်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ လယ်ကြားမြောင်းများပါဝင်သည့် ဧကကွက်များအဖြစ် ဖော်ထုတ်ပြီးလိုအပ်သည့် ရေပေးအဆောက်အအုံများကိုလည်း တည်ဆောက်ခဲ့ရသည်။ အကောင်အထည်ဖော်ရာတွင် ပထမအဆင့်အဖြစ် ၄၅ ဧကကို ၂၀၁၁ ခုနှစ် ဧပြီလမှာ စတင်ဆောင်ရွက်ခဲ့ပြီး မေလတွင် ဖော်ထုတ်ပြီးစီးခဲ့သည်။ ဒုတိယအဆင့်အနေဖြင့် ၄၄၁ ဧကကို ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ဆက်လက်

အောင်သုခကျေးရွာမှ တောင်သူ ဦးတင်ထွန်း ရှင်းလင်းပြောကြားစဉ်။

အောင်သုခကျေးရွာမှ တောင်သူ ဦးထွန်းရီ ရှင်းလင်းပြောကြားစဉ်။

ဖော်ထုတ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ ပြီးစီးခဲ့ကြောင်း သိရှိရသည်။

“ဒီလိုဖော်ထုတ်ခဲ့တဲ့အတွက် အရင်ကပုံစံအမျိုးမျိုးနဲ့ရှိနေတဲ့ လယ်ကွက်တွေဟာ ဧကကွက်တွေအဖြစ် စနစ်တကျပေါ်ထွန်းလာပါတယ်။ ကုန်ထုတ်လမ်းတွေကြောင့် စိုက်ပျိုးရေးထုတ်ကုန်တွေ လွယ်ကူစွာသယ်ယူပို့ဆောင်နိုင်ပြီး ရေသွင်းရေထုတ်စနစ် ကောင်းမွန်လာတဲ့အတွက် သီးနှံထွက်နှုန်းတွေလည်း ပိုမိုတိုးတက်လာပါတယ်။ ဒီစိုက်ကွင်းထဲမှာရှိတဲ့ ဒေသခံတောင်သူတွေအနေနဲ့ အရင်မိုးကောင်းသောက် တစ်သီးစားလယ်တွေကနေ အခုဆည်ရေသောက် သုံးသီးစားလယ်တွေဖြစ်လာတဲ့အတွက် သူတို့ရဲ့လူမှုစီးပွားဘဝကို သိသိသာသာ ဖွံ့ဖြိုးလာစေပါတယ်”ဟု စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လယ်ကွင်းများဆီသို့ လှည့်လည်လေ့လာပြီးနောက် စပါးပင်များကို ပျိုးဗန်းဖြင့်ပျိုးထောင်နေသည့် Green House များဘက်သို့ ရောက်ရှိခဲ့သည်။ ပျိုးထောင်သည့်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသည့် ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ထိုက်က ပျိုးထောင်နေသည့်အခြေအနေကိုရှင်းလင်းပြောကြားရာတွင် Green House တွေကိုစံနမူနာပြအဖြစ် တည်ဆောက်ထားတာဖြစ်ပါတယ်။ ဒီနှစ် မိုးစပါးရာသီမှာ ဒီဧက ၅၀၀ စိုက်ကွင်းမှာ ကောက်စိုက်စက်နဲ့ စိုက်တဲ့သုတေသနလုပ်ငန်းကို စတင်ဆောင်ရွက်နေပါတယ်။ အခြားနိုင်ငံတွေနည်းတူ ကောက်စိုက်စက်နဲ့ ကောက်စိုက်တဲ့လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ဖို့နဲ့ စက်နဲ့ ကောက်စိုက်တာဟာ လူအားနဲ့ စိုက်တာထက် ကုန်ကျစရိတ် ဘယ်လောက်သက်သာတယ်။ ဘယ်လိုအထွက်တိုးတယ်ဆိုတာကို တောင်သူတွေလက်တွေ့သိရှိနိုင်ဖို့ သုတေသနပြုနေတာဖြစ်ပါတယ်” ဟု ပြောကြားသည်။ ပျိုးထောင်နေမှုနဲ့ပတ်သက်၍လည်း “ဒီ Green House အနေနဲ့ ကောက်စိုက်စက်အတွက် လိုအပ်တဲ့ပျိုးဗန်းတွေကို ပျိုးထောင်ပေးပါတယ်။ ဒီလိုဆောင်ရွက်နေရင်းနဲ့ ကောက်စိုက်စက်နဲ့ စိုက်ချင်တဲ့တောင်သူတွေကိုလည်း ပျိုးဗန်းတွေကို ဖြန့်ဖြူးပေးပါတယ်။ လောလောဆယ် တောင်သူ ၁၅ ဦးရဲ့ ၅၅ ဧကအတွက် ပျိုးဗန်းတွေဖြန့်ဖြူးပေးပြီးပါပြီ။ ဒီ Green House ရဲ့အားသာချက်ကတော့ ကောက်စိုက်ပျိုးဗန်းတွေကို နေရာကျဉ်းကျဉ်းလေးမှာ စိုက်ဧကအများအပြားအတွက် ပျိုးထောင်ပေးနိုင်တာပဲဖြစ်ပါတယ်။ တစ်ဧကစာအတွက် ပျိုးဗန်း ၁၀၀ ပျိုးထောင်ရပါတယ်” ဟုရှင်းပြသည်။

ထိုသို့ ရှင်းပြစဉ် ဦးကျော်ထိုက်အနီးတွင်ရှိနေသူတစ်ဦးအား ဘယ်ဌာနကလဲဟု မေးမြန်းကြည့်ရာ စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သူ ဦးနိုင်ဝင်းဖြစ်ကြောင်း သိရသည်။ “စက်မှုလယ်ယာကဆိုတော့ ဒီလိုအဆင့်မြင့်စက်မှုလယ်ယာမြေအဖြစ် ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ပြောပြပေးပါဦး” ဟု ဆွေးနွေးကြည့်ရာ ၎င်းက “လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့အတွက် သမားရိုးကျလက်မှုလယ်ယာစနစ်ကနေ စက်မှုလယ်ယာစနစ်ကို မလွဲမသွေပြောင်းလဲဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲရာမှာ စက်ကိရိယာတွေကို အကျိုးရှိရှိ ထိရောက်စွာအသုံးပြုနိုင်ဖို့အတွက် သမားရိုးကျလယ်ယာမြေတွေကို ကုန်ထုတ်လမ်း၊ ရေပေးမြောင်း၊ ရေထုတ်မြောင်းတွေပါဝင်တဲ့ စက်မှုလယ်ယာဧကကွက်၊ ဟက်တာကွက်တွေအဖြစ် ပြောင်းလဲဖော်ထုတ်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် နေပြည်တော်မှာစတင်ပြီး စက်မှုလယ်ယာမြေကွက်တွေကို စံနမူနာပြအဖြစ် ဖော်ထုတ်ပေးနေခြင်းဖြစ်ပါတယ်။ ဒီစံပြလယ်ယာမြေတွေထဲမှာ ဧက ၅၀၀ စိုက်ကွင်းလည်း အပါအဝင်ဖြစ်ပါတယ်။ ဒီစိုက်ကွင်းအနေနဲ့ ကွင်းထဲမှာ လယ်ယာလုပ်ကိုင်နေတဲ့ တောင်သူတွေကို စိုက်ပျိုးမှုနည်းစနစ်တွေ ဖြန့်ဖြူးပညာပေးနေသလို အနယ်နယ်အရပ်ရပ်က လာရောက်လေ့လာသူ တွေကိုလည်း ပညာဗဟုသုတတွေကို ဖြန့်ဝေပေးနေပါတယ်။ ဒီစိုက်ကွင်းကို တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ သင်တန်းသားတွေ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ စိုက်ပျိုးရေး သိပ္ပံတွေက ကျောင်းသားတွေ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေတဲ့ကုမ္ပဏီတွေ၊ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ အခြားနိုင်ငံတွေက ဝန်ကြီးချုပ်တွေနဲ့ ဝန်ကြီးတွေ၊ နိုင်ငံခြားက စိုက်ပျိုးရေးပညာရှင်တွေ၊ အနယ်နယ်အရပ်ရပ်က တောင်သူလယ်သမားတွေ စုစုပေါင်း ၇၈၁၃ ဦး လာရောက်ကွင်းဆင်းလေ့လာခဲ့ပြီးပါပြီ။ လာရောက်လေ့လာတဲ့ အကြိမ်အရေအတွက်က ၁၂၉ ကြိမ်ရှိပြီဖြစ်ပါတယ်။

ဒီလို စံနမူနာပြလယ်ယာမြေတွေ ဖော်ထုတ်ပြီးတဲ့နောက် တစ်နိုင်ငံလုံးမှာ ပျံ့နှံ့ဆောင်ရွက်လာခြင်းအားဖြင့် မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အခုဆိုရင် နေပြည်တော်ကောင်စီနယ်မြေမှာ အဆင့်မြင့်လယ်ယာမြေ ၆၂၉၅ ဧက ဖော်ထုတ်ပြီးစီးခဲ့ပါပြီ။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆိုရင် နေရာ ၃၉ နေရာမှာ ဧကပေါင်း ၄၁၆၅၂ ဒသမ ၄ ဧက ဖော်ထုတ်ပေးပြီးဖြစ်ပါတယ်။

စက်မှုလယ်ယာမြေတွေ ဖော်ထုတ်ခြင်းအားဖြင့် တောင်သူလယ်သမားတွေရရှိလာမယ့် အကျိုးကျေးဇူးတွေကတော့ လယ်မြေရဲ့ တန်ဖိုးသိသိသာသာမြင့်တက်လာမယ်။ စိုက်ပျိုးတဲ့အခါမှာ စက်ကိရိယာတွေနဲ့ ဆောင်ရွက်နိုင်လို့ အချိန်ကုန်လူပန်းသက်သာပြီး လုပ်ငန်းပြီးစီးမှုမြန်ဆန်လာမယ်။ သီးထပ်စိုက်နိုင်ပြီး ဝင်ငွေတိုးစေမှာဖြစ်ပါတယ်။ ကုန်ထုတ်လမ်းတွေ တည်ဆောက်ထားလို့ ကောက်လှိုင်းတွေထမ်းထုတ်ရတာလို မလိုအပ်တဲ့ ထုတ်လုပ်မှုစရိတ်တွေလျှော့ချနိုင်ပါမယ်။ ရေသွင်းစနစ်တွေပါလို့ သီးနှံဖြစ်ထွန်းမှုကောင်းမွန်ပြီး အထွက်တိုးစေပါတယ်။ ကုန်ထုတ်လမ်းတွေကို ကျေးရွာချင်းဆက်လမ်းတွေအဖြစ်လည်း အသုံးပြုနိုင်လို့ ကျေးရွာအချင်းချင်းဆက်သွယ်မှု လွယ်ကူစေမှာဖြစ်ပါတယ်။ သီးနှံလေလွင့်ဆုံးရှုံးမှုကို သက်သာစေတဲ့အပြင် အရည်အသွေးကောင်း ထုတ်ကုန်များရရှိစေတဲ့အတွက် ဈေးကောင်းရရှိပြီး ဝင်ငွေပိုမိုတိုးတက်ရရှိစေမှာဖြစ်ပါတယ်”ဟု ရှင်းပြသည်။

နိုင်ငံတစ်ဝန်းရှိ ပြည်သူအများစုမှာ တောင်သူလယ်သမားများသာဖြစ်သည်။ ၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ပြီး ဝင်ငွေတိုးတက်ရရှိမှသာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာပေမည်။ တောင်သူပညာပေးဧက ၅၀၀ စက်မှုလယ်ယာစိုက်ခင်းအတွင်း စိုက်ပျိုးလုပ်ကိုင်နေကြသည့် တောင်သူများအနေဖြင့် ယခင်က မိုးကိုမျှော်ကိုးရသည့် တစ်သီးစိုက်လယ်များအဖြစ်မှ ယခုအဆင့်မြင့်လယ်ယာမြေများအဖြစ် ပေါ်ထွန်းလာသည့်အခါတွင် ဆည်ရေသောက် သုံးသီးစားလယ်များဖြစ်လာသည့်အတွက် ၎င်းတို့၏ ဝင်ငွေသည်လည်း သိသိသာသာတိုးတက်ရရှိလာကြပြီဖြစ်သည်။ ထိုသို့ ဝင်ငွေတိုးတက်မြင့်မားလာမှုကို နိုင်ငံတစ်ဝန်းရှိ ပြည်သူများ၊ အထူးသဖြင့် တောင်သူလယ်သမားကြီးများအတွက် မုဒိတာပွားများနိုင်ကြစေရန် လေ့လာရေးသားလိုက်ရပါသည်။

(ဆက်လက်ဖော်ပြပါမည်)



သတင်းဆောင်းပါး

ဆီးဂိမ်းအတွက် ယူရမည့်သင်ခန်းစာ

သတင်းဆောင်းပါး - ရဲရင့်နိုင်
တွေ့ဆုံမေးမြန်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် နေပြည်တော်ဝဏ္ဏသိဒ္ဓိကွင်းတွင်ကျင်းပခဲ့သည့် ၂၀၁၃ MNLအမှတ်ပေးပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် နေပြည်တော်-ရန်ကုန်ပွဲစဉ်မှာ ပွဲမပြီးခင် ရပ်နားခဲ့ရသည်။

ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကျင်းပမည့် ဝဏ္ဏသိဒ္ဓိကွင်းတွင်ကျင်းပခဲ့သည့် ယင်းပွဲမှာ ချန်ပီယံဆုအတွက် အရေးမပါသော်လည်း အားကုန်ထုတ်ကစားခဲ့၍ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ အိမ်ရှင် နေပြည်တော်ပရိသတ်အများအပြား လာရောက်အားပေးခဲ့သလို ရန်ကုန်ပရိသတ်များလည်း လာရောက် အားပေးခဲ့သည်။ ပွဲမစခင်ကတည်းက နှစ်ဖက်ပရိသတ်များ အပြန်အလှန် အချင်းများမှုများရှိခဲ့ပြီး ကွင်းဝန်ထမ်းလုံခြုံရေးများကိုသာ တွေ့ရသည်။

အဓိကပြဿနာမှာ၃၅ မိနစ်တွင် ရန်ကုန်အသင်းကို ကွင်းလယ်ဒိုင်က ပယ်နယ်တီပေးခဲ့ခြင်းဖြစ်သည်။ ရှုပ်ယှက်ခတ်နေသည့် အနေအထားတွင် ဒေးဗစ်ဒန်းလဲကျသည်ကို ဒိုင်က ပေးခဲ့ခြင်းဖြစ်သည်။ ပယ်နယ်တီပေးမည်ဆိုလျှင် ပွဲအစပိုင်းတွင် ကိုနေးအဒမ်မာကို နေပြည်တော် ဂိုးသမားဖျက်ထုတ်ခဲ့သည့်ဖြစ်ရပ်က ပိုပေးသင့်သည်။ တစ်ယောက်ချင်းအတွေ့တွင် ဖြစ်ခဲ့ခြင်းဖြစ်သည်။ ပယ်နယ်တီပေးသည်ကို မကျေနပ်၍ နေပြည်တော်ပရိသတ်တစ်ဦး ကွင်းထဲဝင်ပြီး ပြဿနာရှာသည်။ ယင်းပယ်နယ်တီကို ဆီဇာကန်ရာ ဂိုးဝင်သွားသည်။

ပရိသတ်များ၏ အလွန်အကျူးအားပေးမှုများ ဆက်တိုက်ဖြစ်နေချိန်မှာ ပွဲကိုဆက်ကစားသည်။ ကစားသမားအချင်းချင်းထိုးကြ၊ ကြိတ်ကြသည်။ လိုက်ဆွဲသည့်သူကိုထိုး၊ ပြဿနာတွေဖြစ်ကာ ပွဲက အကျည်းတန်သွားသည်။ ပရိသတ်အများအပြားကွင်းထဲဝင်လာပြီး ပြဿနာရှာသည်။ ကွင်းထဲသို့ အရာဝတ္ထုများဖြင့် ပစ်ပေါက်သည်။ ပိုဆိုးသည်က ထိုင်ခုံများကို ဖြုတ်ပြီးပစ်ပေါက်ကြသည်။ ပွဲကို လုံးဝရပ်နားလိုက်ရသည်။ ပွဲပြန်စ၍ မဖြစ်နိုင်သောကြောင့် ၃၇ မိနစ်သာ ကစားလိုက်ရပြီး ပွဲကိုရပ်နားလိုက်ရသည်။ ဆုပေးပွဲအခမ်းအနားလည်း မလုပ်ဖြစ်တော့။

ဆီးဂိမ်းကျင်းပမည့်မြေတွင် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ရာ ဝဏ္ဏသိဒ္ဓိကွင်းမှာလည်း အပျက်အစီးများဖြင့် အရုပ်ဆိုးသွားသည်။ ဤသည်မှာ ပြည်တွင်းကလပ်အသင်းအချင်းချင်း ကစားသည့် ပွဲသာရှိသေးသည်။ နိုင်ငံချင်းယှဉ်ပြိုင်ရသည့် ပွဲဆိုလျှင်တော့ မလွယ်။ ဆီးဂိမ်းပြိုင်ပွဲအတွက် ရင်လေးမိသည်။ ဒါမျိုးထပ်မဖြစ်အောင် လုပ်ရပေမည်။ ပရိသတ်များ အားပေးပုံ အဆင့်မီဖို့လိုသည်။ ကိုယ့်အသင်းအနိုင်ရရေးကိုပဲ အားမပေးသင့်ပေ။ ကလပ်အသင်းများ၊ ကစားသမားများသာ ပရိဆန်နေရုံနှင့်မရ။ ပရိသတ်များ ပရိဆန်မှသာ မြန်မာဘောလုံးတိုးတက်နိုင်ပေလိမ့်မည်။ အချင်းများခဲ့သည့် ကစားသမားများကိုကြည့်လျှင် လက်ရွေးစင်ဟောင်းနှင့် လက်ရှိလက်ရွေးစင်များလည်း ပါနေသည်။ ကစားသမားများမှာ ခြေစွမ်း၊ ခြေစ ကောင်းဖို့အပြင် စိတ်ဓာတ်၊ စည်းကမ်းကလည်း အရေးကြီးသည်။ နောက်ထပ်အရေးကြီးသည့်အချက်မှာ လုံခြုံရေးစနစ်ကောင်းမွန်ရန် လိုပေသည်။

ယခုဖြစ်ရပ်ကို သင်ခန်းစာယူပြီး ပိုကောင်းအောင် ပြုလုပ်ရမည်။ ပြဿနာဖြစ်၍ ပြိုင်ပွဲမလုပ်နိုင်လျှင် မြန်မာ့ဘောလုံးအနာဂတ် ပိုဆိုးသွားလိမ့်မည်။ ပြင်သင့်တာကိုပြင်၊ လုပ်သင့်တာကို ရဲရဲလုပ်မှသာ မြန်မာဘောလုံး ရှေ့ဆက်သွားနိုင်လိမ့်မည်။

ရန်ကုန်ယူနိုက်တက်အသင်းနှင့် နေပြည်တော်အသင်းတို့ ရာသီပိတ် နောက်ဆုံးပွဲစဉ်အဖြစ် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည့် ပွဲစဉ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူနှင့် သတင်းနှင့်ပြန်ကြားရေး ဒါရိုက်တာလည်းဖြစ်သူ ဦးစိုးမိုးကျော်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ အဲဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး ဘယ်လိုများသုံးသပ်မိသလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ ။ ။ ဒီပွဲက ပရိသတ်တွေအများအပြား လာရောက်အားပေးကြတဲ့ပွဲပါ။ ယှဉ်ပြိုင်ကြတဲ့ ဘောလုံးနှစ်သင်းစလုံးက အမှတ်အရ ပထမနဲ့ ဒုတိယရယူကြဖို့ သေချာနေကြတဲ့အသင်းတွေဖြစ်ပါတယ်။ နေပြည်တော်အသင်းကလည်း ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းရှုံးပွဲမရှိတဲ့ ဂုဏ်သိက္ခာအတွက် အနိုင်ရအောင် ကစားတာဖြစ်ပြီး ရန်ကုန်အသင်းကလည်း ချန်ပီယံဆိုတဲ့ ဂုဏ်သိက္ခာနဲ့အညီ နောက်ဆုံးပွဲစဉ်မှာလည်း နိုင်ပွဲနဲ့ အဆုံးသတ်ချင်တဲ့အတွက် အကောင်းဆုံးကစားဖို့ ပြင်ဆင်လာတဲ့အသင်းဖြစ်ပြီး အကောင်းဆုံးကစားခဲ့တာပါ။ ဒါပေမယ့် ပထမပိုင်းပွဲချိန် ၃၇ မိနစ်အရောက်မှာပဲ ပွဲကို ရပ်ဆိုင်းခဲ့ရပါတယ်။ ဒီလိုဖြစ်ရပ် ပေါ်ပေါက်ခဲ့တာကတော့ အချက်တွေအများကြီးကြောင့်လို့ဆိုရမှာပါပဲ။ ပယ်နယ်တီပေးခဲ့မှုကစပြီး ပရိသတ်တစ်ဦးရဲ့ အပြုအမူကို တားဆီးဖို့ကြိုးစားရာကစလို့ အခုလိုဖြစ်ရပ်တွေဖြစ်ပေါ်ခဲ့တာပါ။

မေး ။ ။ နေပြည်တော်အသင်းရဲ့ အိမ်ကွင်းမှာ မကျင်းပဘဲ အခုလို ဝဏ္ဏသိဒ္ဓိကွင်းမှာကျင်းပတာက ဘယ်လိုကြောင့်များလဲဆိုတာ သိရှိလိုပါတယ်။

ဖြေ ။ ။ ပရိသတ်တွေအပေါ် ထားရှိတဲ့ စေတနာကြောင့်ဖြစ်ပါတယ်။ နှစ်သင်းစလုံးက ခြေစွမ်းထက်မြက်တဲ့အသင်းတွေဖြစ်တဲ့အပြင် ဆုပေးပွဲအစီအစဉ်တွေလည်း ဆက်တိုက်ကျင်းပမှာမို့ ပရိသတ်တွေ ပိုမိုကြည့်ရှုနိုင်အောင်နဲ့ အဆင့်အတန်းမြင့်မြင့် ကြည့်ရှုနိုင်အောင် အခုလို ဝဏ္ဏသိဒ္ဓိကွင်းမှာ ပြောင်းရွှေ့

ဦးစိုးမိုးကျော်

ဦးကျော်လင်းထွေး

ကျင်းပတာဖြစ်ပါတယ်။ ပရိသတ်တွေကိုတော့ အပြစ်မဆိုချင်ပါဘူး။ ဆူပူခဲ့တဲ့ ပရိသတ်က ၅၀ လောက်ရှိခဲ့တာကို ထိန်းချုပ်နိုင်မှုအားနည်းခဲ့တဲ့အပိုင်းလည်း ပါဝင်ပါတယ်။ လုံလောက်တဲ့ လုံခြုံရေးနဲ့ထိန်းသိမ်းမှုအပိုင်း ပီပြင်ရင် ဒီလိုဖြစ်ရပ် မဖြစ်ပွားနိုင်ဘူးလို့ ယူဆပါတယ်။

မေး ။ ။ ဘောလုံးသမားတွေအချင်းချင်းပြဿနာဖြစ်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အရေးယူအပြစ်ပေးဖို့ရှိပါသလား။

ဖြေ ။ ။ ဒီဖြစ်ရပ်အပေါ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဓာတ်ပုံ၊ ဗီဒီယို မှတ်တမ်းစတဲ့ မှတ်တမ်းမှတ်ရာတွေကို ပြန်လည်ကြည့်ရှုစစ်ဆေးမှာဖြစ်ပါတယ်။ ဒါကို စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဆောင်ရွက်မှာဖြစ်ပြီး ပြစ်မှုကျူးလွန်တဲ့ဘောလုံးသမားတွေ၊ နည်းပြတွေကို ပြစ်ဒဏ်ချမှတ်ဖို့တော့ အဖွဲ့က ဆောင်ရွက်မှာဖြစ်ပါတယ်။ ပွဲပယ်၊ ပွဲပိတ်၊ ဒဏ်ငွေ စတဲ့ဘောလုံးစည်းမျဉ်းဥပဒေအတိုင်း လုပ်ဆောင်ပါလိမ့်မယ်။ ဒါ့အပြင် ဒီနှစ်ဘောလုံးရာသီပြီးသွားပြီဖြစ်လို့ အသင်းတွေကို အမှတ်ဖြတ်၊ အမှတ်လျှော့တာတွေ မလုပ်နိုင်တော့ပေမယ့် နောက်နှစ်ဘောလုံးရာသီမှာ အကျိုးသက်ရောက်မှုရှိကောင်းရှိနိုင်ပါတယ်။ ဒါက ကျွန်တော်ယူဆတာပါ။ စည်းရုံးရေး၊ သတိပြုဆင်ခြင်နိုင်ရေးအသွင်ဆောင်တဲ့ ပြစ်ဒဏ်တွေဖြစ်နိုင်ပါတယ်။

မေး ။ ။ ဒီလိုအဖြစ်အပျက်တွေ ထပ်မံမပေါ်ပေါက်အောင် ဘယ်လိုဆောင်ရွက်သင့်ပါသလဲ။

ဖြေ ။ ။ လုံခြုံရေးအစီအစဉ် ကောင်းမွန်ဖို့လိုပါတယ်။ ကလပ်အသင်းတွေကလည်း ကိုယ့်ပရိသတ်ကို စည်းရုံးမှုကောင်းဖို့၊ စီမံမှုကောင်းဖို့လိုပါတယ်။ ပရိသတ်တွေကလည်း အချင်းချင်းထိန်းသိမ်းဖို့ ကိုယ့်ပရိသတ်အုပ်စုအဖွဲ့နဲ့ကိုယ် ဆင့်ပွားထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကလည်း ပညာပေးမှု၊ လှုံ့ဆော်မှု၊ စည်းရုံးမှုတွေထပ်မံပြုလုပ်ပေးဖို့ ဆောင်ရွက်ရဦးမှာဖြစ်ပါတယ်။ အားလုံးစုပေါင်းပြီး ဆောင်ရွက်မှုရပါလိမ့်မယ်" ဟု ပြောကြားသွားသည်။

ဆက်လက်ပြီး ရန်ကုန်ယူနိုက်တက်အသင်းတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရန်ကုန်ယူနိုက်တက်ဘောလုံးကွင်းသို့ သွားရောက်ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှ အထွေထွေမန်နေဂျာ ဦးကျော်လင်းထွေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး ။ ။ အဲဒီနေ့ဘောလုံးပွဲမှာ ရန်ကုန်အသင်းပရိသတ်တွေရဲ့ အနေအထားကို ပြောပြပေးပါဦး။

ဖြေ ။ ။ ဒီပွဲကို အားပေးတဲ့ပရိသတ်တွေထဲမှာ ရန်ကုန်အသင်းပရိသတ်က ၁၈၀၀ ခန့်ရှိပါတယ်။ ရန်ကုန်ကပရိသတ် ၁၃၀၀ နဲ့ နေပြည်တော်မှာရှိတဲ့ ပရိသတ် ၅၀၀ တို့ဖြစ်ပါတယ်။ ရန်ကုန်ပရိသတ်တွေရော ကစားသမား၊ နည်းပြ၊ အုပ်ချုပ်သူတွေကို စုစုပေါင်း ကား ၂၉ စီးနဲ့ ခေါ်ဆောင်လာခဲ့တာပါ။ ရန်ကုန်ပရိသတ်တွေကို စည်းရုံးမှု၊ စီမံမှုကောင်းကောင်းနဲ့ အားပေးစေခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘောလုံးပွဲ လာကြည့်တဲ့ နှစ်ဖက်ပရိသတ်ဆိုတာ အမျိုးမျိုးရှိနိုင်တာဆိုတော့ ထိန်းသိမ်းနိုင်ဖို့တော့လိုပါတယ်။

မေး ။ ။ အဲဒီနေ့ဖြစ်ရပ်အပေါ် ဘယ်လိုထင်မြင်မိသလဲဆိုတာ သိလိုပါတယ်။

ဖြေ ။ ။ အဲဒီနေ့ကဘောလုံးပွဲမစတင်မီကတည်းက နှစ်ဖက်ဘောလုံးသမားတွေ သွေးပူလေ့ကျင့်ခန်းပြုနေချိန်မှာပဲ ရေသန့်ဘူးတွေနဲ့ ပစ်ပေါက်နေခဲ့တာပါ။ အဲဒီလိုပြုမူတဲ့သူတွေကနှစ်ဖက်ပရိသတ်ကြား ကန့်သတ်နေရာမှာ Gold Camp က ပရိသတ်တွေနေရာချထားပေးတဲ့အထဲမှာ နေပြည်တော်ပရိသတ် ၃၀ လောက် ရောက်ရှိနေပြီး သူတို့က စတင်ပြဿနာဖြစ်ပွားခဲ့တယ်လို့ ဆိုရမှာပါ။ အဲဒီအချိန်မှာ လုံခြုံရေးက ထိထိရောက်ရောက် ထိန်းသိမ်းနိုင်ခဲ့ရင် ဒီလိုမဖြစ်ပေါ်နိုင်ပါဘူး၊ ပြဿနာမဖြစ်ခင်ကတည်းက ဟန့်တားထိန်းချုပ်နိုင်ရင် ဒီလောက်အထိ မဆိုးရွားနိုင်ပါဘူး။

မေး ။ ။ ကလပ်အသင်းအနေနဲ့ ပြဿနာဖြစ်ပွားခဲ့တဲ့ ဘောလုံးသမားတွေကို အပြစ်ပေးဖို့ ရှိပါသလား၊ ကလပ်အတွင်းစည်းကမ်းပိုင်းအနေနဲ့ပေါ့။

ဖြေ ။ ။ လောလောဆယ်တော့မရှိပါဘူး၊ ဘောလုံးပွဲအတွင်းမှာ နိုင်လိုစိတ်ပြင်းထန်တတ်တဲ့သဘာဝအရ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဖြစ်ရပ်တွေဟာ နိုင်ငံတကာမှာလည်း ရှိနေတာပါ။ ဒါပေမယ့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီကတော့ စစ်ဆေးမှုတွေ၊ အပြစ်ပေးမှုတွေရှိနိုင်ပါတယ်။ နောက်ပြီး ကလပ်အသင်းတွေအနေနဲ့ ကိုယ့်ပရိသတ်ကို ကိုယ့်စီမံထိန်းသိမ်းမှုအပိုင်း ပိုမိုပြုလုပ်သင့်တယ်လို့ ထင်ပါတယ်။ ဒါဟာ လာမယ့်ဆီးဂိမ်းအတွက် သင်ခန်းစာတစ်ရပ်အဖြစ် ယူဆသင့်ပါတယ်။ မြန်မာဘောလုံးအသင်းအချင်းချင်းကစားတဲ့ပွဲထက် နိုင်ငံအချင်းချင်းကစားတဲ့ပွဲတွေက ပိုပြီးဂရုစိုက်ရမှာပါ။ ဒါဟာ ကျွန်တော်တို့အတွက် သင်ခန်းစာအဖြစ်ယူပြီး ဒီလိုမဖြစ်အောင် ဘယ်လိုဆောင်ရွက် ပြင်ဆင်မလဲဆိုတာကိုပဲ လုပ်ရတော့မှာဖြစ်ပါတယ်" ဟု ဖြေကြားသွားသည်။

ယင်းနောက် နေပြည်တော်အသင်းတာဝန်ရှိသူများနှင့် ဆက်သွယ်မေးမြန်းရာတွင် နေပြည်တော်အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းနှင့် တွေ့ဆုံခဲ့ရသည်။

မေး ။ ။ အဲဒီနေ့ပွဲနဲ့ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်အပေါ် အမြင်ကိုသိပါရစေ။

ဖြေ ။ ။ အဲဒီနေ့ကပွဲက ပွဲကောင်းတစ်ပွဲပါ။ နှစ်သင်းစလုံးကလည်း အားကြိုးမာန်တက်အကြိတ်အနယ်ကစားခဲ့ကြပါတယ်။ တကယ်တော့ ဒီပွဲက ဘယ်ဘက်က နိုင်နိုင် ရှုံးရှုံး အဖြေထွက်ပြီးသားပွဲပါပဲ။ ဒီလိုအခြေအနေ အပေါ်မှာ ဒိုင်လူကြီးက လိမ္မာပါးနပ်စွာနဲ့ ပွဲကိုထိန်းသွားမယ်ဆိုရင် ထိန်းသွားနိုင်ပါတယ်။ အဲဒါကို ပယ်နယ်တီပေးလိုက်တာကစပြီး ပွဲဆူသွားတာပါ။

မေး ။ ။ နောက်မကြာခင် ကျင်းပမယ့်ပွဲတွေမှာ အသင်းကို ဘယ်လိုထိန်းသိမ်းသွားမလဲ။

ဖြေ ။ ။ ပြိုင်ပွဲတွေမှာ စည်းကမ်းထိန်းသိမ်းမှုအပိုင်းက အသင်းအတွက်ရော ပရိသတ်အတွက်ပါ အရေးပါ ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ စည်းကမ်းပိုင်းကောင်းမွန်တဲ့ အသင်းတစ်သင်းဖြစ်အောင် ထိန်းသိမ်းသွားမှာ ဖြစ်သလို ပရိသတ်ကလည်းပဲ ဘယ်သူမှမထိခိုက်အောင် အားပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားလိုပါတယ်ဟု ဖြေကြားသွားသည်။

အဆိုပါ ဘောလုံးပွဲလုံခြုံရေးဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်းရာ တာဝန်ရှိသူတစ်ဦးက "နေပြည်တော်ကောင်စီနယ်မြေမှာ ခုလို ကလပ်အသင်း ဘောလုံးပွဲတွေ ကျင်းပရာမှာ ရဲတပ်ဖွဲ့လုံခြုံရေးဆောင်ရွက်ပေးဖို့ တာဝန်ပေးအပ်ထားခြင်းမရှိပါဘူး။ သို့သော် ရဲတပ်ဖွဲ့အနေနဲ့ အခြေအနေအရ လိုအပ်လာရင်လုံခြုံရေးဆောင်ရွက်ပေးနိုင်ဖို့အတွက် သက်ဆိုင်ရာရဲစခန်းများမှာသာ အင်အားစုဖွဲ့ပြီး အသင့်အနေအထား တာဝန်ချထားမှု ရှိခဲ့ပါတယ်။

"အဲဒီနေ့ ပွဲစဉ်မှာ ကွင်းတွင်းလုံခြုံရေးတာဝန် ချထားခြင်းမရှိသော်လည်း လိုအပ်လျှင်အကူအညီပေးနိုင်ဖို့ အရန်အဖြစ် ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးပြီး ရဲတပ်ဖွဲ့ဝင် ၅၅ ဦးကို အသင့်စုဖွဲ့ထားခဲ့ပါတယ်။ အဲဒီလို ကြိုတင်စုဖွဲ့ထားတဲ့အတွက် ရန်ပွဲဖြစ်ပွားလို့ ပွဲရပ်တန့်ပြီး ၁၅ မိနစ်အတွင်း ချက်ချင်းပဲ ရဲတပ်ဖွဲ့ဝင်များက ကားခြောက်စီးနဲ့ ဘောလုံးကွင်းထဲ ရောက်ရှိထိန်းသိမ်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

"ရန်ကုန်အသင်းပြန်လည်ထွက်ခွာချိန်မှာလည်း ရန်ကုန်အသင်းရဲ့ ပထမယာဉ်တန်း ၂၄စီးကို နေပြည်တော်ရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်း ဦးစီးပြီးတော့၊ ဒုတိယယာဉ်တန်း ၁၀စီးကို တပ်ဖွဲ့မှူး ရဲမှူးကြီး အောင်အောင် ဦးစီးပြီး လိုက်ပါစောင့်ကြပ်ပို့ဆောင်ပေးခဲ့ပြီး ည ၉ နာရီ ၄၅ မိနစ်မှာ နေပြည်တော်အထွက် အဝေးပြေးလမ်းမကြီး Toll Gate ကို လုံခြုံစွာရောက်ရှိပို့ဆောင်ပေးနိုင်ခဲ့ပါတယ်"ဟု ပြောကြားသည်။

(မြန်မာ့အလင်း)







အမည်ပြောင်းခြင်း

ဦးအောင်မျိုးသူ၏သမီး ရန်ကုန်မြို့၊ အထက(၅)ဗိုလ်တထောင် ဆဋ္ဌမတန်း (B)မှ မမေသဥ္ဇာထူးအား မမြင့်မြတ်ဖြိုး ဟု ပြောင်းလဲခေါ်ပါရန်။

တစ်ဦးတည်းဖြစ်ပါကြောင်း

မြောက်ဦးမြို့၊ ဦးစောရွှေမောင်၏ သမီး မသန်းအိစိုင် ၁၁/မဥန(နိုင်) ဝ၈၆၂၇၆နှင့် မစောအိစိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က) ဦးထွေးလှ	ညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နယ်စပ်ရေးရာဝန်ကြီးဌာန
(ခ) ဦးသန်းထွန်း	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့လေကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန
(ဂ) ဦးကျော်ဆန်း	ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုရှေ့နေချုပ်ရုံး

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အား ယင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၉

၂၀၁၃ ခုနှစ် ဩဂုတ် ၉ ရက်တွင် ကျရောက်သော စင်ကာပူသမ္မတနိုင်ငံ၏ (၄၈)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကေရှန်မူဂန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဧရိယာအတွင်းပါဝင်သွားသော စိုက်ပျိုးမြေများအတွက် မြေယာလျော်ကြေး၊ သီးနှံနစ်နာကြေးနှင့် မြေအောက်ရေတွင်းများအတွက် လျော်ကြေးငွေများကို စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထုတ်ယူကြရန် တိုက်တွန်းနှိုးဆော်

နေပြည်တော် ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်း ပါဝင်သွားသော စိုက်ပျိုးမြေများအတွက် မြေယာလျော်ကြေးများ၊ နှစ်ရှည်သီးနှံပင်များအတွက် သီးနှံနစ်နာကြေးများနှင့် ဒေသခံတောင်သူပိုင်မြေအောက်ရေတွင်းများအတွက် လျော်ကြေးငွေများကို ၂၀၁၃ ခုနှစ် မတ်လ ၁၆ ရက်နေ့မှစတင်၍ ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် ထုတ်ပေးလျက်ရှိရာ ငါးလခန့်ကြာမြင့်ခဲ့ပြီဖြစ်သည်။

လျော်ကြေးများ၊ နစ်နာကြေးများ အဆင်ပြေချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့သည် ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် မြေပိုင်ဆိုင်မှုအငြင်းပွားမှုများ၊ မြေယာလျော်ကြေးငွေပေးအပ်မှု ကန့်ကွက်မှုများကို လက်ခံ၍ မြေယာမှုခင်းများ စစ်ဆေးရေးအဖွဲ့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဝန်ထမ်းများပါဝင်သော အဖွဲ့ (၆)ဖွဲ့ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေး၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြေအောက်ရေတွင်းများကိုလည်း အဆိုပါအဖွဲ့ (၆)ဖွဲ့မှ သွားရောက်စစ်ဆေး၍ လျော်ကြေးများ ထုတ်ပေးပြီးဖြစ်သည်။

မြေယာလျော်ကြေး ထုတ်ပေးရေးအဖွဲ့အနေဖြင့်လည်း ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် နေ့စဉ် (အစိုးရရုံးပိတ်ရက်များမှအပ) ထုတ်ပေးလျက်ရှိရာ မြေယာလျော်ကြေး၊ သီးနှံနစ်နာကြေးနှင့် မြေအောက်ရေတွင်းများအတွက် လျော်ကြေးငွေများကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ထုတ်ယူကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။

ငွေကြေးထုတ်ယူမှု အဆင်ပြေစေရန်အတွက် စီမံကိန်းနယ်မြေအနီးရှိ ဆည်တဲ-ဇီးတော ကျေးရွာသစ်စခန်းတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်၍ ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လျော်ကြေးများ၊ နစ်နာကြေးများ ထုတ်ယူသည့်တောင်သူများအနေဖြင့် အခက်အခဲတစ်စုံတစ်ရာရှိပါက ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ထားရှိသော မြေယာမှုခင်းများစစ်ဆေးရေးအဖွဲ့နှင့် မြေယာလျော်ကြေးထုတ်ပေးရေးအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

● *ပြည်ထောင်စုလွှတ်တော်မှ*

တိုက်တွန်းချက်များအား အလေးထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရိန်ဇော်က အဆိုပါအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ရှင်းလင်းတင်ပြ

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လပတ်(အောက်တိုဘာလမှ မတ်လထိ)အတွက် အမျိုးသားစီမံကိန်းအကောင်အထည်ဖော်မှုအစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အကောင်အထည်ဖော်မှုအစီရင်ခံစာကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ရီရီမြင့်တင်သွင်းထားသည့် အခွန်အကောက်နှုန်းထားတိုးခြင်း၊ လျော့ခြင်း၊ အခွန်အကောက်အသစ်တီထွင်ကောက်ခံခြင်းတို့ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၃)ဦးတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်နာယကက မိမိတို့လွှတ်တော်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးဖြစ်ပါကြောင်း၊ ဥပဒေပြုရေးဆိုသည်မှာ ဥပဒေပြုရန်နှင့် ဥပဒေပြဋ္ဌာန်းရန်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်သည် ဥပဒေပြုရေးတာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဥပဒေပြုနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်မှသာ၊ ဥပဒေပြုနိုင်မှသာ၊ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကိုဖြစ်စေသော ဥပဒေများပြုနိုင်မှသာ သို့တည်းမဟုတ် တရားမျှတသော ဥပဒေများ၊အများလိုက်နာနိုင်သော ဥပဒေများပြုနိုင်မှသာ မိမိတို့၏ တာဝန်ကျေပွန်မည်ဖြစ်ကြောင်း၊ မည်သည့်ဥပဒေမဆို ပြဋ္ဌာန်းရန် အမြင့်ဆုံးသော ပြည်ထောင်စုလွှတ်တော် ဥပဒေပြုရေးအဖွဲ့တွင် တာဝန်ရှိပါကြောင်း၊ မိမိတို့သည် ဘာလဲ ဥပဒေပြုရေးအဖွဲ့၊ မိမိတို့၏တာဝန်သည် ဘာလဲ ဥပဒေပြုရန်တာဝန်၊ မိမိတို့၏လုပ်ပိုင်ခွင့်သည် ဥပဒေပြုရေးတာဝန်ကို စီရင်နိုင်ရန် လုပ်ပိုင်ခွင့်တာဝန်ကို ရရှိထားပါကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ကိုတာဝန်ကျေအောင် ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တာဝန်ကျေချင်လျှင် လုပ်ပိုင်ခွင့်ကို မှန်မှန်ကန်ကန်အသုံးပြုရန်၊ တာဝန်ခံရန်နှင့် တာဝန်ယူရန်လိုကြောင်း၊ မှားခြင်းမှန်ခြင်းအတွက် တာဝန်ခံရမည်ဖြစ်ကြောင်း၊ သို့ရာတွင် မမှားအောင်လုပ်ရန်လိုအပ်ပါကြောင်း၊ ၎င်းကို ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အလေးအနက်ထားစဉ်းစားရန်လိုကြောင်း၊ မိမိတို့သည် နိုင်ငံနှင့် နိုင်ငံသားများအတွက် အကျိုးစီးပွားဖြစ်သည့် ဥပဒေများပြဋ္ဌာန်းပေးရန်၊ နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းပေးရန် တာဝန်ဖြစ်ကြောင်း၊ ထိုတာဝန်များကို မိမိတို့လက်ထက်တွင် ကျေပွန်အောင် လုပ်ရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

တင်ပြလာ

ယင်းအဆိုနှင့် ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းက "အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်တွေကို စနစ်တကျဖြစ်ဖို့ လိုပါတယ်။ အခွန်ဟာ ကျွန်တော်တို့တိုင်းပြည်ရဲ့ နိုင်ငံတော်ဘဏ္ဍာငွေတွေနဲ့ တိုက်ရိုက်ပတ်သက်ပါတယ်။ အခွန်ငွေတွေရရှိမှုအပေါ်မှာလည်း နိုင်ငံတော်က ဘာတွေသုံးစွဲနေလဲဆိုတာကို ပြည်ထောင်စုလွှတ်တော်ကြီးက သိအောင် အမြဲတမ်းကြိုးစားနေပါတယ်။ ဒီဘတ်ဂျက်တွေကို ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်စတဲ့ ကဏ္ဍတွေမှာ ဘယ်လိုအသုံးပြုနေသလဲဆိုတာတွေကိုပါ သိအောင်ကြိုးစားပါတယ်။ တစ်ဖက်က အခွန်အကောက်တွေ မှန်မှန်ကန်ကန်ရရှိဖို့ ကြိုးစားနေသလို တစ်ဖက်ကလည်း အခွန်အကောက်တွေ ဆတိုးသွားတဲ့အပေါ် ပြည်သူလူထုက ပြောတာတွေရှိပါတယ်။ အဲဒါက ငွေကြေးတန်ဖိုးအပေါ် လိုက်ပြီး တိုးတက်သွားတာပါ။ အဆတစ်ရာ၊ တစ်ထောင်စသည်ဖြင့် တိုးတဲ့အပေါ် ပြည်သူက ပြန်လည်စိစစ်ပေးဖို့တင်ပြလာပါတယ်။ ကျွန်တော်တို့ ကော်မတီက အခွန်အပေါ် လျှော့သင့်တာတွေ လျှော့နိုင်ဖို့ ပြည်သူလူထုဘက်ကလည်း လိုက်ပါဆောင်ရွက်နိုင်ဖို့လိုပါတယ်" ဟု ၎င်းအမြင်ကို ပြောပြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

(၄၆)နှစ်မြောက် အာဆီယံနေ့ အခမ်းအနားကို နံနက် ၈ နာရီခွဲတွင် အာဆီယံသီချင်းဖြင့် ဖွင့်လှစ်ပြီး မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက ASEAN:We Are One သီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့သည် အရှေ့တောင်အာရှ နိုင်ငံများအသင်း **(အာဆီယံ)**ကို ထူထောင်ခဲ့သည့် (၄၆)နှစ်မြောက်နေ့ ဖြစ်ပါကြောင်း၊ **"အာဆီယံနေ့"** ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်ရှိ အာဆီယံသံရုံးများ၌ သိုက်သိုက်ဝန်းဝန်းကျင်းပကြပြီး မင်္ဂလာရှိသောနေ့ရက်ဟု သတ်မှတ်ကြပါကြောင်း။

လွန်ခဲ့သည့်(၄၆)နှစ်က "အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း" စသော အရှေ့တောင်အာရှနိုင်ငံ ငါးနိုင်ငံသည် အာဆီယံဟုခေါ်သည့် ဒေသဆိုင်ရာအဖွဲ့အစည်းကို ထူထောင်ခဲ့ကြပါကြောင်း။

ထိုစဉ်က အဖွဲ့ကို စတင်ထူထောင်သူများအနေဖြင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းတည်ငြိမ်သည့်ဒေသကို တည်ဆောက်နိုင်ကြလိမ့်မည်ဟု မျှော်မှန်းခဲ့ကြပါကြောင်း၊ အာဆီယံအသင်း၏ အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘရူနိုင်းနိုင်ငံသည် ၁၉၈၄ ခုနှစ်၊ ဗီယက်နမ်နိုင်ငံသည် ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံက ၁၉၉၉ ခုနှစ်တို့တွင် ပါဝင်လာခဲ့ကြပါကြောင်း။

အာဆီယံသည် ၁၉၉၇ခုနှစ်တွင် အာဆီယံမျှော်မှန်းချက် (၂၀၂၀) ကို ချမှတ်နိုင်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်သောအဖွဲ့အစည်းမှ ပေါင်းစည်းသည့် အာဆီယံအသိုက်အဝန်းတစ်ရပ်ကို ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံ အသီးသီး၊ အဖွဲ့အစည်းအသီးသီးမှ အာဆီယံကို ကမ္ဘာပေါ်တွင် တိုးတက်မှု အမြန်ဆုံးနှင့် ပေါင်းစည်းနိုင်စွမ်းအရှိဆုံး ဒေသဆိုင်ရာ အဖွဲ့အစည်းတစ်ခုအဖြစ် လက်ခံလာကြပါကြောင်း။

ဒေသတွင်း ပေါင်းစည်းရေးသာမက၊ အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အာဆီယံအပေါင်းသုံး အစည်းအဝေး၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ အာဆီယံကာကွယ်ရေး ဝန်ကြီးများ အစည်းအဝေးစသော ဒေသဆိုင်ရာ ယန္တရားအသစ်များကိုလည်း ဦးဆောင်နေပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သည့်(၁၆)နှစ်က အာဆီယံထဲကို ဝင်ရောက်သည့် အချိန်မှစပြီး အာဆီယံ၏ လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့ပါကြောင်း၊ အာဆီယံသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ အကောင်အထည်ဖော်မှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ အာဆီယံနှင့်အတူ အာရှငွေကြေးအကျပ်အတည်း၊ မီးခိုးမြူပြဿနာ၊ SARS ရောဂါကျရောက်မှုစသောအခက်အခဲအကျပ်အတည်းများကို အောင်မြင်ကျော်လွှားခဲ့ပါကြောင်း၊ တစ်ချိန်တည်းတွင် ပြည်တွင်းပြုပြင်ပြောင်းလဲမှုများကိုလည်း တစိုက်မတ်မတ်ဆောင်ရွက်နိုင်ခဲ့ရာ အာဆီယံပဋိညာဉ်စာတမ်းတွင် အခြေခံမူများဖြစ်သော ဒီမိုကရေစီစနစ်သို့ ဦးတည်အသွင်ကူးပြောင်းမှု၊လူ့အခွင့်အရေးကို မြှင့်တင်လေးစားလိုက်နာမှု၊ ဈေးကွက်ကို အခြေခံသည့် စီးပွားရေးစနစ် ပြုပြင်ပြောင်းလဲမှု၊ မြင်သာထင်သာရှိမှု၊ ပဋိပက္ခများငြိမ်းချမ်းစွာ အဖြေရှာမှု၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်မှု၊ အုပ်ချုပ်မှုနည်းလမ်းကောင်းများကျင့်သုံးမှု စသည်တို့ကို ဖြည့်ဆည်းပေးနေပါကြောင်း။

အာဆီယံသည် နိုင်ငံရေးစနစ်မျိုးစုံ၊ စီးပွားရေးစနစ်မျိုးစုံ၊ ကိုးကွယ်ယုံကြည်မှု စနစ်မျိုးစုံ၊ ယဉ်ကျေးမှုအမျိုးမျိုးနှင့်လူမျိုးစုမျိုးစုံပါဝင်သော ကွဲပြားခြားနားသည့် အသိုက်အဝန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းကွဲပြားခြားနားမှုမှ သွေးစည်းညီညွတ်မှု ရရှိရန် ထူးခြားသော ယဉ်ကျေးမှုများကို မြှင့်တင်ဆောင်ရွက်သွားကြပြီး ဘာသာရေးအရကွဲပြားနေသော်လည်း ညီညွတ်မျှတစွာနေထိုင်ကြရေးကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှုကို အလေးအနက်ဂရုပြုပြီး သဘာဝဘေးအန္တရာယ်များကို မိမိတို့၏ စုစည်းမှုနှင့် ကြံ့ကြံ့ခိုင်တွန်းလှန်ကြရမည်ဖြစ်ပါကြောင်း။

ထို့အပြင် အာဆီယံကို ကရုဏာတရားထွန်းကားပြီး တစ်ဦးနှင့်တစ်ဦး စောင့်ရှောက်မှုရှိသော လူမှုရေးအသိုက်အဝန်းအဖြစ် ထူထောင်ရမည်ဖြစ်ပါကြောင်း၊ ယခုနှစ် အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံ၏ ဦးဆောင်မှုအောက်တွင် " Our People, Our Future, Together " ဆိုသည့် ဆောင်ပုဒ်နဲ့အညီ အာဆီယံပေါင်းစည်းမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများကို အခြေခံသော အာဆီယံအသိုက်အဝန်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုကို မြန်မာနိုင်ငံက အပြည့်အဝထောက်ခံပါကြောင်း။

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရသည့် အခွင့်အရေးကို ရယူခြင်းအားဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ပြည်သူများ၏ လူနေမှုအဆင့်မြင့်မားမှုကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤမျှော်မှန်းချက်များ ရရှိရေးအတွက် ပြည်သူတစ်ရပ်လုံးက ကျယ်ပြန့်သောအမြင်ဖြင့် အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ သဝဏ်လွှာကို ဖတ်ကြားပြီး ၂၀၁၃ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီဟင်းဒါတိုရာဟမ်နီဗဆာ (H.E.Mr.Pehin Dato Rahmani Basir) က အမှာစကားပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ယဉ်ကျေးမှုရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးတို့က (၄၆)နှစ်မြောက် အာဆီယံနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲမှ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆုရကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် အာဆီယံယဉ်ကျေးမှုပစ္စည်းများအား ကြည့်ရှုသည်။

ယနေ့အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့်သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၁၅/၂၀၁၃)

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

၁၃၇၅ ခု၊ ဝါခေါင်လဆန်း ၂ ရက်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း

အတည်ပြုပြဋ္ဌာန်းရေးကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိရန် သတင်းထုတ်ပြန်ခြင်း

၁။ **လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်း**ကို (၄-၇-၂၀၁၂) ရက်တွင်ကျင်းပသော ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့၌ အမျိုးသားလွှတ်တော်ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်းက အဆိုတင်သွင်းသည်။ (၈-၂-၂၀၁၃)ရက်တွင်ကျင်းပသော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် အတည်ပြုပြီးနောက် ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးရန် (၁၃-၂-၂၀၁၃) ရက်တွင် ပေးပို့ခဲ့သည်။ နိုင်ငံတော်သမ္မတသည် **ပေးပို့လာသော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်း**အား အချက်(၁၂)ချက်ကို သဘောထားမှတ်ချက်ပြု၍ (၂၂-၂-၂၀၁၃) ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြန်လည်ပေးပို့ခဲ့ရာ အပြည့်အစုံကို စာပိုဒ် ၄ ၏ ဇယားစာတိုင်(၃)တွင် ဖော်ပြထားသည်။ နိုင်ငံတော်သမ္မတအနေဖြင့် ဥပဒေကြမ်းများ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်၊ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရေး၊ United Nations Convention against Corruption-UNCAC ၏အဖွဲ့ဝင်ဖြစ်သည့်အလျောက် ၎င်းပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ပြဋ္ဌာန်းပြီးဖြစ်သည့် တည်ဆဲဥပဒေများနှင့် ညီညွတ်စေရေးတို့အတွက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုသင့်သည့် အချက်(၁၂)ချက်ကို သဘောထားမှတ်ချက်ပြု၍ ပေးပို့ခဲ့ခြင်း ဖြစ်သည်။

၂။ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များတွင် ပဋိပက္ခလွန်ကာလနှင့် ကူးပြောင်းရေးကာလတို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်ကြကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း လွတ်လပ်ရေးရရှိစကာလ၌ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအက်ဥပဒေကို ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်မည့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားကြောင်း၊ ၂၀၀၅ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သော UNCAC ကို (၂၀-၁၂-၂၀၁၂) ရက်တွင် အတည်ပြုဝင်ရောက်ခြင်း (Ratification/Accession) ဆောင်ရွက်ခဲ့ကြောင်း၊ (၈-၁-၂၀၁၃)ရက်တွင် ဒုတိယသမ္မတဦးဆောင်သော ကော်မတီတစ်ရပ်ဖွဲ့စည်း၍ အစိုးရအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှုကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးအတွက် ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအက်ဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ကိုင်တွယ်ကျင့်သုံးသည်။ ၎င်းအက်ဥပဒေအပြင် ၎င်းနှင့် ဆက်နွှယ်နေသော တည်ဆဲဥပဒေ (၂၃)ခုရှိကြောင်း သိရသည်။

၃။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပေးပို့ခဲ့သော သဘောထားမှတ်ချက် (၁၂) ချက်အပေါ် ညှိနှိုင်းဆွေးနွေးပြီးဥပဒေကြမ်း၏အမည်အား **"အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း"** ဟု ပြင်ဆင်ခြင်းနှင့် ဘဏ်တစ်ခုခုမှ သက်သေခံအထောက်အထား ရှာဖွေခြင်းကိစ္စများအတွက် ပြင်ဆင်ပေးခြင်း စသည့်(၂)ချက်ကိုသာ သဘောတူပြင်ဆင်ပေးခဲ့သည်။ ကျန်(၁၀)ချက်အပေါ် လွှတ်တော်၏ မူလဖော်ပြချက်အတိုင်း အတည်ပြု၍ လက်မှတ်ရေးထိုးရန် (၃၁-၇-၂၀၁၃)ရက်တွင် ပြန်လည်ပေးပို့ခဲ့သည်။ ပေးပို့လာသည့် ဥပဒေကြမ်းတွင်ပြန်လည်သုံးသပ်ရန် လိုအပ်သည့်အချက်များရှိနေကြောင်းသိရှိရပြီး ၎င်းတို့ကိုအောက်တွင်ဖော်ပြသည်-

(က) **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း**ဟု အမည်ပေးထားသော်လည်း ပါဝင်သည့် ဖော်ပြချက်များသည် လာဘ်ပေးလာဘ်ယူမှုအရေးယူခြင်းဆိုင်ရာများကိုသာ ဖော်ပြထားခြင်း၊

(ခ) ဥပဒေ၏အမည်နှင့် ကိုက်ညီစေရန် **အဂတိလိုက်စားမှု**စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုချက် ဖော်ပြရန် လိုအပ်ခြင်း၊

(ဂ) အဂတိလိုက်စားမှုတွင် မလျော်ဩဇာသုံးစွဲမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် တမင်တာဝန်ပျက်ကွက်မှုများ ပါရှိရာ ဥပဒေကြမ်းတွင် ပြည့်စုံစွာရေးဆွဲရန် လိုအပ်ခြင်း။

၄။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်၊ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်တို့ကို အောက်တွင် ယှဉ်တွဲဖော်ပြသည်-

စဉ်	ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်	ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်
၁	၂	၃	၄
(က)	မူလဥပဒေကြမ်း အမည်ကို **"လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်း"** ဟု ဖော်ပြထားပါသည်။	လာဘ်ပေးလာဘ်ယူခြင်းသည် အဂတိလိုက်စားခြင်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံကလက်မှတ်ရေးထိုး အတည်ပြုခဲ့ပြီးဖြစ်သော "ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း (United Nations Convention against Corruption - UNCAC)" ပြဋ္ဌာန်းချက်နှင့်ညီစေရေး **ဥပဒေ၏အမည်ကို "အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ" ဟု ရေးသားရန် သင့်မသင့်စဉ်းစားသင့်ပါသည်။**	**နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်အတိုင်း အ တည် ပြု ပါ သည်။**
(ခ)	၃၂။ တည်ဆဲဥပဒေပြဋ္ဌာန်းချက်တစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ကော်မရှင်က ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ စုံစမ်းထောက်လှမ်းရန် လိုအပ်သည်ဟု ယူဆလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးတစ်ဦးဦးအား **ဘဏ်တစ်ခုခုကိုစုံစမ်းစစ်ဆေးရန်** အောက်ပါ လုပ်ကိုင်ခွင့်များ အပ်နှင်းနိုင်သည်-	ဥပဒေကြမ်း၏ ပုဒ်မ ၃၂ တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် စစ်ဆေးရေးမှူးတစ်ဦးဦးအား ဘဏ်တစ်ခုခုကို စုံစမ်းစစ်ဆေးရန်လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ကြောင်း ဖော်ပြချက်တွင် "ဘဏ်တစ်ခုခုကို စုံစမ်းစစ်ဆေးရန်"ဆိုသည့် စကားရပ်အစား **"ဘဏ်တစ်ခုခုရှိ စွပ်စွဲခံရသူနှင့် သက်ဆိုင်သောဘဏ်စာရင်းများကို** စုံစမ်းစစ်ဆေးရန်" ဟု ပြင်ဆင်ဖော်ပြသင့်ပါသည်။	**နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်အတိုင်း အတည် ပြုပါ သည်။**
(ဂ)	၁၃။ ကော်မရှင် အဖွဲ့ဝင်များသည် ကော်မရှင်တွင် တာဝန်ပေးအပ်ခြင်းခံရသည့်အခါတွင် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။	ဥပဒေကြမ်း၏ ပုဒ်မ ၁၃ တွင် "ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်တွင် တာဝန်ပေးအပ်ခြင်းခံရသည့်အခါတွင် မိမိတို့ဦးစီးသည့် တစ်စီးပွားတည်းဖြစ်သော မိသားစုပိုင် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို တန်ဖိုးနှင့်တကွ စာရင်းပြုစုပြီး နိုင်ငံတော်သမ္မတထံပေးပို့ရမည်။" ဟူသော ဖော်ပြချက်မှာ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် နုတ်ပယ်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(ဃ)	၁၅။ နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် ဖြစ်စေ၊ ကော်မရှင်၏ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ **ယင်းကော်မရှင်အဖွဲ့ဝင်ကို ရွေးချယ်ပေးသောပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့်** တာဝန်မှ ရပ်စဲနိုင်သည်။	ဥပဒေကြမ်း၏ပုဒ်မ ၁၅ တွင် နိုင်ငံတော်သမ္မတအနေဖြင့် "ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား တာဝန်မှရပ်စဲရန်" ကိစ္စကို ယင်းကော်မရှင်အဖွဲ့ဝင်ကို ရွေးချယ်ပေးသောပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့်ရပ်စဲရန် ဖော်ပြထားရန် ယင်းသို့ သဘောတူညီချက် ရယူရန်မသင့်သဖြင့် **ပယ်ဖျက်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(င)	၁၆(ဏ)။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က ပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ခြင်း။	ဥပဒေကြမ်း၏ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဏ)သည် ဤဥပဒေကို အုပ်ချုပ်ရေးပိုင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သဖြင့် လွှတ်တော်နာယကနှင့် ဥက္ကဋ္ဌတို့က သီးခြားတာဝန်ပေးခြင်းသည် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု ရှိ-မရှိ သုံးသပ်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(စ)	၃၀(က)။ ကော်မရှင်သည် လုပ်ပိုင်ခွင့် အာဏာရှိသူအပေါ် တရားစွဲဆို အရေးယူရန် အကြောင်းပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့် ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏ အစီရင်ခံစာကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ တာဝန်ပေးသည့် နိုင်ငံတော်သမ္မတထံသို့ လည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)အရ တာဝန်ပေးသည့် သက်ဆိုင်ရာလွှတ်တော် ဥက္ကဋ္ဌနှင့် **တိုင်ကြားသော နစ်နာသူထံသို့လည်းကောင်း၊** ထိုသူအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီအစဉ်အရ ဆက်လက်အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့လည်းကောင်း ပေးပို့ရမည်။	ဥပဒေကြမ်း၏ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)တွင် တိုင်ကြားသော နစ်နာသူထံ အစီရင်ခံစာကို ပေးပို့ရန်ပြဋ္ဌာန်းချက်သည် ပုဒ်မ ၅ အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့မှ သတ်မှတ်ထားသောအရည်အချင်းနှင့် ပြည့်စုံသည့် အဖွဲ့ဝင် ၅ ဦးစီ ရွေးချယ်ထားခြင်းဖြစ်ပြီး၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်သမ္မတကို တာဝန်ခံသောအဖွဲ့ဖြစ်ပါသည်။ ထို့ကြောင့် ကော်မရှင်သည် ၎င်း၏အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌတို့ထံ ပေးပို့ခြင်းမှာ သင့်လျော်သော်လည်း **တိုင်ကြားသော နစ်နာသူထံ အစီရင်ခံစာကို ပေးပို့ရန်ဖော်ပြချက်နှင့် စပ်လျဉ်း၍ သင့်လျော်မှုမရှိသဖြင့် ပြင်ဆင်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(ဆ)	၃၀(က)။ ကော်မရှင်သည် လုပ်ပိုင်ခွင့် အာဏာရှိသူအပေါ် တရားစွဲဆို အရေးယူရန် အကြောင်း ပေါ်ပေါက်ကြောင်း ဆုံးဖြတ်သည့် ကိစ္စတွင် ယင်းကိစ္စအတွက် မိမိ၏ အစီရင်ခံစာကို ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)အရ တာဝန်ပေးသည့် နိုင်ငံတော် သမ္မတထံသို့ လည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ)အရ တာဝန်ပေးသည့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်ကြားသော နစ်နာသူထံသို့ လည်းကောင်း၊ **ထိုသူအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီအစဉ်အရ ဆက်လက် အရေးယူနိုင်ရန် ပြည်ထောင်စု အစိုးရ အဖွဲ့ရုံးသို့ လည်းကောင်း** ပေးပို့ရမည်။	ဥပဒေကြမ်း၏ ပုဒ်မ ၁၈ တွင် လာဘ်ပေးလာဘ်ယူပြုလုပ်သူအား တရားစွဲဆိုနိုင်ရေး စုံစမ်းစစ်ဆေးရေးအဖွဲ့ခေါင်းဆောင် သို့မဟုတ် စစ်ဆေးရေးမှူးချုပ်တို့က ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)တွင် "ထိုသူအား ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစီအစဉ်အရဆက်လက်အရေးယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့လည်းကောင်း ပေးပို့ရမည်" ဟု ဖော်ပြထားရာ ပုဒ်မ ၁၈ နှင့် ညီညွတ်မှုမရှိခြင်း၊ ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေအရ ပြည်ထောင်စု ရှေ့နေချုပ်ရုံးအနေဖြင့် နိုင်ငံတော်၏ကိုယ်စား အမှုလိုက်ပါဆောင်ရွက်ရခြင်းတို့ကြောင့် **ပုဒ်မ ၃၀၊ ပုဒ်မခွဲ(က)ပါ ဖော်ပြချက်ကို ပြင်ဆင်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။

သေ

စဉ်
(ဇ)
(ဈ)
(ည)
(ဋ)

စဉ်	ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်	နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်	ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်
(ဇ)	၄၁(စ) မိမိ၏ စုံစမ်းထောက်လှမ်းတွေ့ရှိချက်များကို **စုံစမ်းစစ်ဆေးရေးအဖွဲ့သို့** တင်ပြခြင်း၊	ဥပဒေကြမ်း ပုဒ်မ ၄၁၊ ပုဒ်မခွဲ(စ)တွင် စစ်ဆေးရေးမှူးသည် မိမိ၏စုံစမ်းထောက်လှမ်းတွေ့ရှိချက်များကို "စုံစမ်းစစ်ဆေးရေးအဖွဲ့သို့ တင်ပြခြင်း"ဟု ဖော်ပြထားရာ စစ်ဆေးရေးမှူးအား ကော်မရှင်ကတာဝန်ပေးအပ်ခြင်းဖြစ်သဖြင့် **ကော်မရှင်သို့သာ တင်ပြသင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(ဈ)	**အခန်း(၈)** **လုပ်ပိုင်ခွင့် အာဏာရှိသူပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ကြေညာခြင်း** ပုဒ်မ ၄၇ မှ ပုဒ်မ ၅၀ အထိ ဖော်ပြထားပါသည်။	ဥပဒေကြမ်း၏ အခန်း(၈)တွင် ပါရှိသည့် "လုပ်ပိုင်ခွင့်အာဏာရှိသူ ပိုင်ဆိုင်သည့် ငွေကြေး၊ ပစ္စည်း၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ ကြေညာခြင်း" ဟူသည့်အချက်များကို ဖော်ပြထားသော ပုဒ်မ ၄၇၊ ၄၈၊ ၄၉ နှင့် ၅၀ တို့ပါ ဖော်ပြချက်များသည် **ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုမရှိ၍ နုတ်ပယ်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(ည)	၇၂(က)။ ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။	ဥပဒေကြမ်း၏ ပုဒ်မ ၇၂၊ ပုဒ်မခွဲ (က)တွင် "ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။"ဟု ဖော်ပြထားရာ **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ-မရှိ သုံးသပ်သင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(ဋ)	၆၈။ လာဘ်ပေးလာဘ်ယူမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာလာမှုနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ငွေကြေးနှင့်ပစ္စည်းများကို စုံစမ်းစစ်ဆေးအရေးယူခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ **အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာလျှင် အရေးယူရမည်။**	ဥပဒေကြမ်းတွင် အောက်ပါအချက်များ ဖော်ပြရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်- - ဥပဒေကြမ်း၏ ပုဒ်မ ၆၈ တွင် အနှစ်သာရအားဖြင့် ဤဥပဒေတစ်ခုတည်းကိုသာ စဉ်းစားသည့် သဘောသက်ရောက်နေပါသည်။ (UN Convention Against Corruption -UNCAC) ၏ Article 7 တွင် အရည်အသွေးမြင့်မားသော ပြည်သူ့ဝန်ထမ်းများခန့်အပ်ရေး၊ Article 8 တွင် ပြည်သူ့ဝန်ထမ်းများ၏ ကျင့်ဝတ်ဆိုင်ရာများ၊ Article 9 တွင် နိုင်ငံတော်ဘဏ္ဍာငွေ စီမံခန့်ခွဲရေးကိစ္စများ၊ Article 10 တွင် အများပြည်သူသိသာစေခြင်း၊ Article 11 တွင် ပြစ်မှုတရားစီရင်ရေး၊ တရားစွဲဆိုရေးတွင် လွတ်လပ်မှုရှိရေးနှင့် တရားသူကြီးများ အဂတိမလိုက်စားရေး၊ Article 12 တွင် ပုဂ္ဂလိကကဏ္ဍရှိ ဝန်ထမ်းများ၏ လာဘ်ပေးလာဘ်ယူကိစ္စများနှင့် Article 14 တွင် တရားမဝင် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးတို့ ပြဋ္ဌာန်းထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်သော ရာဇသတ်ကြီး၊ ၁၉၅၁ခုနှစ် ရာဇဝတ်ဥပဒေပြင်ဆင်ချက် အက်ဥပဒေ၊ သစ်တောဥပဒေ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေ (လွှတ်တော်တွင်ဆွေးနွေးဆဲ) ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့်တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေများကို ပြည်တွင်း၌ပြဋ္ဌာန်းခဲ့ပါသည်။ ထို့ကြောင့် ဥပဒေကြမ်း၏ ပုဒ်မ ၆၈အား အထက်ပါကွန်ဗင်းရှင်း၏ Article များနှင့် ပြဋ္ဌာန်းပြီး တည်ဆဲဥပဒေအားလုံးနှင့် သက်ဆိုင်အောင် ဖော်ပြသင့်ကြောင်း အကြံပြုပါသည်။ (ဆက်နွှယ်သော တည်ဆဲဥပဒေ ၂၃ ခုရှိသည်။) - ကွန်ဗင်းရှင်း၏ Article 13 ပါ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ လူမှုရေးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဘာသာရေးအခြေခံသော အဖွဲ့အစည်းများအား လာဘ်ပေးလာဘ်ယူပပျောက်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရေးနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို ဥပဒေကြမ်းတွင် ထည့်သွင်း ဖော်ပြသင့်ပါသည်။ - ကွန်ဗင်းရှင်း၏ Article 32 တွင် သက်သေ၊ ကျွမ်းကျင်သူများနှင့် နစ်နာသူများ၊Article 33တွင် သတင်းပေးသူများအတွက် ကာကွယ်ပေးခြင်းဆိုင်ရာများ ပြဋ္ဌာန်းထားရာ ဥပဒေကြမ်း ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဈ)တွင် သတင်းပေးသူကိုသာ ကာကွယ်ပေးထားသည်ကိုဖော်ပြထားသဖြင့် သက်သေ၊ ကျွမ်းကျင်သူနှင့်နစ်နာသူတို့ကို ကာကွယ်ပေးရန် ကိစ္စများအား ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း တွေ့ရှိရပါသည်။ - ကွန်ဗင်းရှင်း၏ Article 44 မှ Article 50 အထိ ပြဋ္ဌာန်းထားသော အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြစ်သည့် တရားခံလွှဲပြောင်းခြင်း၊ ပြစ်ဒဏ်ကျခံသူများလွှဲပြောင်းခြင်း၊ ဥပဒေရေးရာ အကူအညီပေးပြီး ပြစ်မှုလွှဲပြောင်းခြင်း၊ ပူးပေါင်းထောက်လှမ်းခြင်း၊ အထူးစုံစမ်းခြင်း စသည့်အချက်များနှင့်စပ်လျဉ်း၍ စာချုပ်ဝင်နိုင်ငံအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်လာမည့်ကိစ္စရပ်များရှိနိုင်၍ ဥပဒေကြမ်းတွင် ထည့်သွင်းဖော်ပြထားသင့်ပါသည်။	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။
(ဌ)	၁၀။ အောက်ပါအချက် တစ်ရပ်ရပ်နှင့် အကျုံးဝင်သူအား ကော်မရှင်အဖွဲ့ဝင်အဖြစ်ရွေးချယ် တာဝန်ပေးအပ်ခြင်း မပြုရ- ၁၀(ဃ)။ တရားရုံးတစ်ရုံးရုံး၏ အမိန့်အရ **ထောင်ဒဏ်** ကျခံနေရသူဖြစ်ခြင်း။ ၅၃(ခ)။ ဥပဒေနှင့်ညီညွတ်သော နည်းလမ်းဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း လုပ်ပိုင်ခွင့် အာဏာရှိသူက သက်သေထင်ရှားပြနိုင်လျှင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို **ယင်းအား** ပြန်လည်ပေးအပ်ရမည်။	ဥပဒေကြမ်းတွင် ရေးထုံးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုပါသည်- - ဥပဒေကြမ်း၏ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဃ)၌ "တရားရုံးတစ်ရုံးရုံး၏ အမိန့်အရ **ထောင်ဒဏ်**ကျခံနေရသူဖြစ်ခြင်း"ဟု ဖော်ပြထားရာ ထောင်ဒဏ်ကျခံနေရသူကို ရွေးချယ် တာဝန်ပေးအပ်ရန် မဖြစ်နိုင်သဖြင့် အဆိုပါစကားရပ်အား "တရားရုံးတစ်ရုံးရုံး၏အမိန့်အရ **ပြစ်ဒဏ်**ကျခံရဖူးသူဖြစ်ခြင်း" ဟု **ပြင်ဆင်ရေးသားသင့်ပါသည်။** - ဥပဒေကြမ်း၏ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ)တွင် ပါရှိသော "ငွေကြေးနှင့် ပစ္စည်းများကို **ယင်းအား** ပြန်လည်ပေးအပ်ရမည်"ဟု ဆိုရာတွင် "ယင်းအား" ဆိုသည့် စကားရပ်သည် စွပ်စွဲခံရသူကို ရည်ညွှန်းပါက **"စွပ်စွဲခံရသူအား" ဟုသာ သုံးနှုန်းသင့်ပါသည်။**	ပြည်ထောင်စု လွှတ်တော်က မူလအတည်ပြုသည့် အတိုင်း ဆက်လက် အတည်ပြုပါသည်။

၅။ ထိုသို့ ဥပဒေအဖြစ်အတည်ပြုပြဋ္ဌာန်းနိုင်ရေး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးနိုင်ရန် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းပါ ဖော်ပြချက်အချို့သည် အထက်စာပိုဒ် ၃ ပါ ပြန်လည်သုံးသပ်ရန် လိုအပ်သည့်အချက်များရှိခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ UNCAC ပါ ပြဋ္ဌာန်းချက်များနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ဆက်နွှယ်နေသော တည်ဆဲဥပဒေများနှင့် ညီညွတ်ရန်လိုအပ်သော်လည်း လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒအရ အတည်ပြုထားသော **ဥပဒေကြမ်း**အား အများဆန္ဒကို အလေးဂရုပြုသောအားဖြင့် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုး၍ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် (၇-၈-၂၀၁၃)ရက်တွင် ပြည်ထောင်စုလွှတ်တော်နာယကထံ သဝဏ်လွှာပေးပို့ခဲ့ရာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

"ရည်ညွှန်းချက်။ (၁) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော်နာယက က ၁၃-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး) ၉/၂၀၁၃-၉ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

(၂) နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၂-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁၀၇(၂)/၈/သမ္မတရုံး ဖြင့် ပေးပို့သည့် သဝဏ်လွှာ

(၃) နိုင်ငံတော်သမ္မတထံသို့ ပြည်ထောင်စုလွှတ်တော် နာယက က ၃၁-၇-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၁/ပထ(စည်းဝေး) ၉/၂၀၁၃-၅၉ ဖြင့် ပေးပို့သည့် သဝဏ်လွှာ

*၁။ ရည်ညွှန်း(၂)ပါသဝဏ်လွှာဖြင့် မိမိကသဘောထားမှတ်ချက် (၁၂) ချက်ပြု၍ ပေးပို့ခဲ့သည့် **လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးဥပဒေကြမ်း**ကို လွှတ်တော်တွင်ဆွေးနွေး၍ ရည်ညွှန်း(၃)ပါသဝဏ်လွှာဖြင့် ပြန်လည်ပေးပို့လာသည့် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း**အား လက်ခံရရှိပါသည်။*

၂။ ရည်ညွှန်း(၂)ပါသဝဏ်လွှာဖြင့် သဘောထားမှတ်ချက်(၁၂)ချက်ပေးပို့ခဲ့ရာ လွှတ်တော်က ဥပဒေကြမ်း၏ အမည်ပြင်ဆင်ခြင်းနှင့် ဘဏ်တစ်ခုခုမှ သက်သေခံအထောက်အထားရှာဖွေခြင်းကိစ္စများအတွက် ပြင်ဆင်ပေးခြင်း စသည့်(၂)ချက်ကိုသာ သဘောတူပြင်ဆင်ပေးခဲ့ပြီး ကျန်(၁၀)ချက်အပေါ် လွှတ်တော်၏မူလဖော်ပြချက်အတိုင်း အတည်ပြု၍ ပြန်လည်ပေးပို့လာသည်ကို တွေ့ရှိရပါသည်။

၃။ မိမိအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်၊ ကျွမ်းကျင်သောဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ကိုင်တွယ်ကျင့်သုံးရမည့်ဌာနတို့၏ ဥပဒေရေးရာအကြံပြုချက်နှင့် ဘာသာရပ်ဆိုင်ရာအကြံပြုချက်တို့ကို ရယူပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရေး၊ United Nations Convention against Corruption-UNCAC ၏ အဖွဲ့ဝင်ဖြစ်သည့်အလျောက် ၎င်းပြဋ္ဌာန်းချက်များနှင့်ညီညွတ်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက်ပြဋ္ဌာန်းပြီးဖြစ်သည့် တည်ဆဲဥပဒေများနှင့် ညီညွတ်စေရေးတို့အတွက် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုသင့်သည့်(၁၂)ချက်ကို သဘောထားမှတ်ချက်ပြု၍ ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

၄။ အဆိုပါ အချက်(၁၂)ချက်တွင် ဥပဒေကြမ်း၏ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ဏ)၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ၅၀ တို့ပါ ဖော်ပြချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုရှိရန်ကို လည်းကောင်း၊ ပုဒ်မ ၁၈ ပါဖော်ပြချက်သည် အခြားတည်ဆဲဥပဒေများနှင့် မညီညွတ်သဖြင့် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုပေးရန်ကို လည်းကောင်း၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (စ)ပါဖော်ပြချက်များကို ပြင်ဆင်ရန်လိုအပ်ပြီး၊ ပုဒ်မ ၆၈ ပါ ဖော်ပြချက်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ကျင့်သုံးဆဲ တည်ဆဲဥပဒေများ၊ မိမိနိုင်ငံက လက်မှတ်ရေးထိုးထားသော နိုင်ငံတကာပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေပြီး ဆက်စပ်အသုံးပြုနိုင်ရန်ကိုလည်းကောင်းရည်ရွယ်၍ သဘောထားမှတ်ချက်အဖြစ် ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။

၅။ ထို့ပြင် လက်မှတ်ရေးထိုးရန် ပေးပို့လာသည့် ဥပဒေကြမ်းတွင် ပြန်လည်သုံးသပ်ရန် လိုအပ်သည့်အချက်များရှိနေသည်ကို အောက်တွင်ဖော်ပြပါသည်-

*(က) **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း**ဟု အမည်ပေးထားသော်လည်း ပါဝင်သည့်ဖော်ပြချက်များသည် လာဘ်ပေးလာဘ်ယူမှုအရေးယူခြင်းဆိုင်ရာများကိုသာ ဖော်ပြထားခြင်း၊*

*(ခ) ဥပဒေ၏အမည်နှင့်ကိုက်ညီစေရန် **အဂတိလိုက်စားမှု**စကားရပ်အား အဓိပ္ပာယ်ဖွင့်ဆိုချက် ဖော်ပြရန်လိုအပ်ခြင်း၊*

(ဂ) အဂတိလိုက်စားမှုတွင် မလျော်ကြံဖန်သုံးစွဲမှု၊ လာဘ်ပေးလာဘ်ယူမှုနှင့် တမင်တာဝန်ပျက်ကွက်မှုများပါရှိရာ ဥပဒေကြမ်းတွင် ပြည့်စုံစွာရေးဆွဲရန်လိုအပ်ခြင်း။

စာမျက်နှာ ၁၀ သို့

ဥပဒေရေးရာ

စာမျက်နှာ ၉ မှ

၆။ နိုင်ငံတော်သမ္မတအဖြစ် စတင်ထမ်းဆောင်ခဲ့သည့် (၃၀-၃-၂၀၁၁) ရက်တွင် နိုင်ငံတော်သို့ နှုတ်ခွန်းဆက်ပြောကြားစဉ်က အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူသည့်ကာလမှစ၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်မည့်အစီအစဉ်များကို ကောင်းမွန်သောအုပ်ချုပ်မှုစနစ်(Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) အဖြစ် ဖော်ဆောင်၍ နိုင်ငံတော်ကို ဦးစီးဦးဆောင်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံရေးအရဆောင်ရွက်လိုမှုအား ကတိပြုပြောကြားခဲ့သည်ကို သိရှိနိုင်ပါသည်။

၇။ ထို့ပြင် ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များကိုလေ့လာရာ၌ ပဋိပက္ခလွန်ကာလနှင့် ကူးပြောင်းရေးကာလတို့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ မိမိနိုင်ငံတွင်လည်း လွတ်လပ်ရေးရရှိစကာလ၌ **၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အက်ဥပဒေ**ကို ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်မည့် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ၂၀၀၅ ခုနှစ်ကတည်းက လက်မှတ်ရေးထိုးခဲ့သော UNCAC ကိုလည်း မိမိဦးဆောင်သော အစိုးရသစ်လက်ထက် (၂၀-၁၂-၂၀၁၂) ရက်တွင် အတည်ပြုဝင်ရောက်ခြင်း (Ratification/ Accession) ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ (၈-၁-၂၀၁၃)ရက်တွင် ဒုတိယသမ္မတဦးဆောင်သော ကော်မတီတစ်ရပ် ဖွဲ့စည်း၍ အစိုးရအဖွဲ့အစည်းများအတွင်း အဂတိလိုက်စားမှုကင်းရှင်းရေးနှင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးအတွက် ရည်မှန်းချက်ထားကာ တာဝန်ပေးဆောင်ရွက်စေခဲ့ပါသည်။

၈။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အကောင်အထည်ဖော်ဆောင်ရွက်သည့် ပြည်ထဲရေးဝန်ကြီးဌာနသည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit-FIU) တို့ကို ဥပဒေနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးအတွက် ဆက်သွယ်တိုင်ကြားနိုင်သည့် စနစ်တစ်ခု ထူထောင်ကာ အများပြည်သူပူးပေါင်းဆောင်ရွက်လာစေရေး (၃၀-၁၁-၂၀၁၂) ရက်တွင် သတင်းစာမှ ကြေညာ၍ ဖိတ်ခေါ်ခဲ့ပါသည်။

၉။ ထို့ပြင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် (Good Governance) နှင့် သန့်ရှင်းသောအစိုးရ (Clean Government) ဖြစ်စေရေး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတစ်ဦးအား ကြီးကြပ်စေခဲ့ရာ အဂတိလိုက်စားသော နိုင်ငံ့ဝန်ထမ်းများအပေါ် အရေးယူပေးရန် တင်ပြတိုင်ကြားစာ(၁၁၉)စောင်ကို လက်ခံစစ်ဆေးမှုအရ အရေးယူဆောင်ရွက်ခဲ့မှုအား အောက်တွင်ဖော်ပြပါသည်-

(က)	နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ အရေးယူခြင်း	-	၃၆၂ ဦး
(ခ)	ဌာနပြောင်းရွှေ့ခြင်း	-	၆၉ ဦး
(ဂ)	အငြိမ်းစားပေးခြင်း	-	၁၈ ဦး
(ဃ)	ထောင်ဒဏ်	-	၁ ဦး
	စုစုပေါင်း	**-**	**၄၅၀ ဦး**

၁၀။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို မိမိဦးဆောင်သော အစိုးရအဖွဲ့အနေဖြင့် အလေးထားဆောင်ရွက်နေစဉ် လွှတ်တော်မှ ဤဥပဒေကြမ်းကို ပြဋ္ဌာန်းရန်ဆောင်ရွက်ခဲ့ခြင်းသည် တူညီသောရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ပူးပေါင်းဆောင်ရွက်မှုဖြစ်သဖြင့် ဝမ်းမြောက်စွာ လက်ခံကြိုဆိုပါသည်။ သို့ရာတွင် ဥပဒေစိုးမိုးရေးဆောင်ရွက်ရာ၌ ရေရှည်တည်တံ့ပြီး ထိရောက်စွာဖြင့် အခြားတည်ဆဲဥပဒေများနှင့် ချိတ်ဆက်အသုံးပြုနိုင်ရန်အတွက် ကောင်းသည်ထက် ကောင်းစေလိုသောဆန္ဒဖြင့် သဘောထားမှတ်ချက်များ ပေးပို့ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါသဘောထားမှတ်ချက်(၁၂)ချက်အနက်(၁၀)ချက်အား လက်ခံခြင်းမပြုဘဲ မူလအတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုထားသည့်အပြင် ပြန်လည်ပေးပို့လာသော ဥပဒေကြမ်းတွင် ထပ်မံသုံးသပ်သင့်သော အချက်(၃)ချက် ရှိနေသည်ကို အထက်စာပိုဒ် (၅) တွင် ဖော်ပြထားပါသည်။ ဥပဒေကြမ်းပါဖော်ပြချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန်လိုအပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ **နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည်** ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ခ)တွင် "ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ခြင်း၊"ဟု ပြဋ္ဌာန်း၍ တာဝန်အပ်နှင်းထားမှုအရ အရေးယူဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၁၁။ ထို့ပြင် ဥပဒေများ၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈၊ ပုဒ်မခွဲ (က) ၌ **"ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာ ကျင့်သုံးရမည်"** ဟု ပြဋ္ဌာန်းထားရှိသည်ကိုလည်း အလေးဂရုပြုသင့်ကြောင်း ဖော်ပြပါသည်။

၁၂။ မိမိအနေဖြင့် အထက်ဖော်ပြပါအခြေအနေများရှိသော်လည်း လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောဆန္ဒအရ အတည်ပြုထားသော **ဥပဒေကြမ်း**အား အများဆန္ဒကို အလေးဂရုပြုသောအားဖြင့် အတည်ပြုလက်မှတ်ရေးထိုးပါသည်။ လက်မှတ်ရေးထိုးပြီးသော **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ** အား ဆက်လက်ဆောင်ရွက်နိုင်ပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ ပေးပို့အပ်ပါသည်။"

၆။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ရန်လိုအပ်သော ပြဋ္ဌာန်းပြီးဥပဒေများနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ခ)တွင် **ဥပဒေပြုလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ စိစစ်ရန်**ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိချက်အရ **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**အနေဖြင့် စိစစ်သွားရန် တာဝန်ရှိကြောင်း သိရှိရသည်။

၇။ ပြည်ထောင်စုလွှတ်တော်သည် **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆၊ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အရ (၇-၈-၂၀၁၃) ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၂၃ အဖြစ်ပြဋ္ဌာန်းခဲ့ပြီး အပြည့်အစုံကို (၈-၈-၂၀၁၃) ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပြီးဖြစ်သည်။

၈။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကြမ်း**ကို လွှတ်တော်ကိုယ်စားလှယ်အများစု၏သဘောဆန္ဒအရ အတည်ပြုထားခြင်းဖြစ်သောကြောင့် အများဆန္ဒကို အလေးဂရုပြုသောအားဖြင့် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်ကို အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

အိန္ဒိယနိုင်ငံလွတ်လပ်ရေးနေ့အကြို နှစ်နိုင်ငံပူးတွဲလက်တွေ့ပန်းချီသရုပ်ဖော်ရေးဆွဲပြပွဲကျင်းပမည်

မန္တလေး ဩဂုတ် ၈

(၆၆)နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး (မန္တလေး)၏ စီစဉ်မှုဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ပန်းချီပညာရှင်များ၏ လက်တွေ့ပန်းချီ သရုပ်ဖော်ရေးဆွဲပြပွဲကို ဩဂုတ် ၁၄ ရက်တွင် မန္တလေးမြို့ရှိ ဓမ္မသာလခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ လက်တွေ့ပန်းချီသရုပ်ဖော်ရေးဆွဲပြပွဲသို့ မန္တလေးမြို့ခံပန်းချီပညာရှင်များ အပါအဝင် အထက်မြန်မာနိုင်ငံတစ်ဝန်းမှ ပန်းချီပညာရှင် တစ်ရာကျော်နှင့်အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဆက်ဆံရေးကောင်စီ (ICCR) မှ ပန်းချီပညာရှင်များပူးပေါင်း၍ ဩဂုတ် ၁၄ရက်မှစတင်ပြီး ဓမ္မသာလခန်းမ၌ လက်တွေ့ပန်းချီသရုပ်ဖော်ရေးဆွဲခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

လက်တွေ့ပန်းချီသရုပ်ဖော်ရေးဆွဲပြီး ပန်းချီကားများကို မန္တလေးမြို့ ဓမ္မသာလခန်းမ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့်အိန္ဒိယနိုင်ငံ အင်ဖာမြို့တို့တွင် ပြပွဲများ ခင်းကျင်းပြသသွားမည့်အပြင် အင်တာနက်စာမျက်နှာတစ်ခုလွှင့်တင်ပေးသွားမည်ဖြစ်ကြောင်းကိုလည်းကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထို့အပြင် ရေးဆွဲပြီး ပန်းချီကားများအား မှတ်တမ်းစာအုပ်ရိုက်နှိပ်၍ ကမ္ဘာတစ်ဝန်းလုံးရှိ အိန္ဒိယနိုင်ငံသံရုံး ၁၉၂ ရုံးသို့ ဖြန့်ဝေပြသသွားမည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ယခုလိုကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး Mandalay Art Club မှတာဝန်ရှိသူ တစ်ဦးကလည်း "ယခုကျင်းပမယ့်ပွဲက ဒုတိယအကြိမ် ဖြစ်ပါတယ်။ မန္တလေးနဲ့ အထက်မြန်မာပြည်က ပန်းချီဆရာတွေရဲ့ လက်ရာတွေကို နိုင်ငံတကာ ပန်းချီဈေးကွက်ထဲ ပိုမိုရောက်ရှိစေရန်နဲ့ နှစ်နိုင်ငံပန်းချီပညာရှင်များအကြား ရင်းနှီးချစ်ကြည်မှု တိုးတက်စေရန် ရည်ရွယ်ပြီး ကျင်းပတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကလပ်ကလည်း လိုအပ်တာတွေအားလုံးကို ပူးပေါင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ရှင်းပြခဲ့သည်။

အောင်သူနော်(မန်းမြေ)

❐ *ကျောဖုံးမှ*

တံတားတိုင်ခြောက်လုံးစလုံးပြီးစီးနေပြီဖြစ်ပါတယ်။ တိုင်တစ်တိုင်နဲ့ တစ်တိုင်အကြား ရက်မတွေတပ်ဆင် ပြီးစီးသွားပြီဖြစ်သလို ကြမ်းခင်းလောင်းနေမှုတွေလည်းပြုလုပ်နေပြီ ဖြစ်ပါတယ်။ တောင်ဘက်အခြမ်းမှာတော့ တံတားတိုင်ငါးတိုင်မှာ လေးတိုင်ပြီးစီးသွားပြီဖြစ်သလို ကျန်တဲ့တစ်တိုင်လည်း ပြီးစီးအောင်ဆောင်ရွက်နေပါတယ်။ ပြီးစီးနေတဲ့ တံတားတိုင် တစ်တိုင်နဲ့တစ်တိုင်ကို ရက်မတွေတပ်ဆင်နေပြီးကြမ်းခင်းတွေ လောင်းဖို့လည်းပြုလုပ်နေပါတယ်။ ဒုတိယအလွှာတံတားရဲ့ပြီးစီးမှုက ၉၀ ရာခိုင်နှုန်းခန့်ရှိနေပါပြီ။

မေး ။ ။ဘုရင့်နောင်ခုံးကျော်တံတားရဲ့ တတိယအလွှာတံတားတည်ဆောက်ပြီးစီးမှုအနေအထားကိုလည်း ရှင်းပြပေးပါဦး။

ဖြေ ။ ။တတိယအလွှာတံတားရဲ့ အနောက်ဘက်အခြမ်း (သမိုင်းဘူတာရုံလမ်းရဲ့ မြစ်ကူးတံတားဘက်)မှာတော့ တံတားတိုင် ၁၂တိုင်စလုံးပြီးစီးနေပြီဖြစ်ပါတယ်။ အဲဒီတံတားတိုင်တွေမှာ ရက်မတပ်ဆင်မှုကလည်း ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်လို့ လမ်းကြမ်းခင်းမှုလုပ်ငန်းတွေပြုလုပ်နေပါတယ်။ တတိယလွှာတံတားရဲ့ အရှေ့ဘက်ခြမ်းအပိုင်းမှာ တံတားတိုင်တည်ဆောက်မှုလုပ်ငန်းတွေပြီးစီးနေပြီး တိုင်တွေရဲ့ ရက်မအထိုင်တွေကို ဆောင်ရွက်နေပါတယ်။

မေး ။ ။ဘုရင့်နောင်ခုံးကျော်တံတားအတွက် လိုအပ်တဲ့ တပ်ဆင်ရမယ့်ပစ္စည်းတွေရော အသင့်ရှိနေပြီလားဆိုတာပြောပြပေးပါဦး။

ဖြေ ။ ။ဒီခုံးကျော်တံတားက နှစ်ထပ်ခုံးကျော်တံတားအမျိုးအစားဖြစ်တာမို့ ဒုတိယအလွှာတံတားအတွက်ရော၊ တတိယအလွှာတံတားအတွက်ပါ တံတားမီးတိုင်တွေ၊ လမ်းဆိုင်းဘုတ်တွေနဲ့ အခြားတပ်ဆင်ရမယ့် ပစ္စည်းတွေ အသင့်စုစည်းထားပြီးဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေကို တပ်ဆင်လို့ရတဲ့အချိန်မှာ အချိန်နဲ့တစ်ပြေးညီ တပ်ဆင်သွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့ လုပ်ငန်းသုံးပစ္စည်းတွေအားလုံး အသင့်ရှိနေပြီးဖြစ်ပါတယ်။

မေး ။ ။ဘုရင့်နောင်ခုံးကျော်တံတားရဲ့ အရှည်၊ ခံနိုင်ရည်နဲ့ ယာဉ်သွားလာနိုင်မှုကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ဘုရင့်နောင်ခုံးကျော်တံတားရဲ့ ဒုတိယအလွှာတံတားကတော့ ဘုရင့်နောင်လမ်းအတိုင်းတည်ရှိပြီး လေးလမ်းသွားဖြစ်ပါတယ်။ အရှည် ၁၄၂၇ ပေ ၃ လက်မဖြစ်ပြီး အကျယ် ၅၇ပေ ၉ လက်မဖြစ်ကာ တံတားခံနိုင်ဝန်က ၇၅ တန်ဖြစ်ပါတယ်။ တတိယအလွှာတံတားကတော့ သမိုင်းဘူတာရုံလမ်းအတိုင်း တည်ဆောက်ထားတာဖြစ်ပြီး နှစ်လမ်းသွားအမျိုးအစားဖြစ်ပါတယ်။ အရှည် ၂၄၁၄ ပေ ၁၀ လက်မဖြစ်ပြီး အကျယ် ၃၂ ပေ ၁၀ လက်မဖြစ်ကာ ချဉ်းကပ်လမ်းအလျားက ၃၉၃ ပေ ၉ လက်မဖြစ်ပါတယ်။ တံတားရဲ့ခံနိုင်ဝန်က တန် ၆၀ ဖြစ်ပြီး ဘုရင့်နောင်တံတားတည်ဆောက်ရေးစီမံကိန်းတစ်ခုလုံးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလမှာအပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာ မိုးရေချိန် ၈-၈-၂၀၁၃			
	သထုံမြို့	**တောင်ကြီးမြို့**	**ကော့ကရိတ်မြို့**
	၄ ဒသမ ၄၉ လက်မ	၂ ဒသမ ၈၃ လက်မ	၂ ဒသမ ၀၉ လက်မ
	ပေါင်မြို့	**မာန်အောင်မြို့**	**ဆောမြို့**
	၃ ဒသမ ၃၉ လက်မ	၂ ဒသမ ၂၈ လက်မ	၁ ဒသမ ၉၂ လက်မ

ပြည်တွင်းသတင်း

ဓမ္မပီမာန်စာပေဆု၊ ဆန်းလွင်စာပေနှင့် ဓမ္မာစရိယ ဦးအေးနိုင်စာပေဆု ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၈

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်၍ ဆရာတော် ဦးသာသန (ဓမ္မာစရိယမဟာဝိဇ္ဇာ) တည်ထောင်သော ဓမ္မပီမာန်စာပေဆု၊ ဆန်းလွင်စာပေဆုနှင့် ဓမ္မာစရိယဦးအေးနိုင်စာပေဆုများကို ပြိုင်ပွဲခေါ်ယူခဲ့ပြီး စာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ၂၀၁၂ခုနှစ် ဆုရပုဂ္ဂိုလ်ကို ရွေးချယ်ထုတ်ပြန်လိုက်သည်။

ပုံနှိပ်ပြီး ဓမ္မစာပေဆုတွင် (ဓမ္မပီမာန်စာပေဆု၊ ဆန်းလွင်စာပေဆုနှင့် ဓမ္မာစရိယ ဦးအေးနိုင်စာပေဆု)ပထမဆုရ စာအုပ်အဖြစ် "သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ ဘဝဖြစ်စဉ်အကျဉ်း" (ရေးသူ-မင်းယုဝေ) ရရှိသည်။

ရွေးချယ်ရခြင်း၏အကြောင်းမှာ ယနေ့သာသနာတော်၌ နေလိုလလို ထင်ရှားကာ ရဟန်းသာမဏေငယ်များ အားကျအတုယူထိုက်သော ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်အကျဉ်းကို အရေးအသားတင်ပြပုံ အလွန်ကောင်းမွန်ကျနစွာ အဆင့်အတန်းမြင့်မြင့် ရေးသားဖော်ကျူးထားသောကြောင့် ဖြစ်သည်ဟု သိရသည်။

ဆုနှင်းသဘင်အခမ်းအနားကို ၂၀၁၃ခုနှစ် ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ဆက်လက်၍ ဝန်ကြီးက စိုက်ပျိုး၍မရသော သဲသောင်များ ပေါ်ထွန်းလာခြင်းနှင့် စိုက်ပျိုးနိုင်သော နုန်းတင်မြေနုများရရှိလာစေရေး၊ အင်ဂျင်နီယာအဖွဲ့က ဆောင်ရွက်ပေးရေး၊ ရေလက်ကြားပေါက်များ ရေတိုက်စားခြင်း၊ ကျေးရွာမြေများ ရေတိုက်စားခြင်းတို့ကို ကာကွယ်ပြီး သင့်လျော်သည့် နည်းလမ်းများဖြင့် လုပ်ဆောင်ရေး၊ ကျေးရွာများမှ ဆုံးရှုံးခဲ့သော မြေနေရာများ ပြန်လည်နေရာချထားနိုင်ရေးတို့ကို မှာကြားခဲ့သည်။ **တင်မောင်(မန်းကိုယ်ပွား)**

လေရှီးမြို့၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲ ကျင်းပ

လေရှီး ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများရှိ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲကို ဩဂုတ် ၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုက မြို့နယ်လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားခြင်းဖြင့် ခံစားရမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချိုနှင့် တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆို၍ ဝင်ရောက်တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်၊ သူနာပြုနှင့် အခြားကျွမ်းကျင်ဝန်ထမ်းများအနက် ယင်းစာချုပ်ပါစည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့်သော်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းအဖြစ်ဖြင့် နိုင်ငံခြားပညာသင်သွားရောက်ပြီး မြန်မာနိုင်ငံသို့ပြန်လာပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ နိုင်ငံခြားသို့ မိမိစရိတ်ဖြင့် အလည်အပတ်သွားရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်းမရှိ၍သော်လည်းကောင်း၊ သတ်မှတ်ကာလ မပြည့်မြောက်မီ တာဝန်ကို စွန့်လွှတ်ထွက်ခွာခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနသို့ လျော်ကြေးပေးရန် တာဝန်ကျရောက်ပြီး ယင်းလျော်ကြေးငွေကို ပေးသွင်းရန် ပျက်ကွက်လျက်ရှိသူများသည် လျော်ကြေးငွေများကို ၁၅-၉-၂၀၁၃ရက် နောက်ဆုံးထား၍ မိမိနှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ ဘဏ္ဍာငွေထုတ်စာရင်းသို့ ပေးသွင်းကြရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းရန်ပျက်ကွက်ပါက ယင်းသို့ပျက်ကွက်သော သက်ဆိုင်ရာပုဂ္ဂိုလ်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါက်တာမြင့်ဦး
ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး) ကျန်းမာရေးဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ မြန်မာ၀မ်ပေါင် ကြေးနီကုမ္ပဏီလီမိတက်၏ ကံကုန်းကျေးရွာ တိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) တင်ဒါရောင်းချမည့်ရက် - ၁၀-၈-၂၀၁၃ရက်မှ ၁၄-၈-၂၀၁၃ရက်၊ ညနေ ၅ နာရီအထိ
(ခ) တင်ဒါတင်သွင်းရမည့်ရက် - ၁၅-၈-၂၀၁၃ရက်မှ ၂၃-၈-၂၀၁၃ရက် ညနေ ၅နာရီအထိ (တင်ဒါတင်သွင်းမည့် အချက်အလက်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားတင်သွင်းရမည်။)
(ဂ) အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - ဆားလင်းကြီးမြို့နယ်၊ မြန်မာ၀မ်ပေါင် ကြေးနီကုမ္ပဏီလီမိတက်
(ဃ) တင်ဒါတင်သွင်းမည့်စာရွက်တန်ဖိုး - ၅၀၀၀၀/-ကျပ်

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ဒေါ်သန်းသန်းမြင့်၊ အုပ်ချုပ်ရေးဌာန၊ မြန်မာ၀မ်ပေါင် ကြေးနီကုမ္ပဏီလီမိတက်၊ ဆားလင်းကြီးမြို့နယ် ဖုန်း-၀၉-၄၀၀၄၀၆၃၃၂သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ
မြန်မာ၀မ်ပေါင် ကြေးနီကုမ္ပဏီလီမိတက်

ကမ္ဘာ့ထိပ်တန်း အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်ကြီးများမှ ဘွဲ့ဒီဂရီများကို ရယူလိုသူများအတွက်...

AT&S

ပြည်တွင်းသတင်း

ပုပ္ပားမှခရမ်းချဉ်များ လှိုင်လှိုင်ထွက်

ကျောက်ပန်းတောင်း ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်သို့ ပုပ္ပားမြောက်ဘက်ခြမ်းမှ ဒေသထွက်ခရမ်းချဉ်သီးများ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ခရမ်းချဉ်စိုက်ပျိုးသည့် တောင်ပေါ်တောင်ကျေးရွာ၊ တောင်ပေါ်မြောက်ကျေးရွာ နတ်ကန်လည်၊ဆည်၊ ဆင်ဆင်း၊ ဆုံကုန်း စသည့်ကျေးရွာများရှိ ဒေသခံများလည်း ဒေသထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းဖြင့် နေ့စဉ်ဝင်ငွေရရှိနေကြပြီး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

အဆိုပါဒေသများတွင် ခရမ်းချဉ်မျိုးများဖြစ်သည့် တစ်သုံးလုံး၊ ကိုးသုညကိုး၊ ကိုးသုံးလုံးစသည့် တိုင်ထောင်မျိုးများကို နတ်ကန်လည်၊ဆည်၊ ဆင်ဆင်းနှင့် ဆုံကုန်းကျေးရွာများက သဘာဝစိမ့်စမ်းရေဖြင့် အဓိကထား စိုက်ပျိုးကြပြီး တောင်ပေါ်တောင်၊ တောင်ပေါ်မြောက် ကျေးရွာများတွင် မိုးရေကိုသာအားထား၍ ပင်ပုခရမ်းချဉ်မျိုးကို စိုက်ပျိုးကြကြောင်းနှင့် မျိုးစေ့ဈေးမှာ နို့ဆီဘူးတစ်ဘူးလျှင် ငွေကျပ် တစ်သောင်းဝန်းကျင်ပေးရကြောင်းသိရသည်။ အဆိုပါကျေးရွာများ၌ ခရမ်းချဉ် လှိုင်လှိုင်ပေါ်ချိန်တွင် တစ်ဧကအထွက်နှုန်း တစ်နေ့လျှင် အချိန် ၅၀၀/၆၀၀ ဆွတ်ခူးရရှိသည်။ ပုပ္ပားဒေသထွက် ခရမ်းချဉ်သီးများကို နေ့စဉ် ခြောက်ဘီးကား၊ လေးလုံးထိုးထော်လာဂျီယာဉ်များဖြင့် ကျောက်ပန်းတောင်းဈေးသို့တင်ပို့ကြပြီး ပွဲရုံများတွင် ဖောက်သည်သွင်း၍ ပွဲရုံများမှတစ်ဆင့် နတ်မောက်၊ တောင်တွင်းကြီး၊ လက်ပံတန်း၊ ရန်ကုန်၊ ရေနံချောင်း၊ မကွေး၊ တောင်ကြီးမြို့များသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ ရွာမှ ကျောက်ပန်းတောင်းအရောက် ကားခမှာ တစ်ပိဿာ ငွေကျပ် ၃၀ ပေးရပြီး အချို့မှာ ကားစီးလုံးပြတ်ငှား၍ တင်ပို့ရသူများရှိကြောင်းနှင့် ရာသီကုန်ချိန်ထိ ခရမ်းချဉ်သီးမှရရှိသော ဝင်ငွေမှာ အတန်အသင့်အခင်းကျယ်သူတစ်ဦးလျှင် ငွေကျပ် ၁၅ သိန်း၊ သိန်း ၂၀ အထိရရှိကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၈-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၃၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၂၈၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅ - ၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၈ - ၁၃၀၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၃ - ၇၇၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၂ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၂ - ၁၆. ၇	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇ - ၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈ - ၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀ - ၄၈၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀ - ၃၅၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၂၈၀၀ - ၄၈၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၂၀၀ - ၆၅၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၂၀၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၇၂၀၀ -၂၂၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀ -၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ -၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၉၀၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၁၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၅၄၀-၆၃၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၇၅
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၉၀-၄၈၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၃၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၄၀-၁၀၆၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကညွတ်ကွင်းကို ကျေးရွာအဆင့်မှ မြို့အဆင့်တိုးမြှင့်

ဖြူး ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ကို ကျေးရွာအဆင့်မှ မြို့အဖြစ်တိုးမြှင့်သတ်မှတ်ခြင်းခံရသောကြောင့် ကညွတ်ကွင်းမြို့ရှိ အုပ်ချုပ်ရေးမှူးများကို ရပ်ကွက်အလိုက်ဖွဲ့စည်းပုံ တိုးချဲ့လိုက်၍ ရပ်ကွက်နှစ်ရပ်ကွက်အတွက် အုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက အောင်တော်မူခန်းမ၌ ကျင်းပသည်။

ယင်း ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်ဇင်၊ ရပ်ကွက်(၁)အုပ်ချုပ်ရေးမှူး ဦးချစ်စန်း၊ မြို့မိမြို့ဖများ၊ ဆယ်အိမ်စုမှူး ၈၆ ဦး တက်ရောက်ကြသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းအောင်က အုပ်ချုပ်ရေးမှူးရွေးချယ်တင်မြှောက်ပုံအဆင့်ဆင့်နှင့် ဆယ်အိမ်စုမှူးများ၏ မိမိသဘောဆန္ဒအတိုင်း ပွင့်လင်းမြင်သာစွာ မဲပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြ၍ ဆယ်အိမ်စုမှူးများက သိရှိလိုသော မေးမြန်းချက်ကို အထွေထွေအုပ်ချုပ်ရေးမှူးကပြန်လည်ဖြေကြားသည်။ ကွင်းရှေ့ရပ်ကွက်(၂)နှင့် ကွင်းနောက်ရပ်ကွက်(၁)အတွက် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ရာ၌ ဦးစိန်ဝင်းနှင့်ဦးဝေမိုးတို့ ရွေးချယ်တင်မြှောက်ခြင်းခံရကြောင်း သိရသည်။ **ခင်ဆွေ**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဘားလားကျေးရွာ (ယခု ငွေနံ့သာစံပြ) ကျေးရွာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာယာ မရမ်းကုန်းမြို့နယ်မှ ၁၉၉၅ခုနှစ်၊ အောက်တိုဘာ ၂၅ရက်စွဲဖြင့် ချပေးထားသော ဦးညွန့်လွင်(ဘ)ဦးထွန်းပိုင် ပီကေဂျီ-၀၁၈၆၈၀ အမည်ဖြင့် ကွင်းအမှတ် ၄၉၅/အေ၊ မြေကွက်အမှတ် ၆၁၃၊ ၁၉၉၇ခုနှစ်၊ မတ် ၁၄ ရက်စွဲဖြင့် ချပေးထားသော ကွင်းအမှတ် ၄၉၅/အေရှိ မြေကွက် (၃)ကွက်ဖြစ်သည့် (၁)ဒေါ်မြင့်မြင့်အေး (ဘ)ဦးကျင်အေး ကေတီအင်န်-၀၀၃၁၁၇ အမည်ဖြင့် မြေကွက်အမှတ် ၆၀၇၊ (၂) ဦးစန်းမောင် (ဘ)ဦးလှမောင် အိတ်ချ်ဂျီယူ-၀၉၂၅၉၃ အမည်ဖြင့် မြေကွက်အမှတ် ၆၀၉၊ (၃)ဦးမြထွေး (ဘ) ဦးထွန်းကြည် အိတ်ချ်ဂျီယူ-၁၃၄၈၁၉ အမည်ဖြင့် မြေကွက်အမှတ် ၆၁၁ ဟုခေါ်သည့် မြေကွက်တစ်ကွက်လျှင် (အလျား ပေ၁၀၀× အနံ ပေ၁၂၀) အကျယ်အဝန်းရှိသည့် အထက်ဖော်ပြပါ မြေကွက်(၄)ကွက်ကို ကျွန်မ ဒေါ်ခင်ဥမ္မာက ဝယ်ယူမည်ဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်(၄)ကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဥမ္မာ
၁၂/မရက(နိုင်)၀၂၇၃၁၅
ဖုန်း-၀၉-၅၀၂၉၅၆၆၊ ၀၉-၄၇၃၀၄၀၆၅

Required a reporter for The Asahi Shimbun, Japanese newspaper:M/F: fluency in English essential:age not more than 45. Interested persons pl send resume to.. asahiyangon @ gmail.com

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက(အဖျောက်) တက္ကသိုလ်ဝင်တန်း(C)မှ မမြတ်သီရိနွယ်၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ဖြစ်ပါသည်။ **ဦးအောင်ဇော်ဝင်း ၁၂/တကန(နိုင်)၁၁၇၄၉၉**

ပါရမီလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီးလှူဒါန်း

စဉ့်ကိုင် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မှက္ခရာရှေးဟောင်းနယ်မြေ ဧည့်ပြကျေးရွာအုပ်စု ပါရမီလူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီး လှူဒါန်းပွဲကို ဧည့်ပြရွာ ရွာလယ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဩဂုတ် ၄ ရက် နံနက် ၈ နာရီက ကျင်းပရာ **(ယာပုံ)**ပါရမီလူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးတင်ဆွေက လက်ခံယူခဲ့သည်။

ယခုလှူဒါန်းသော လူနာတင်ယာဉ်မှာ Grand HIACE V6 အမျိုးအစားဖြစ်ပြီး အချက်ပြမီးတပ်ဆင်ခြင်းနှင့် လူနာထမ်းစင်အပါအဝင် တန်ဖိုးငွေကျပ် ၄၈ သိန်းဖြစ်ကြောင်း သိရသည်။ ကားအလှူရှင်များဖြစ်သော ဦးကိုကို-ဒေါ်ကြူကြူ(ရွှေမြန်မာ စိုက်ပျိုးရေးခြံ)၊ ဦးနိုင်ဝင်းဇော် - ဒေါ်နွေးနွေး (လင်းထွန်းသစ်သီးပွဲရုံ၊ မူဆယ်မြို့)၊ ဒေါ်သန်းစိန်နှင့် သားဦးကြီးမောင်၊ ဒေါ်လှဲ့လှဲ့ခိုင်(ဧည့်ပြရွာ) နှင့် ဦးသန်းထွန်း-ဒေါ်သန်းမြင့် (ဝင်းသစ္စာ၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်း စဉ့်ကိုင်မြို့)တို့အား ပါရမီလူမှုကူညီရေးအသင်းကပေးအပ်သော ဂုဏ်ထူးဆောင်လက်မှတ်များကို အသင်းဥက္ကဋ္ဌ ဦးတင်ဆွေက ပေးအပ်ခဲ့သည်။

ဆက်လက်၍ အလှူရှင်သုံးဦးတို့က ပါရမီလူမှုကူညီရေးအသင်းသို့ အလှူငွေကျပ်ငါးသိန်း ထပ်မံလှူဒါန်းခဲ့သည်။ အစီအစဉ်အရ သံဃာတော်များက အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်း၊ နဝင်္ဂသီလ ဆောက်တည်၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(၁၆၀)**

နံပါတ်မပါ စည်းကမ်းဖောက်ဖျက်ယာဉ်များ ဖမ်းဆီးအရေးယူ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းအဖွဲ့များအနေဖြင့် မော်တော်ယာဉ်များ စည်းကမ်းလိုက်နာရေး ဆောင်ရွက်လျက်ရှိရာတွင် အဓိကအားဖြင့် နံပါတ်မပါသောယာဉ်များကို ဦးစားပေး ဖမ်းဆီးအရေးယူလျက်ရှိကြောင်းယာဉ်စည်းကမ်းထိန်းသိမ်းရေး တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဦးစားပေးဖမ်းဆီး

"ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်များ စည်းကမ်းလိုက်နာရေး ကညန၊ စည်ပင်၊ အကောက်ခွန်နဲ့ ယာဉ်ထိန်းတပ်ဖွဲ့တို့က စီမံချက်များအတိုင်း ကင်းလှည့်ဆောင်ရွက်နေကြပါတယ်။ ဆိုင်ကယ်ကင်းလှည့်အဖွဲ့သုံးဖွဲ့နဲ့လည်း ယာဉ်စည်းကမ်းလိုက်နာရေး ကင်းလှည့်ဆောင်ရွက်နေပါတယ်။ အဓိကအားဖြင့်တော့ နံပါတ်မပါဘဲမောင်းနေတဲ့ယာဉ်တွေကို ဦးစားပေးဖမ်းဆီးနေပါတယ် "ဟု အမှတ်(၂) တပ်ဖွဲ့ခွဲမှူးရုံး ဒုတိယရဲမှူး အောင်ကြီးက ပြောကြားသည်။ "ကျွန်တော်တို့နိုင်ငံမှာ မော်တော်ယာဉ်တင်သွင်းခွင့်တွေ ပိုမိုရရှိလာကြတဲ့အလျောက်တချို့က နံပါတ်လိုင်စင်အပြည့်အစုံနဲ့ စီးကြတယ်။ တချို့ကျတော့လည်း နံပါတ်မရသေးဘဲ စီးနေတာတွေရှိတယ်။ နံပါတ်မရသေးဘဲ ယာဉ်တိုက်မှုဖြစ်ရင် ရှင်းရတာအတော် ခက်ပါတယ်။ ဒါကြောင့် နံပါတ်မရသေးတဲ့ယာဉ်တွေ အသုံးပြုနေတာတွေ့ရင် ဦးစားပေးဖမ်းဆီးပါတယ်"ဟု ၄င်းက ပြောကြားသည်။

ရန်ကုန်မြို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များအနေဖြင့် စည်းကမ်းဖောက်ဖျက်ယာဉ်များကို စစ်ဆေးကြပ်မတ် ပညာပေး အရေးယူလျက်ရှိရာ နေ့စဉ် စီမံချက်အရ အရေးယူမှု ပျမ်းမျှအမှု ၁၀၀ ကျော်ရှိပြီး ရိုးရိုးစည်းကမ်းဖောက်ဖျက်မှု ၂၀၀ မှ ၄၀၀ အတွင်းရှိကြောင်း သိရသည်။

ယာဉ်စည်းကမ်းဖောက်ဖျက်မှုတွင် မထသယာဉ်များသည် စည်းကမ်းဖောက်ဖျက်မှုအများဆုံးဖြစ်ပြီး ယာဉ်ကြောမှားယွင်းမောင်းနှင်ခြင်း၊ ယာဉ်များကို နောက်ကားများ ကျော်မတက်နိုင်စေရန် ကန့်လန့်ဖြတ်ပိတ်ဆို့ ရပ်တန့်ခြင်း၊ မှတ်တိုင်တွင်အချိန်ကြာမြင့်စွာရပ်တန့်ခြင်း စသော ယာဉ်စည်းကမ်းချိုးဖောက်မှုများကို တွေ့ရသည်။ မထသယာဉ်များအနေဖြင့် ထိုကဲ့သို့ ယာဉ်စည်းကမ်း ဖောက်ဖျက်နေခြင်းကြောင့်လည်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နေရသည်ဟု ခရီးသွားပြည်သူအချို့က မှတ်ချက်ပြုပြောဆိုကြသည်။

တာဝန်ထမ်းဆောင်

ယာဉ်စည်းကမ်းဖောက်ဖျက်သော ယာဉ်မောင်းများကို သုံးကြိမ်တိုင် စည်းကမ်းဖောက်ဖျက်ကြောင်း တွေ့ရှိရပါက ယာဉ်မောင်းလိုင်စင်ပိတ်သည်အထိ အရေးယူနိုင်ကြောင်းသိရသည်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရန်ကုန်မြို့ပေါ်၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင် ၉၀၀ ကျော်ယာဉ်အန္တရာယ်ကင်းရှင်းရေးအချိန်ပြည့်နေပူမရှောင် မိုးရွာမရှောင် တာဝန်ထမ်းဆောင်နေကြောင်း သိရသည်။

မောင်ကျေးသား

Royal Romance Wedding Fair 2013 မန္တလေးတွင် ကျင်းပမည်

မန္တလေး ဩဂုတ် ၈

သီတင်းကျွတ်အခါသမယ ဝါကျွတ်ကာလတွင် ရွှေလက်တွဲ၍ မင်္ဂလာပွဲနွှဲကြ မည့်မောင်နှံများအတွက်ရည်ရွယ်၍ Royal Romance Wedding Fair 2013 ပြပွဲကြီးကို အထူးခြား၊ အခမ်းနားဆုံးတင်ဆက်ပြသမှုများဖြင့် မန္တလေးမြို့ မြို့တော်ခန်းမ၌ စက်တင်ဘာ ၅ ရက် မှ ၈ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် မြန်မာ့ရိုးရာမင်္ဂလာဝတ်စုံနှင့် အနောက်တိုင်းမင်္ဂလာဝတ်စုံ၊ ပွဲတက်ဝတ်စုံများ၊ လက်ထပ်လက်စွပ်နှင့် လက်ဝတ်ရတနာဆိုင်ကြီးများ၊ မင်္ဂလာခန်းဝင်ပရိဘောဂများ၊ ပွဲထိုင်ဇာနှင့်ပိုးထည်တိုက်များ၊ အလှကုန်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မင်္ဂလာဖိတ်စာလုပ်ငန်းများ၊ ပန်းအလှဆင်လုပ်ငန်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ မှတ်တမ်းတင်ဓာတ်ပုံ၊ စတူဒီယိုများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ Music Band များ၊ အိမ်တွင်း အလှဆင်ပစ္စည်းများ၊ နိုင်ငံတကာအဆင့်မြင့် ပရိဘောဂများ၊ အဆင့်မြင့်ဟိုတယ်နှင့် မင်္ဂလာခန်းမများကို ဆိုင်ခန်းပေါင်း ၂၀၀ ကျော်ဖြင့် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် နိုင်ငံကျော်မိတ်ကပ်ပညာရှင် ခင်စန်းဝင်း၏ မြန်မာ့ရိုးရာမင်္ဂလာဝတ်စုံများ ပြသခြင်း၊ အကအဖွဲ့များမှ တီထွင်ဆန်းသစ်သော Performance အကအလှများဖြင့် ဖျော်ဖြေပြသခြင်း၊ Forever Wedding Dress မှ အနောက်တိုင်းမင်္ဂလာဝတ်စုံများဖြင့် ခမ်းနားစွာတင်ဆက်ခြင်း၊ နာမည်ကြီး အဆိုတော်များက သီဆိုဖျော်ဖြေခြင်း၊ နာမည်ကြီးဒီဇိုင်းနာများက ပွဲတက်မြန်မာဝတ်စုံနှင့် ညနေခင်း ပွဲတက်ဝတ်စုံများပြသခြင်းတို့ကို တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဖုံးသီးဟောင်းများ အပ်နှံ

မန္တလေး ဩဂုတ် ၈

ပြည်သူတစ်ဦးက ဖုံးသီးဟောင်းများကို မန္တလေးမြို့ စစ်မြေပြင်အင်ဂျင်နီယာတပ်သို့ ဩဂုတ် ၅ ရက် နံနက် ၈ နာရီ ၁၅မိနစ်က သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။ ဖြစ်စဉ် မှာ မန္တလေး အောင်မြေသာစံမြို့နယ် မေဂဇီရိရပ် အကွက် ၁၄၅၊ ၁၈ လမ်းနှင့် ၁၉လမ်းကြား ၈၁ လမ်းနှင့် ၈၂ လမ်းကြား အိမ်အမှတ် ၂၉အ/၅၀ နေ ဦးမြင့်စိုး သည် ဩဂုတ် ၂ ရက်က ကျောက်ဆည်မြို့နယ် ဘဲလင်းကျေးရွာအဆောက်အအုံဆောက်လုပ်နေသော ပန်းရန်လုပ်သားများ အမည်စိစစ်ဆဲထံမှ ရရှိလာသော ဖုံးသီးဟောင်းထိပ်ဖူးအကြီးတစ်ခု၊ အသေးနှစ်ခု၊ နောက်ပိတ်တစ်ခုတို့ကို အိမ်တွင်ထားရှိရာမှ အန္တရာယ်များသဖြင့် ဦးမြင့်စိုးက အဆိုပါတပ်သို့ ကိုယ်တိုင်သွားရောက်အပ်နှံခဲ့ကြောင်း သိရသည်။ **(၀၄၀)**

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဦးဝင်းအောင်-ဒေါ်ဝင့်ဝင့်ခိုင်တို့၏သား **မောင်ထူးပြည့်** B.Sc (Geo) [၈/ခမန(နိုင်)၁၃၄၂၆၅]နှင့် မကွေးမြို့၊ ကန်သာရပ်၊ အမှတ် (၃၃၊ ၃၄)နေ ဦးမောင်ဆန်း-ဒေါ်ဌေးဌေးရီတို့၏သမီး **ဒေါက်တာတင်မိုလာဆန်း** B.D.S (Md) [၈/မကန(နိုင်)၁၆၃၀၉၂] တို့သည် ၇-၈-၂၀၁၃ရက်တွင် မန္တလေးတိုင်းဒေသကြီး အထူးတရားရုံး ဒုတိယမြို့နယ်တရားသူကြီး ဒေါ်ဌေးဌေးလွင်၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်ထူးပြည့်-ဒေါက်တာတင်မိုလာဆန်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ အေးရိပ်မွန် ၇ လမ်းနှင့် ရတနာမွန် ၃ လမ်းထောင့်၊ အမှတ် (၅၀)ဟုခေါ်တွင်သောမြေကွက်နှင့် နှစ်ထပ်နေအိမ်အရောင်းအဝယ်ကိစ္စအပေါ်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁-၁၂A) ကမာရွတ်၊ လူနေရပ်ကွက်အမှတ် အေးရိပ်မွန်-၃၊ မြေကွက်အမှတ် ၂၈၄၊ ဧရိယာ ၀ ဒသမ ၁၄၄ ဧက၊ စတုရန်းပေ ၆၂၉၀ အကျယ်အဝန်းရှိ နှစ်၆၀ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်တည်ရှိရာ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ အေးရိပ်မွန်(၇)လမ်းနှင့် ရတနာမွန်၃လမ်းထောင့်၊ အမှတ်(၅၀)ဟုခေါ်တွင်သော နှစ်ထပ်တိုက် (RC) နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်မာလာရီ၊ ဦးနေမျိုးလွင်နှင့် ဒေါ်မြတ်စုဝင်းလွင်တို့သုံးဦး အမည်ပေါက် ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပြီး အမည်ပေါက်ပိုင်ရှင်ဖြစ်သူတို့မှ တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် နှစ်ထပ်တိုက် (RC) နေအိမ်အဆောက်အအုံတို့နှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်အရောင်းအဝယ်ပြုလုပ်ခြင်းကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးရွှေသိန်းမြင့်(စဉ်-၁၈၄၉၆)
အထက်တန်းရှေ့နေ
အမှတ် ၁၀၇၊ ပထမထပ်(ယာ)၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၂၅၂၅၃၃၊ ၀၉-၅၁၈၈၇၀၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်မည့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဆောက်လုပ်ဆဲလေးထပ်ပင်မစာသင်ဆောင် တစ်လုံး အပြီးသတ်ဆက်လက်ဆောက်လုပ်ခြင်းလုပ်ငန်း(ရေ၊ မီးအပါအဝင်)အား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တွင် ၈-၈-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၆-၉-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ တင်ဒါပုံစံတင်သွင်းရမည်။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

တာဝန်ခံပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ အင်ဂျင်နီယာဌာန ဖုန်း-၀၅၆-၂၁၈၆၁၊ ၀၅၆-၂၁၈၇၀၊ ၀၅၆-၂၁၈၆၄တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂W၂၊ မြေကွက်အမှတ် V ၁၇၆၊ V ၁၇၇၊ မြေကွက်တည်နေရာ အမှတ်-၅၃/၅၅၊ ဝါးတန်းလမ်း၊ Ma Cham Nar အမည်ပေါက် နှစ် ၉၀ ဂရန်သက်ကုန်မြေအား ပိုင်ဆိုင်ကြောင်း မွေ့ကာကြေညာစာချုပ်နှင့် စွန့်လွှတ်စာချုပ်များဖြင့် ပိုင်ဆိုင်သူ ဦးဝင်းကြည် ၁၂/လမတ(နိုင်)၀၂၈၈၁၂၊ ဦးတင်အောင် ၁၂/လမတ(နိုင်)၀၂၈၈၃၁၊ ဦးမြင့်လွင် ၁၂/အလန(နိုင်)၀၃၅၈၁၇၊ ဒေါ်ညိမ်းညိမ်းဝင်း ၁၂/ဒဂန(နိုင်)၀၂၃၃၃၄ တို့က ဂရန်သက်တမ်းတိုး လျှောက်ထားခြင်းအား လျှောက်ထားသူတို့က ဖော်ပြပါ မြေ၏ Ma Chan Nar အမည်ပေါက်နှစ်(၉၀)ဂရန်သက်ကုန် ဂရန်အဟောင်းအား ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်အပ်နှံနိုင်ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံချက်တို့နှင့်အတူ တင်ပြလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မသက်ဆိုင်ပါကြောင်း

ကျွန်တော်၏ဇနီး ဒေါ်အေးအေးမြတ် ၉/မတလ(နိုင်)၀၀၇၉၂၃ သည် သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် နှစ်ဦးသဘောတူ ကွာရှင်းခဲ့ပြီးဖြစ်ရာ ၄င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသီဟအောင်၉/မတလ(နိုင်)၁၇၆၆၈၈

ကြော်ငြာ

ကုန်ပစ္စည်း အရည်အသွေး ကောင်းမွန်စိတ်ချရကြောင်း အသိပေးခြင်း

- ကျွန်တော်များ လမင်းတစ်ရာကုမ္ပဏီလီမိတက်သည် နယူးဇီလန်နိုင်ငံ Fonterra Co-operative Group Limited မှ ထုတ်လုပ်သော နို့ထွက်ပစ္စည်းများ၊ အဆီပြည့်နို့မှုန့် Whole Milk Powder - WMP, အဆီနည်းနို့မှုန့် Skimmed Milk Powder - SMP, ထောပတ်နို့မှုန့် Butter Milk Powder - BMP, ထောပတ်ဆီ Anhydrous Milk Fat-AMF တို့ကို Fonterra လီမိတက်၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဝယ်ယူတင်သွင်းရောင်းချ လျက်ရှိပါသည်။

- ယခုအခါ နယူးဇီလန်နိုင်ငံရှိ Fonterra လီမိတက်၏ နို့ထွက်စက်ရုံများအနက်မှ Waikato Hautapu ဒေသရှိ စက်ရုံ(၁)ရုံ၌ ပိုက်လိုင်းယိုစိမ့်မှုကြောင့် ထုတ်လုပ်သည့် နို့ကုန်ကြမ်း တစ်မျိုးဖြစ်သည့် **whey protein concentrate WPC80** တွင် အရည်အသွေး ချို့ယွင်းမှုရှိကြောင်း တွေ့ရှိခဲ့ပါသည်။ Fonterra အုပ်ချုပ်ရေးအဖွဲ့မှ လိုအပ်သည့် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

- **whey protein concentrate WPC80** ကို Fonterra လီမိတက်မှ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချခြင်း မည်သည့်အခါကမျှ မရှိခဲ့ပါ။

- လမင်းတစ်ရာကုမ္ပဏီမှ တင်သွင်းခဲ့သော WMP, SMP, BMP, AMF စသည့် နို့ထွက်ပစ္စည်း အားလုံးကိုလည်း FDA ဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက် တင်သွင်းထားခြင်း ဖြစ်ပါသည်။

- Fonterra လီမိတက်မှ ထုတ်လုပ်သော WMP, SMP, BMP, AMF နို့ထွက်ပစ္စည်းအားလုံးတို့ကို ယခင်မူလအတိုင်း ယုံကြည်စိတ်ချစွာဝယ်ယူအသုံးပြုနိုင်ကြောင်း မိတ်ဆွေ မိတ်သင်များအား အသိပေးအပ်ပါသည်။

Product Quality Issue နှင့်ပတ်သက်၍ မည်သူမဆို အသေးစိတ် သိရှိလိုပါက ဆက်သွယ် မေးမြန်းနိုင်ပါသည်
ဖုန်း - 09-73083040,09-450055388, 09-450055399, 09-421178500, 09-421178511

Link for reliable updates
http://www.fonterra.com/global/en/Hub+Sites/News+and+Media/Media+Releases

လမင်းတစ်ရာကုမ္ပဏီလီမိတက် *
email : info@lamintayar.com
* listed in top 300 tax-paid companies

ပျောက်ဆုံးကြောင်း

ကျွန်တော် ထွန်းထွန်းဝင်း(ဘ)မောင်ဝင်း ၁၂/အစန(နိုင်)၀၀၁၁၁၃၏ Pass Port ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၀၅၂၀၉၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၀ ရပ်ကွက်၊ အမှတ် ၈၆၄+၈၆၅၊ အကျယ်အဝန်းပေ(၈၇×၆၀) ခြံမြေအား မိမိတို့ပိုင်ဆိုင်ပါသည်ဟုဆိုသူ ဦးဟုန်လွယ်ချင် ၁၃/လရန(နိုင်)၁၁၈၇၂၅တို့ထံမှ ဒေါ်နန်းခမ်းမုတ် ၁၃/လရန(နိုင်)၀၈၂၆၂၂က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်နန်းခမ်းမုတ် ၁၃/လရန(နိုင်)၀၈၂၆၂၂
တိုက်-B၊ အခန်း ၄၀၂၊ ရွှေဂုံတိုင်တာဝါ၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၂၆၂၂၄၃

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ဥက္ကလာပမြို့နယ်နေ ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်တင်မောင်မောင်လတ် ၁၂/ဒဂတ(နိုင်)၀၅၀၆၀၃ သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ၊ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြောဆို ပြုမူ၊ နေထိုင်ပြီး ၎င်း၏ဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ အမှုကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဖခင်-ဦးခင်မောင်လတ် - မိခင်-ဒေါ်ခင်ကျော့ရီ
၁၂/ဥကတ(နိုင်)၀၁၄၈၁၅ - ၁၂/ဥကတ(နိုင်)၀၁၄၈၀၈

'ကံကောင်း'
အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ ဘိုကုန်း၊ မင်းကွန်းကျောင်းလမ်းသွယ်၊ အမှတ် ၆၈/A ၊ မြေတိုင်းရပ်ကွက်အမှတ် 9D ၊ မြေကွက်အမှတ် ၁၀/c ဟု ခေါ်တွင်သော အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/စခန(နိုင်)၀၁၇၈၇၅ ထံမှ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စပ်ဆိုင်သူများရှိပါက ယနေ့မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးသီ	**ဒေါ်ချိုသဲလွင်**	**ဒေါ်အိသူနွယ်စိုး**
(B.A,R.L)	**(LL.B,D.I.L)**	**(LL.B,LL.M)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၇၈၃၈	**စဉ်-၈၆၈၄**	**စဉ်-၈၇၄၈**
ဖုန်း-၀၉-၅၁၈၀၁၂၀	**၀၉-၇၃၀၆၃၃၈၈**	**၀၉-၇၃၉၀၁၇၀၇**

ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လက်အောက်ရှိ အောက်ဖော်ပြပါ ကော်ဇောအမျိုးမျိုးအား အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချလိုပါသည်။

(က) ကော်ဇော P.P	(၂၃) မျိုး	1 Lot
(ခ) Polypropylene L.D	(၁၀) မျိုး	1 Lot

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၉-၈-၂၀၁၃ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး တင်ဒါပိတ်မည့်ရက်မှာ ၁၂-၉-၂၀၁၃ရက် ၁၃း၀၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံဝယ်ယူရန်နှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊
ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၀၅၃၀၁၊
၀၆၇-၄၁၁၂၂၊ ၀၆၇-၄၁၁၁၄

ESSAYS & LETTERS

ဂုဏ်ထူး ဦးအောင်ခိုင်

သတင်းဆောင်းပါးနှင့်ကြော်ငြာ

တောင်သူများ အစေ့ထုတ်ပြောင်းရေဆင်းမျိုး ပိုမိုစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေ

စိုင်းဇော်လတ်(လင်းခေး)

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ်အတွင်းရှိ မိုးသီးနှံစိုက်ပျိုးသည့်တောင်သူအများစုသည် ယခုနှစ်မိုးရာသီတွင် နှမ်း၊ မြေပဲ၊ ပဲစင်းငုံနှင့်အခြားသီးနှံများထက်အစေ့ထုတ်ပြောင်း ရေဆင်း ၁၀၊ ၁၁ နှင့် ၈၆၈မျိုးတို့ကို ပိုမိုစိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။ ယခင်နှစ်များက ဤဒေသတွင်ဆီထွက်သီးနှံဖြစ်သော နှမ်းနှင့်မြေပဲကိုသာ အဓိကထား၍ နှစ်အတော်အတန်ကြာမြင့်စွာစိုက်ပျိုးခဲ့ကြသည်။ ၎င်းကာလတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်း လင်းခေးမှထွက်သော နှမ်းဆီနှင့် မြေပဲဆီမှာနာမည်ကြီးပြီး ဈေးကောင်းကောင်း ရရှိခဲ့သည်သာမက ယခုကာလအထိဈေးကွက်ရရှိနေသောကြောင့် နှမ်း၊ မြေပဲစိုက်တောင်သူများအနေဖြင့် စားဝတ်နေရေး၊ စီးပွားရေး အခြေအနေ တိုးတက်ကောင်းမွန်လျက်ရှိနေကြသည်။ သို့သော် နှောင်းပိုင်းကာလများသို့ရောက်ရှိလာချိန်တွင် မိုးရွာသွန်းမှုနည်းပါးလာခြင်းမှ စိုက်ပျိုးသီးနှံများမိုးရေလိုအပ်နေချိန်တို့၌ မိုးခေါင်နေခြင်းပြဿနာများနှင့်ရင်ဆိုင်လာကြရသောကြောင့် ရာသီဥတုအကြမ်းဒဏ်ခံ၍ မိုးနည်းသော်လည်း ဖြစ်ထွန်းသည့် ပဲစင်းငုံနှင့် အစေ့ထုတ်ပြောင်း(ဂေါ်ရခါးပြောင်း) မျိုးတို့ကို စတင်စိုက်ပျိုးလာခဲ့ကြသည်။ အဆိုပါအစေ့ထုတ်ပြောင်းကို လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ် ခိုလန်၊ ဟိုက်ဖတ်ကျေးရွာများတွင် စီးပွားဖြစ်အများဆုံးစိုက်ပျိုးကြပြီး နောက်ပိုင်းကာလမှ ယခုအချိန်ထိ လင်းခေး၊ မိုးနဲ၊ မောက်မယ်နှင့်မိုင်းပန်မြို့များသို့လည်း ပျံ့နှံ့လာပြီး စီးပွားဖြစ်စိုက်ပျိုးလာကြသည်ကိုတွေ့ရှိရသည်။

ဆက်လက်၍ခေတ်စနစ်ပြောင်းလဲတိုးတက်လာသည်နှင့်အညီ လင်းခေးခရိုင်တွင်းအစေ့ထုတ်ပြောင်းစိုက်ပျိုးမည့်တောင်သူများသည်မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးရောင်းချပေးသော စပ်မျိုးရေဆင်း ၁၀၊ ၁၁ နှင့် ၈၆၈ မျိုးပြောင်းများကို ဝယ်ယူကာ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှပေးသော စိုက်ပျိုးနည်းပညာများ အသုံးချ၍အစေ့ထုတ်ပြောင်းကိုအောင်မြင်စွာ စိုက်ပျိုးလာနိုင်ခဲ့ကြသည်။

လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာမှတောင်သူဦးစိုင်းလှမြင့်က "ကျွန်တော်အရင်နှစ်တုန်းကတော့ရေဆင်း ၈၆၈ တစ်မျိုးတည်းကိုပဲ သုံး၊ လေးဧကစမ်းသပ်စိုက်ပျိုးခဲ့ပါတယ်။ အခုနှစ်မှာတော့ မြန်မာ့စိုက်ပျိုးရေးဌာနက ရေဆင်း ၁၀၊ ၁၁၊ ထပ်မံရောင်းချပေးတဲ့အတွက် ဇွန် ၅ ရက်မှာ အပိုင် သုံးဧကနဲ့ စပ်ပေါင်း ၁၀ ဧကကို စိုက်ပျိုးခဲ့တာအခုမြင်ရတဲ့ နှစ်လသား ပြောင်းဖူးပင်တွေဖြစ်ပါတယ်။ ထပ်မံပြီး ဇူလိုင် ၁၇၊ ၁၈၊ ၁၉ သုံးရက်မှာ မိုးပြန်ရွာတဲ့အတွက် ရေဆင်း ၁၀၊ ၁၁ အပြင် စိုက်ပျိုးရေးကထပ်ရတဲ့ (P2P)မျိုး အပါအဝင် ဧက ၂၀ ကို ထပ်မံစိုက်ပျိုးထားပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ "ယမန်နှစ်ကတော့ ပြောင်းအစေ့ထုတ်ပြီးအရည်အသွေးပြည့် စံချိန်မီ တစ်ပိဿာလျှင် ကျပ် ၂၅၀မှ ၃၅၀အထိရောင်းရပါတယ်။ ကျွန်တော်တို့နယ်ဘက်မှာတော့ ဟိုနားရွာ၊ နောင်လုံ၊ နမ့်တင်ကျေးရွာတွေမှာ ရေဆင်း ၁၀၊ ၁၁မျိုးကိုပဲ အဓိကထား စိုက်ပျိုးလာကြပြီး ကျွန်တော်တို့ အစေ့ထုတ်ပြောင်းကို ဝယ်ယူကြတဲ့ ပွဲရုံအဝယ်ဒိုင်တွေက အစေ့ခြွေပြီးသား ရာခိုင်နှုန်း ၉၀ အခြောက်ဖြစ်မယ်ဆိုရင်လက်ခံဝယ်ယူပေးပါတယ်။ ကျွန်တော်တို့ကနယ်ဝေးအထိသယ်ဆောင်ပြီးရောင်းစရာမလိုတဲ့အတွက် လင်းခေးမြို့ပေါ်မှာပဲ အဝယ်လိုက်စီးပွားဖြစ်ရောင်းကြပါတယ်"ဟု ဆိုသည်။

ဆက်လက်ပြီး အထွက်နှုန်း၊ ဈေးနှုန်းနှင့်ပတ်သက်၍ "ပြောင်းကောင်းမည်၊ စံချိန်စံညွှန်းအပြည့်အဝရှိမည်ဆိုလျှင် တစ်ဧက အထွက်နှုန်းပိဿာ ၁၀၀၀မှ ၁၂၀၀ အထိ ရရှိပါတယ်၊ ဒီနှစ် ပြောင်းရောင်းမည့် ရာသီရောက် စိုက်ပျိုးတဲ့တောင်သူနဲ့စိုက်ပျိုးရေးဝိုလ်ယာတွေများ လာပေမယ့် တစ်ပိဿာငွေကျပ် ၃၅၀ ကတော့ မလျော့နိုင်ပါဘူး။ ကံကောင်းရင် ယခုနှစ်အစေ့ထုတ်ပြောင်းဈေးက ၄၀၀အထိ တောင်ရရှိနိုင်တဲ့ အလားအလာရှိတယ်လို့ ခန့်မှန်းပါတယ်"ဟု ပြောကြားခဲ့သည်။ ထို့အပြင် လွန်ခဲ့သောနှစ်များတွင် လင်းခေး (ဒါးဆိပ်၊ ဟိုနား၊ နောင်လုံ၊ နမ့်တင်၊ ဝမ်ဟတ်၊ နားကုန်းနှင့်နမ့် ဆိုင်းကျေးရွာ)များမှ ထွက်ရှိသော အစေ့ထုတ်ပြောင်းများကို လင်းခေး အဝယ်ဒိုင်များမှတစ်ဆင့်နမ့်စန်၊ နမ့်စန်ပွဲရုံများမှတစ်ဆင့် ၁၀ ဘီးကားများဖြင့် တရုတ်ပြည်သို့ သယ်ဆောင် တင်ပို့ရောင်းချခဲ့ကြကြောင်း၊ အချို့ကုန်သည်များက ၁၀ ဘီးကားဖြင့် လင်းခေးအရောက်လာရောက်ဝယ်ယူ ရောင်းဝယ်ဖောက်ကားမှုပြုခဲ့ကြောင်းတို့ကို ပြောပြသည်။

သို့ပါ၍ လာမည့်အစေ့ထုတ်ပြောင်းရိတ်သိမ်းချိန်ကာလသို့ရောက်လျှင် လင်းခေးမြို့နယ်အတွင်းမှ ရေဆင်းစပ်မျိုး၁၀၊ ၁၁ စိုက်ပျိုးတောင်သူများကဈေးနှုန်းကောင်းဖြင့်ဝင်ငွေများ ဆက်လက်တိုးပွားနိုင်ဦးမည်ဟု ယုံကြည်မိသည်။ လင်းခေးမြို့နယ်အနေဖြင့် မိုးသီးနှံအစေ့ထုတ်ပြောင်း စိုက်ပျိုးလျာထားချက် ၁၃၄၈ ဧက ကို ၂၀၅၈ ဧကအထိ စိုက်ပျိုးထားရှိပြီး တစ်ခရိုင်လုံး လျာထားချက် ၆၆၀၃ ဧက ဖြစ်ပြီး လက်ရှိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစိုင်းမောင်ချစ်(ဦးစီးအရာရှိ)က ပြောကြားသည်။

ဩဂုတ် ၄ ရက်တွင် ဒါးဆိပ်ကျေးရွာမှ အစေ့ထုတ်ပြောင်း စိုက်ပျိုးသည့်တောင်သူ ဦးစိုင်းလှမြင့်၏ ဧက ၃၀ ခြံသို့ သွားရောက်ကာ စိုက်ပျိုးသီးနှံကွင်းဆင်းလေ့လာခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်
ဆောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေစာရင်းခေါင်းစဉ်(၆၀) ပညာရေး၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန (၁)ဆောင်ရွက်ဆဲလုပ်ငန်း (၂)ဖြည့်စွက်လုပ်ငန်း (ငွေလုံးငွေရင်း)ခေါင်းစဉ်ဖြင့် မွန်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်း (၈၈)ကျောင်းနှင့် ခရိုင်ပညာရေးမှူးရုံး (၁)ရုံးအတွက် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆောက်လုပ်ရေးလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပေ(၆၀×၃၀) အုတ်ညှပ်တစ်ထပ်ဆောင် - ၃၅ ကျောင်း
(ခ) ပေ(၉၀×၃၀) အုတ်ညှပ်တစ်ထပ်ဆောင် - ၄၆ ကျောင်း
(ဂ) ပေ(၁၂၀×၃၀) အုတ်ညှပ်တစ်ထပ်ဆောင် - ၇ ကျောင်း
(ဃ) ပေ(၉၀×၃၀) အုတ်ညှပ်နှစ်ထပ်ဆောင် - ၁ ရုံး

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသူများ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါလုပ်ငန်းများအတွက် လိုအပ်သောအချက်အလက်ပုံစံ၊ ဈေးနှုန်းများပြည့်စုံစွာဖြင့် တင်ဒါကြီးကြပ်မှုကော်မတီ၊ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ၃၁-၈-၂၀၁၃ရက်နောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ပါရန်နှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းအမှတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဖုန်း-၀၅၇-၂၅၉၁၅ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ဖုန်း-၀၅၇-၂၇၃၀၃ (မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး)
(ဂ) ဖုန်း-၀၅၇-၂၇၁၄၉ (ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့)

တင်ဒါခေါ်ယူရေးအဖွဲ့
မွန်ပြည်နယ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)တွင် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

စဉ် ပစ္စည်းအမျိုးအမည်
၁။ သစ်သားဗီရို(ကျွန်း)(၆'×၃'×၁-၆") (၅) လုံး
၂။ ဓာတ်ခွဲခန်းသုံးစားပွဲ(၈'×၄'×၃.၅') (၆) လုံး
၃။ Computer table (၁၆) လုံး
၄။ ပလပ်စတစ်ထိုင်ခုံ(လက်တန်းပါ) (၁၆) လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၉-၉-၂၀၁၃ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ) ဖုန်း-၀၄၄-၂၁၇၃၈နှင့် ၀၉-၄၂၂၄၈၉၅၇၁ တို့တွင် စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အစိုးရနည်းပညာအထက်တန်းကျောင်း(ဟသ်ာတ)

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Lap Top (1) No
(ခ) Copier Toner, Printer Cartridge စသည်များ (၆) မျိုး
(ဂ) ရုံးသုံးစာရေးကိရိယာ (၃၄) မျိုး
(ဃ) ဘက်ထရီ၊ တာယာ ဆိုဒ်စုံ

တင်ဒါပိတ်ရက်နှင့်အချိန် - ၂-၉-၂၀၁၃ရက်၊ ၁၅း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ/ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် ၁၉၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၉၃၇၂၊ ၀၆၇-၄၀၉၃၇၇

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Overhead Cable & Underground Cable - (2) Items
(ခ) လိုင်းပစ္စည်း - (14) Items
(ဂ) Drop Wire(2x0.8mm) - (50000) Meters
(ဃ) Computer Table, Chair နှင့်ဗီရို - (4) Items
(င) Web Server & Accessories - (9) Items
(စ) Video Conferencing Device & Accessories - (6) Items
(ဆ) UPS(3KVA) Auto Voltage Regulator - (44) Nos
(ဇ) Battery - (2) Items
(ဈ) Motorcycle - (50) Units
(ည) Engine Generator - (3) Items
(ဋ) ရုံးသုံးစက်ပစ္စည်း - (7) Items
(ဌ) Letter Scale, Parcel Scale နှင့် Hand Held Metal Detector - (3) Items
(ဍ) Vacuum Cleaner - (5) Nos
(ဎ) Aircon - (5) Items
(ဏ) Inverter,3KVA Voltage Regulator & Charger - (4) Items

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၉-၈-၂၀၁၃ရက် ၁၃း၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါရုံးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) သုတေသနသုံးပစ္စည်း(၁)မျိုး
(ခ) ကျောက်မျက်ပန်းထိမ်လုပ်ငန်းသုံးပစ္စည်းများ
(ဂ) ကျောက်စိမ်းအလုပ်ရုံသုံးပစ္စည်းများ
(ဃ) သန့်ရှင်းရေးသုံးပစ္စည်းများ
(င) လျှပ်စစ်ပစ္စည်းများ
(စ) ဘက်ထရီ/တာယာ/စက်ဆီချောဆီများ
(ဆ) ဝန်ထမ်းတူညီဝတ်စုံ(အမျိုးသား/အမျိုးသမီး)

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၅-၈-၂၀၁၃ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၄-၉-၂၀၁၃ ရက်
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
ကျောက်မျက်ပြတိုက်(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၄၈၁၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက်တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.10/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် 70 mm Ø Steel Ball (120) Tons

Tender No.11/ HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် တာယာမျိုးစုံ (450) Sets

Tender No.12/HPGE/2013-2014
(က) ရုံးချုပ်နှင့်စက်ရုံများအတွက် ရုံးသုံးစက်ကိရိယာပစ္စည်း(၄)မျိုး (28) Nos

Tender No.13/HPGE/2013-2014
(က) ရုံးချုပ်နှင့် စက်ရုံများအတွက် 12 Volt 120 Ah ဘက်ထရီ (100) Nos

Tender No.14/HPGE/2013-2014
(က) တီကျစ်စက်ရုံအတွက် ဓာတုဗေဒပစ္စည်းများ (10) Items

Tender No.15/HPGE/2013-2014
(က) ဘီလူးချောင်း(၂)စက်ရုံအတွက် စက်ဆီ/ချောဆီများ (220) Drums

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် စက်တင်ဘာ ၅ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၆၈နှင့် ၄၁၁၀၇၆

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စည်းကမ်းမဲ့ယာဉ်များ ကျိုင်းတုံ၌ ဖမ်းဆီးအရေးယူ

ကျိုင်းတုံ ဩဂုတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ရည်ရွယ်ချက်တို့ဖြင့် ဩဂုတ် ၆ ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ နောင်ရေးလမ်းဆုံတွင် အမှတ်(၆၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်ကျော်ဇေယျဦးစီးငါးဦး၊ ပို့ဆောင်ဆက်သွယ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအေးကျော်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးပြည့်စုံအောင်၊ မီးသတ်ဦးစီးဌာနမှ ဦးမျိုးမင်းသူတို့သည် ဦးထုပ်မဆောင်းဘဲ မော်တော်ဆိုင်ကယ်စီးသူ ၂၆ ဦး၊ လမ်းပြောင်းပြန်မောင်းသော မော်တော်ကား တစ်စီး၊ ယာဉ်မောင်းလိုင်စင်မပါ သုံးဘီးဆိုင်ကယ်တစ်စီး စုစုပေါင်း ၂၆ ဦးတို့ကို အရေးယူဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီလမှ ဇူလိုင်လအထိ ယာဉ်မတော်တဆ ဖြစ်မှုပေါင်း ၁၀၂ မှု ရှိခဲ့ပြီး ဒဏ်ရာရသူ ၁၈၈ ဦးနှင့် သေဆုံးသူ ၄၁ ဦးရှိခဲ့ကြောင်း သိရသည်။

မောင်မောင်နိုင်(ကျိုင်းတုံ)

ကျိုက်မရောမြို့နယ် ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

မော်လမြိုင် ဩဂုတ် ၈

ကျိုက်မရောမြို့နယ် ရေဘေးရှောင် ပြည်သူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဩဂုတ် ၆ ရက် နံနက်ပိုင်းက ရေကြီးရေလျှံလွတ်ကင်းရာစုရပ်ဖြစ်သည့် ကျိုက်မရောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် ဆန်၊ ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့လှူဒါန်းသည့် အခမ်းအနား ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ရေဘေးရှောင် မိဘပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ထောက်ပံ့လှူဒါန်း

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လှူဒါန်းသည့် ဆန်အိတ် ၃၆ အိတ်နှင့် ခေါက်ဆွဲခြောက် ၁၂ ဖာကို ထောက်ပံ့လှူဒါန်းခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက သုံးရက်စာအတွက် ငွေကျပ် ၁၁ သိန်း ၂ သောင်းတန်ဖိုးရှိ ဆန်နှင့် ခေါက်ဆွဲခြောက် ၃၀၂၀ ကို ထောက်ပံ့လှူဒါန်းခဲ့သည်။

အားပေး

အလားတူ မော်လမြိုင်မြို့တွင်လည်း ရေကြီးရေလျှံဖြစ်သည့်နေရာမှ ပြောင်းရွှေ့နေရာချထားသည့် လှိုင်ရပ်ကွက် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်းသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အဖွဲ့ သွားရောက်၍ ရေဘေးရှောင် မိဘပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကွက်လပ်ဖြည့် (စုပေါင်းအခမဲ့) နာရေးကူညီမှုအသင်း ရေစက်ချပွဲကျင်းပလှူဒါန်း

ပဲခူး ဩဂုတ် ၈

ပဲခူးမြို့ မဇင်းရပ်ကွက် ကန်ဦးကျောင်းတိုက်တွင် တည်ရှိသည့် ကွက်လပ်ဖြည့် (စုပေါင်းအခမဲ့)နာရေးကူညီမှုအသင်းအတွက် မော်တော်ယာဉ်၊ ပစ္စည်းများနှင့် ငွေကြေးများ မတည်လှူဒါန်းမှုအစုစုကို စုပေါင်းရေစက်ချခြင်းနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၄ ရက်က အသင်းရုံး၌ ကျင်းပသည်။

အဆိုပါအသင်းသည် နာယကဆရာတော်ကြီးကိုးပါး၏ ဩဝါဒကိုခံယူ၍ ရပ်ကွက်သူ ရပ်ကွက်သားများ၏ဆန္ဒအရ ယခုနှစ်ဖေဖော်ဝါရီလမှ စတင်ဖွဲ့စည်းခဲ့ပြီး နာရေးကိစ္စများတွင် လိုအပ်သော ပံ့ပိုးကူညီမှုများကို သဂြိုဟ်ပြီးသည်မှစ၍ ရက်လည်သည်အဆုံး မိသားစုသဖွယ်မေတ္တာထား၍ အသင်းသူ အသင်းသားများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အသင်းသူ အသင်းသားများ၏ စေတနာသဒ္ဓါအား၊ လုပ်အား၊ ငွေအားများနှင့်အတူ နီးစပ်ရာရပ်ကွက်များမှ အလှူရှင်များ၏ လစဉ်လှူဒါန်းငွေများ၊ အခါအားလျော်စွာ ထောက်ပံ့လှူဒါန်းသူ အလှူရှင်များ၏ ငွေကြေးများဖြင့် အသင်းရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်မည်ဖြစ်ရာ ဖုန်း-၀၉-၃၃၃၅၈၃၆၂၊ ၀၉-၄၂၈၀၁၉၄၂၈ တို့သို့ အကူအညီတောင်းခံခြင်း၊ ဆက်သွယ်လှူဒါန်းခြင်းများ ပြုလုပ်နိုင်ကြောင်း သိရှိရသည်။ **(၁၃၁)**

ကမ်းပြိုပျက်စီးမှုအတွက် ထောက်ပံ့လှူဒါန်း

ငါးသိုင်းချောင်း ဩဂုတ် ၈

ဩဂုတ် ၅ ရက်က ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့နယ်ခွဲ သောင်ကြီးအုပ်စု တက်ဆိပ်ကျေးရွာတွင် ကမ်းပြိုသဘာဝဘေးအန္တရာယ်ကြောင့် နေအိမ်တစ်လုံးနှင့် မြေလွတ်တစ်ကွက်ပြိုကျပျက်စီးခဲ့ရသော မအေးသန္တာခိုင် မိသားစုအတွက် မြို့နယ်ရေယာဉ်အသင်း၊ မြို့သစ်ရပ်ကွက် ရပ်မိ ရပ်ဖများနှင့် မြို့နယ်ခွဲ အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ခွဲ ကြက်ခြေနီတပ်ဖွဲ့မှူးတို့က ငွေကျပ် ၁၀၀၀၀၀၊ ဆန်တစ်အိတ်၊ ဆီနှစ်ပိဿာနှင့် မီးဖိုချောင်သုံးပစ္စည်းအစုံတို့ကို ထောက်ပံ့ပေးလှူခဲ့ပြီး ကမ်းပြိုသဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ရေးနည်းလမ်းဖြင့် တာဝန်ရှိသူများက အထူးဂရုပြု စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

စောမွန်လှ နဂါးကိုးကောင်ကုသိုလ်ဖြစ်ဆေးခန်းကြီး ပြီးမြောက်အောင်မြင်ရေး နှိုးဆော်လွှာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်၊ မန္တလေးပြင်ဦးလွင်ကားလမ်းနံဘေးရှိ စောမွန်လှ သစ္စာမိဌာန်အောင် ဆုတောင်းပြည့်မြတဘက် နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပရဟိတကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသော ဆရာတော်၊ သံဃာတော်၊ ရှင်သာမဏေ၊ သီလရှင်၊ ယောဂီ၊ ကျောင်းသား၊ ကျောင်းသူ (၉၀၀)ကျော်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို အများပြည်သူများအတွက် နဂါးကိုးကောင်ဆေးပေးခန်းကြီးကို အလျားပေ(၁၀၈)၊ အနံပေ(၄၀) အာစီကွန်ကရစ် သုံးထပ်ဆောက်လုပ်လျက်ရှိပါသည်။ ဆေးပေးခန်းကြီး ပြီးမြောက်အောင်မြင်ရေးအတွက် အလှူရှင်များလိုအပ်လျက်ရှိရာ (၁၂)ပေ ပတ်လည် တစ်ခန်းလျှင် ကျပ်သိန်း(၂၀)နှုန်းဖြင့် မိမိတို့တတ်နိုင်သလောက်ဖြစ်စေ၊ မိမိတို့စေတနာရှိသလောက်ဖြစ်စေ ဘုရင်အနော်ရထာ၊ မိဖုရား စောမွန်လှ တောင်ပြုံးကိုယ်တော်ကြီး ကိုယ်တော်လေးပဌာန်းဆက် ဆွေတော်မျိုးတော် ကုသိုလ်ရှင်များမှ ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၀၂၅၂၁၇၅၅၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ ဓာတ်အားပေးစက်ရုံများအတွက် အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ရွာမဓာတ်အားပေးစက်ရုံနှင့် သာကေတ ဓာတ်အားပေးစက်ရုံများအတွက် လိုအပ်သော Control Card နှင့် စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း

(၂) Frame 5, Frame 6 Gas Turbine များအတွက်လိုအပ်သော စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း

(၃) Frame 5 GT များအတွက် Mark (I), Mark (II) Control Card များနှင့် စက်အရန်ပစ္စည်းများ ဝယ်ယူခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၉-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၉-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-051(2013-2014)	3.3KV High Tension Auto Transformer Type Motor Starter Complete Set	(1) Set	US$
(၂)	IFB-052(2013-2014)	Spares for Komatsu Dozer	(15) Items	US$
(၃)	IFB-053(2013-2014)	Spares for GM 6V 71 Engine (Ex Cooper Well Servicing Unit)	(13) Items	US$
(၄)	IFB-054(2013-2014)	20" Factory Made Hot Bends	(8) Items	US$
(၅)	IFB-055(2013-2014)	10" Steel Ball Valves and Pipe Fittings	(1) Lot	US$
(၆)	IFB-056(2013-2014)	Spares for CAT D 379 Engine	(9) Items	US$
(၇)	IFB-057(2013-2014)	Spares for CAT D 399 Engine	(1) Item	US$
(၈)	IFB-058(2013-2014)	Spares for CAT D 399 Engine	(20) Items	US$
(၉)	IFB-059(2013-2014)	Over Running Clutch for Gefco Rig	(2) Nos	US$
(၁၀)	IFB-060(2013-2014)	Spares for GM 8V 71 Engine	(11) Items	US$
(၁၁)	DMP/L-026(2013-2014)	7:00 × 16 & 7:50 × 16 Tyres	(2) Items	Kyat
(၁၂)	DMP/L-027(2013-2014)	Electronic Cards for Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat
(၁၃)	DMP/L-028(2013-2014)	Insert Bowl for ZP -375 Rotary Table Ex ZJ 70L Drilling Rig	(1) Pair	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၉-၂၀၁၃ရက် ၁၃း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

အမည်ပြောင်း

မြိတ်မြို့၊ အထက(၂) ဒုတိယတန်းတွင် ပညာသင်ကြားနေသော ဦးသန်းစိုး၏သား မောင်အောင်ဝဏ္ဏသွေးအား မောင်အောင်အောင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်အောင်ဦး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၄၂၀၉ KZL Light Truck (DSK-08) L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးနီထွေး ၆/မအရ(နိုင်)၀၅၀၄၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရေယာဉ်မီးဘေးကြိုတင်ကာကွယ်ရေးနှင့်မီးငြိမ်းသတ်ရေး သင်တန်းဖွင့်

မန္တလေး ဩဂုတ် ၈

မန္တလေး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် ဂေါဝိန်ဆိပ်ကမ်းရှိ ပေါ်က္ကံရေယာဉ်ပေါ်၌ ဩဂုတ်၅ရက် နံနက် ၉ နာရီက ပေါ်က္ကံရေယာဉ် ဝန်ထမ်းများ မီးဘေးကြိုတင်ကာကွယ်ရေးနှင့်မီးငြိမ်းသတ်ရေးနည်းစနစ်သင်တန်းဖွင့်လှစ်ရာမန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကြည်တိုးက အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ မဟာအောင်မြေမြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ ခရိုင်အရန်မီးသတ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပေါ်က္ကံ ရေယာဉ်သုံးစင်းပေါ်မှ ကပ္ပတိန်များ၊ သင်္ဘောသားဝန်ထမ်း သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၅ ရက်မှ ၇ ရက်အထိ သုံးရက်သင်တန်းဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားသုံးဦးကို လွှဲပြောင်းပေးအပ်

တာချီလိတ် ဩဂုတ် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ခရိုင်/မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ ဖြစ်သော မကဖ(၈)မှ ဦးဝင်းအောင် ဦးစီး၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူးဦးဝင်းအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ တပ်ကြပ်ကျော်သိန်းနှင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ စာစီတွန်၊ မယ်ဆိုင်ခရိုင် လဝကမှူး ဖနော်ကျာလူဖက်၊ မယ်ဆိုင်ခရိုင် ဒုလဝကမှူးဆက်ဒါးရန်စုကျမ်းနှင့် ဒုလဝကမှူး ယဆဲန်ခုမ်ဟန်ဆန်တို့က အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် လာရောက်လွှဲပြောင်းပေးသော မြန်မာအလုပ်သမားသုံးဦးကို ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီက လွှဲပြောင်းလက်ခံခဲ့ကြောင်း သိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား သုံးဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်း ရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကျောင်းအတွင်း အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များမရှိခြင်းနှင့်နယ်စပ်ဖြတ်သန်းခွင့်ခုနစ်ရက်ကျော်လွန်ခြင်းတို့ကြောင့်ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမားသုံးဦးကို မြို့နယ်အုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် ၎င်းတို့၏ မိဘဆွေမျိုးများထံ မွန်းလွဲ ၁နာရီတွင် ခံဝန်ချက်ဖြင့် အပ်နှံခဲ့ကြောင်းသိရသည်။ ၂၀၁၀ခုနှစ် နိုဝင်ဘာ၁၉ရက်မှ ၂၀၁၃ခုနှစ်ဩဂုတ် ၆ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား၄၇၇၀၊ အမျိုးသမီး၁၆၃၉ ဦး စုစုပေါင်း၆၄၀၉ ဦးရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ပြောင်းရွှေ့မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ကသာ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် တုတ်ကြီးကျေးရွာအုပ်စု သံပုရာကုန်းကျေးရွာ ဧရာဝတီမြစ်ရေကြီးပြီး ရေတိုက်စားမှုကြောင့် လူနေအိမ် ၁၉ အိမ်၊ ပြောင်းရွှေ့အိမ်ထောင်စုဝင် မိသားစုများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို သံပုရာကုန်း စာသင်ကျောင်း၌ ဩဂုတ် ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာန အဖွဲ့ဝင်များ၊ စာရေးဆရာအသင်း အဖွဲ့ဝင်များ၊ ခရိုင်ပြန်/ဆက်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရေလမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ကျေးလက်ပြည်သူများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ထောက်ပံ့ပစ္စည်းများဖြစ်ကြသော တာပေါ်လင်အထည်စ၊ စောင်၊ ခြင်ထောင်၊ ပုဆိုး၊ လုံချည်၊ ယောကျ်ားလေးဝတ်ဘောင်းဘီ၊ အင်္ကျီ၊ မိန်းကလေးဝတ် စကတ်၊ အင်္ကျီ၊ ကြိုး ၁၅ မီတာအရှည်၊ တူဝဒသမ ၇၅ကီလိုဂရမ်၊ မီးဖိုချောင်သုံးပစ္စည်း၊ ရေပုံးတို့ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးလွင်(ကသာ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲ ကျင်းပ

လားရှိုး ဩဂုတ် ၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တွဲဖက်ပြည်နယ်ရုံး) လားရှိုးမှ ပြည်နယ်ဦးစီးမှူး ဦးဝင်းဇော် ဦးဆောင်သောအဖွဲ့သည် တန့်ယန်းမြို့နယ်အတွင်း နယ်လှည့်စစ်ဆေးဆောင်ရွက်ရင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၆ ရက်က တန့်ယန်းမြို့ အထက်တန်းကျောင်းခွဲ၌ ကျင်းပရာ ဦးမင်းဆွေ(စစ်ဆေးရေးမှူး-၂)က ဟောပြောပို့ချခဲ့ပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၇၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ရက်သတ္တပတ် ၃၀ ပြည့် အထူးသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဩဂုတ် ၈

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်၌ ရပ်မိရပ်ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့ဝင်များ၊ လူငယ်များ စုပေါင်း၍ တနင်္ဂနွေနေ့တိုင်း ရပ်ကွက်အတွင်း သန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက်က အပတ်စဉ် ၃၀ ပြည့် အထူးသန့်ရှင်းရေးအဖြစ် မီးရထားလမ်းတစ်လျှောက် ချုံနွယ်အမှိုက်များကို ရှင်းလင်းဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကုန်ကြမ်းပစ္စည်းများ အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်-

အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်)

စဉ်	ကုန်ကြမ်းပစ္စည်းအမည်	အရေအတွက်
(က)	Brown Paper (85 gm) (30"x40") ၅၀၀ ရွက်ပါ	၄၄၄ ထုပ်

မြင်းနှင့်သိုးမွေးမြူရေးစခန်း(ရန်ပယ်/ဟဲဟိုး)

(ခ)	မြင်းစာဆန်ကွဲ	၁၈၅၃ တင်း
(ဂ)	မြင်းစာကုလားပဲလုံး	၄၁၁၁၉ ပိဿာ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၄-၉-၂၀၁၃ ရက် ညနေ ၄:၀၀နာရီ

၃။ **တင်ဒါပေးသွင်းရမည့်စက်ရုံ** - အမှတ်(၁)ဆေးဝါးစက်ရုံ(ရန်ကုန်) မြင်းနှင့်သိုးမွေးမြူရေးစခန်း (ရန်ပယ်/ဟဲဟိုး)

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၀၇၆

ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန၊ ၀၆၇-၄၀၈၃၅၄

နေပြည်တော်

Myanmar Integrated Port Limited(MIPL)

အမှတ်(၄)၊ သီလဝါဆိပ်ကမ်း

တိုက်ဖျက်အုတ်ကျိုး အမြန်ဝယ်ယူလိုခြင်း

ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သောင်းဆွေ (တောင်သာ)

အသက်(၇၀)

တောင်သာမြို့၊ အမှတ်(၄)ရပ်ကွက်နေ (ဦးဘထွန်း-ဒေါ်စောရင်)တို့၏သမီးကြီး၊ မန္တလေးမြို့၊ နန်းရှေ့နေ ဦးမြင့်ညွန့်-ဒေါ်သောင်းမေ၊ ဒေါ်စောမြတ်ထွန်း၊ ဒေါ်လှလှ၊ ဦးမြင့်ဆွေ-ဒေါ်ရီရီမြင့်၊ (ဦးမြင့်သိန်း)-ဒေါ်အမာကြည်တို့၏အစ်မကြီး၊ မမေသူသူမြင့်(ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)၊ မဖူးဇင်သက်ထားတို့၏မိခင်ကြီး၊ ကိုချမ်းမြေ့လင်း-မစုဖြိုးငြိမ်း၊ မောင်အေးချမ်းအောင်၊ မောင်ဝေမင်းဟန်တို့၏ဒေါ်ကြီး၊ မလင်းပြည့်ဖြိုးမေ၏အဘွားသည် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၇း၄၅နာရီတွင် နန်းရှေ့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင်အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်သိန်း

(လဝကဦးစီးမှူး၊ ငြိမ်း)

အသက်(၈၄)နှစ်

ဇန်းမော်မြို့၊ ညောင်ပင်ရပ် ရပ်ကွက်၊ အမှတ် ၁၁၂နေ ဒေါ်မေမေသိန်း၊ ဦးလှမင်း-ဒေါ်ဆွေဆွေသိန်း၊ ဦးနေမျိုးအောင်(မြန်မာနိုင်ငံရဲတပ်ဖွဲ့) - ဒေါ်အေးအေးသိန်း၊ ဦးထွန်းထွန်း(လဝက)-ဒေါ်ပွဲမှီ(ကွန်ပျူတာ တက္ကသိုလ်)၊ ဦးနေစိုး(လဝက)-ဒေါ်စုစုသိန်း၊ ဦးမောင်ထွန်း-ဒေါ်တင်တင်ဝင်း၊ ဦးအောင်မြင့်သိန်း၊ မယဉ်ယဉ်ထွေးတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်စုစု၏ခင်ပွန်းသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှဇန်းမော်မြို့သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထွန်းရှိန်

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄) ရပ်ကွက်၊ ကျောက်ကုန်း၊ မဂ္ဂင်လမ်း၊ ခြံအမှတ် ၁၀(က)နေ ဒေါ်ရီရီ၏ခင်ပွန်း၊ ကိုမြင့်ဇော်(Minotomi Com. Japan)-မအေမီအေးအေးမူ(Director Jamaha Japan)၊ ကိုမြင့်နိုင် - မဆွေဆွေမြင့်(Unicom Com. BKK)၊ မဥမ္မာမြင့်(M.A) (I.T.B.M.U)၊ ကိုဇော်မင်း(Gss Services)၊ကိုမြတ်ကိုအောင်-မကြူကြူရှိန်(Arkar Aung Com. London UK)တို့၏ဖခင်၊ မောင် Rickyမင်းသန့်ထင်၊ မောင် Richard အာကာအောင်တို့၏အမ်းကုန်းသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကျောက်ကုန်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်အေးရီ (ထားဝယ်)

(ထူးစတိုင်စတိုး)

အသက်(၆၉)နှစ်

ထားဝယ်မြို့၊ မြို့တွင်းရပ်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၂၂နေ (ဦးလှမောင်-ဒေါ်ဖွားမြ)တို့၏သမီး၊ ဦးဘမြင့်၏ဇနီး၊(ဒေါ်အေးရီ)၊မောင်တင်ဝင်းလှိုင်-မလှဲ့လှဲ့ဝင်း၊ မောင်ညီညီသက်တို့၏မိခင်၊ မမြတ်မှူးဟေသီ(အထက-၃၊ ထားဝယ်)၊ မောင်ကျားကျားတို့၏အဘွားသည် ၇-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)ည၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ဇဟာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဝေ (တောင်စွန်း)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

အသက်(၆၀)

(ဦးစိန်ခို-ဒေါ်ရီ)တို့၏သမီးချွေးမ၊ (ဦးထွန်းငွေ - ဒေါ်စန်းမြင့်)တို့၏သမီး၊ (ဦးစိန်လင်း)-ဒေါ်သန်းမြင့်၊ ဦးတင်စိန်-ဒေါ်ကျင်စိန်၊ ဒေါ်ခင်အေးရီ၊ ဦးအောင်ထွန်း - ဒေါ်ခင်လေးကြည်တို့၏ ညီမ၊ ဦးဇော်မင်း၏အစ်မ၊ အခန်း ၃၀၉၊ မြစ္စာညိုကွန်ဒို၊သာကေတမြို့နယ်နေ ဦးမောင်မောင်အေး[အထွေထွေမန်နေဂျာ (ငြိမ်း)၊ အဆင့်မြင့်စက္ကူစက်ရုံ၊ သာပေါင်း]၏ဇနီး၊ ကိုဝေဖြိုးမောင်၊ ကိုနေမျိုးအောင်တို့၏မိခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက် (စနေနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မြင့်မြင့်ဝေ (တောင်စွန်း)

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)

စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

အသက်(၆၀)

(ဦးထွန်းငွေ-ဒေါ်စန်းမြင့်)တို့၏သမီး၊ ဦးဝင်းငွေ-ဒေါ်မြင့်သန်း၊ ဦးစိုး-ဒေါ်စန်းစန်း၊ ဦးသိန်းမြင့်-ဒေါ်ခင်လေးဆင့်တို့၏ညီမ၊ဦးညီငွေ-ဒေါ်သန်းသန်းတို့၏အစ်မ၊ အခန်း ၃၀၉၊ မြစ္စာညိုကွန်ဒို၊ သာကေတမြို့နယ်နေ ဦးမောင်မောင်အေး[အထွေထွေမန်နေဂျာ(ငြိမ်း)၊ အဆင့်မြင့်စက္ကူစက်ရုံ၊သာပေါင်း]၏ဇနီး၊ ကိုဝေဖြိုးမောင်၊ ကိုနေမျိုးအောင်တို့၏မိခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ထိုက်ထိုက်

B.Sc (Botany) (ဖက်စပ်-၂)

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၃၆၁နေ [ဦးမော်သင်း-ဒေါ်စမ်းရီ (ကုန်သွယ်/လယ်ယာ၊ ငြိမ်း)]တို့၏သမီးကြီး၊ ဦးရဲမောင် (M.S.P. Co., Ltd.)-ဒေါ်သန္တာဝေ၊ ဦးကျော်တင့်-ဒေါ်စန္ဒာ၊ ဦးရဲနိုင်တို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်သည် ၈-၈-၂၀၁၃ရက် မွန်းလွဲ ၁၂း၄၅နာရီတွင် ပါရမီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက် (စနေနေ့)နံနက် ၉း၃၀နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအုန်း(ပစ်တိုင်းထောင်ခြင်းအဖွဲ့)

အသက်(၉၀)

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဇကောကြီးမြို့နေ (ဦးဖိုးစံ-ဒေါ်ထားခင်)တို့၏သား၊ (ဦးဘရှင်-ဒေါ်မြညွန့်)တို့၏သားသမက်၊ (ဒေါ်သင်းကြည်)၏ခင်ပွန်း၊ (ဒေါ်တင်ကြည်)၏အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မကွေးလမ်း၊အမှတ် ၆၁၈ နေ (ဦးကျော်ဝင်း)-ဒေါ်နီနီ၊ ဦးသက်ခိုင် - ဒေါ်တင်းနွယ်(ခ)တူးတူးတို့၏ဖခင်၊ ကိုဇော်အောင်-မအေးအေးသန်း၊ ကိုအောင်မိုး - မကေသွယ်ဝင်း(MOE နည်း(၃))တို့၏အဘိုး၊မောင်အောင်ထက်မိုး၊ ခေသွန်နှာခတ်တို့၏ဘိုးဘိုးကြီးသည် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၃ရက် (အင်္ဂါနေ့)တွင် လှိုင်သာယာမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ မကွေးလမ်း၊အမှတ် ၆၁၈ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယိကာမကြီး

ဒေါ်သောင်း (သုံးခွ၊ ဗဟန်း)

အသက်(၈၇)နှစ်

သုံးခွမြို့၊ ရေချိုပိုင်းရပ်နေ (ဦးမောင်စိန်-ဒေါ်ငွေမြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီး(တောင်)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၂၈၅နေ (ဦးတင်မောင်)၏ဇနီး၊ (ဦးကျော်ထွဋ်)၊ ဦးအောင်ကြိုင်-ဒေါ်လှကြည်၊ ဒေါ်သန်းသန်းအေး(ဆေးစပ်မှူး၊ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)၊ ဦးတင်ထွဋ် (စာရေး-၁၊ အငြိမ်းစား၊အလက-၂၊ဒဂုံ)၊ (မလှလှရီ)တို့၏မိခင်သည် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ည ၈း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးခင်မောင်ကို

လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)

သစ်တောဦးစီးဌာန

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အမှတ် ၂၁၊ သုခလမ်း၊ ငါးလွှာ(ညာ)နေ ဒေါ်ချစ်ယဉ်နု၏ခင်ပွန်း၊ ဦးစိမ်းကိုကို-ဒေါ်ထွေးထွေးရီ၊ဦးစိမ်းဝါမိုးကို၊မောင်စိမ်းနုမိုးကိုတို့၏ဖခင်၊မောင်ငြိမ်းချမ်းကိုကို၏အဘိုးသည် ၈-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင်ရေဝေးသုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးရဲဦး (ရေနံချောင်း)

B.E (Metal) (1982)

ရေနံချောင်းဒေသကောလိပ်(၁၉၇၇)

အသက်(၅၅)နှစ်

ရေနံချောင်းမြို့၊ မြို့မတောင်ရပ်ကွက်၊ အမှတ် ၂၉နေ (ဦးကြိုက်လှိုင်-ဒေါ်သောင်းကြည်)တို့၏သားကြီး၊ ဒေါ်စိန်သိန်း၏တူ၊ မကွေးမြို့နေ (ဦးခင်ရ-ဒေါ်တင်ညွန့်)တို့၏သားသမက်၊အမှတ်၉၇၄၊ ဆရာစံလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်ခင်ညွန့်ရီ၏ခင်ပွန်း၊ ကိုဇေယျာညွန့်ဦး (ဒုဦးစီးအရာရှိ၊ စီးပွား/ကူးသန်း)၊ မလဲ့သန္တာညွန့်ဦး [နောက်ဆုံးနှစ်၊ BE (Civil)၊ ရမည်းသင်းနည်းပညာတက္ကသိုလ်]တို့၏ဖခင်၊ဦးရဲလွင်(ရွှေFM)-ဒေါ်မိုးမိုးသင်း၊ ဦးရဲညွန့်-ဒေါ်ရင်ရင်ဇော်(အမက-၁၈၊ တောင်ဥက္ကလာပ)၊ မကွေးမြို့၊ ရွှေတော်ဝင်ရပ်ရှင်ရုံပိုင်ရှင် ဦးမောင်ဝင်း-ဒေါ်ခင်ဌေးညွန့်တို့၏အစ်ကိုကြီး၊ တူ၊ တူမ ငါးယောက်တို့၏ဘကြီးသည် ၈-၈-၂၀၁၃ရက် နံနက် ၀၀း၅၈နာရီတွင် အောင်ရတနာအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်အုံးရီ (ပြည်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၄၉၊ ဝေဇယန္တာအနောက် ၁၀လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ်နေ (ဦးသန်းမောင်-ဒေါ်ယဉ်)တို့၏သမီး၊ (ဦးသောင်းရွှေ)၏ဇနီး၊ [ဦးမောင်တင်(ခ)ဦးလှရွှေ]-ဒေါ်ခင်ခင်ဝင်း၊ ဦးဇော်ဝင်း-ဒေါ်ခင်ခင်ဌေး၊ ဦးမင်းသိမ်းဖိုး-ဒေါ်စန်းစန်းဝေ၊ ဦးအေးကျော်-ဒေါ်မမကြီး၊ ဦးမြင့်ထွေး-ဒေါ်မီးမီး၊ ဦးတင်မောင်ဝင်း-ဒေါ်လှလှထွေးတို့၏မိခင်၊ မြေး ၁၉ယောက်၊ မြစ် ၁၆ယောက်တို့၏ဘွားဘွားကြီးသည် ၇-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၈-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းသွားစွာ သံဝေဂပွားခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးစိန်ဝင်း (ပွဲရုံလုပ်ငန်း)

မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်

ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့၊ ဂုဏ်ထူးဆောင်နာယကကြီး

အသက်(၈၆)နှစ်

နေပြည်တော် ပျဉ်းမနားမြို့မင်္ဂလာရပ်နေ(ဒေါ်သန်းစိန်)၏ခင်ပွန်း၊ ဒေါ်ကျင်သန်းဦး၊ (ဒေါ်ထူးထူး)၊ ဒေါ်ဖြိုးဖြိုးဒေါ်ငွေငွေ၊ ဦးဝင်းမြင့်-ဦးထွန်းအောင်ကျော်တို့၏ဖခင် ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့၊ ဂုဏ်ထူးဆောင်နာယကကြီး ဦးစိန်ဝင်းသည် (၁၃၇၅ခုနှစ် ဝါဆိုလကွယ်နေ့) ၆-၈-၂၀၁၃ရက် နံနက်ပိုင်းတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းသံဝေဂပွားများရပါကြောင်း။ **မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလာဝရ ညီနောင်နှစ်ပါးနှင့်ပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့၊နေပြည်တော်၊ပျဉ်းမနားမြို့**

ဒေါ်ခင်ရီ (သထုံမြို့)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၈၁၈နေ (ဦးအောင်ကြည်)၏ဇနီး၊ ဒေါ်တင်မမအောင်-ဦးဘသာ(Dagon Int'l Co., Ltd.)၊ ဒေါ်ခင်လှလှအောင်-(ဦးသော်ဝင်းလတ်)၊ ဒေါ်ခင်မိမိ(ထ/ခွဲ၊ လ-၁၊ ဒဂုံ/မြောက်)၊ ဒေါ်ခင်မို့မို့အောင်(ထ/၁၊ ကမာရွတ်)-ဦးသူရအောင်(Dagon Int'l Co.,Ltd.)၊ (ဦးဝင်းအောင်)၊ ဒေါ်ခင်ထွေးထွေးအောင်-ဦးစံဝင်း၊ ဒေါ်ခင်မာလာအောင်(လ/ထ သတ္တဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ (မလတ်သူဇာ)၊ မောင်နောင်နောင်လတ်-မသက်ထားရွှေစင်လတ်၊ မဝင်းအိဖြူအောင်(M.O.B ဘဏ်၊လမ်းမတော်)၊မောင်ပိုင်မင်းသူ(2nd year, WYTU)၊ မောင်ချမ်းမြေ့ထူး(လွှယ်ဟိန်းကုမ္ပဏီ၊ P & A. Dept)၊ မနှင်းပွင့်ဖြူအောင်(Grade-11၊ ထ-၃၊ ဒဂုံအရှေ့)တို့၏အဘွားသည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သောင်းမြင့် အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ တိုက် ၂/B၊ အခန်း ၂၀၃နေ (ဦးဒါး-ဒေါ်ရင်ကြည်)တို့၏သမီး၊ (ဦးမောင်အေး Loco Inspector၊ မြန်မာ့မီးရထား)၏ဇနီး၊ ဦးစိုးမင်း-(ဒေါ်နွယ်နီအေး)၊ (ဦးထင်အောင်ကျော်အေး)၊ ဦးမင်းအောင်ကျော်အေး-ဒေါ်သန္တာကျော် (Super Power ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး)၊ ဦးဝင်းနိုင်စိုး(Premier Coffee Co., Ltd.)-ဒေါ်ချယ်ရီအေး(အလက-၁၀၊ အင်းစိန်)၊ (ဦးမျိုးအောင်ကျော်အေး)၊ ဦးမိုးအောင်ကျော်အေး-ဒေါ်နန်းတင်လှ(ခေတ္တ-USA)၊ ဦးစိုးအောင်ကျော်အေး-ဒေါ်ချိုချိုဦး(ကမ္ဘာကျော်စားသောက်ဆိုင်)၊ ဦးဖြိုးအောင်ကျော်အေး(လ/ထညွှန်မှူး၊ DCA)-ဒေါ်နန်းလွင်လွင်အောင်(လ/ထညွှန်မှူး၊ DCA)တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၇-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၆း၄၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်တင်မာဌေး (ကျောက်မဲ)

လက်ထောက်ကထိက (ငြိမ်း)

UFL (Chinese) ရန်ကုန်

ဝင်းဇီဝကဆေးခန်း

အသက်(၅၃)နှစ်

ကျောက်မဲမြို့နေ (ဦးစက်တင်-ဒေါ်ဝှမ်)-ဒေါ်တင်ရီတို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးခင်လှ-ဒေါ်ကြွေ)တို့၏သမီးချွေးမ၊ ဦးတင်မောင်ဦး-ဒေါ်ရီရီဝင်း၊ ဦးမျိုးအောင်(ကံ့ကော်တော)-ဒေါ်တင်မာရီ၊ ဦးတင်မောင်ဌေး၊ ဦးအောင်သန်းဦး-ဒေါ်တင်မာအေး၊ ဒေါ်တင်တင်အုန်းတို့၏ညီမ၊ဦးစိုင်းချစ်အေး-ဒေါ်တင်မာချို၊ ဒေါ်တင်မာခိုင်တို့၏အစ်မ၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ ဗိုလ်ရွဲလမ်း၊ အမှတ် ၅၁၊ လေးလွှာနေ ဦးတင်အေး၏ဇနီး၊ မောင်မြတ်ဘုန်းခန့်(အလက-၁၊ ဒဂုံ)၏မိခင်သည် ၈-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုးတင့်အောင်(I.T.C-207)

သင်တန်းအပတ်စဉ်(၂)

အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းဝန်ထမ်းအိမ်ရာ၊ တိုက် ၂၁၊ အခန်း ၀၀၂နေ (ဦးညို)-ဒေါ်တင်နုတို့၏သား၊ ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ကုလားကြီးစုကျေးရွာနေ ဦးမြင့်ဆွေ-ဒေါ်ဌေးဌေးတို့၏သားသမက်၊ ဒေါ်ခင်စန်းတင့်၏မောင်၊ ဒေါ်တင်တင်မာ(လ/ထမန်နေဂျာ၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးအောင်ကျော်မြင့်-ဒေါ်နွယ်နီ၊ ဦးဇော်ဝင်း-ဒေါ်သီသီဌေး(လ/ထ မန်နေဂျာ၊ ပြည်ပရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးနေဝင်းထွန်း(ခ)ထွန်းထွန်း-ဒေါ်ဝင်းဝင်းမာ၊ ဦးအောင်ကျော်မင်း-ဒေါ်ညိုညိုတင့်၊ ဒေါ်ဝင်းဝင်းမော် (အငယ်တန်းလ/ထ၊ ပြည်တွင်းရောင်း/စက်၊ မြန်မာ့သစ်လုပ်ငန်း)၊ ဦးမင်းသိန်း (San Par Oo သောက်ရေသန့်)-ဒေါ်အေးအေးမာ (အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)တို့၏ အစ်ကိုကြီး၊ ဒေါ်ခိုင်ဇာဇာဝင်း၏ခင်ပွန်း၊မအေးမြတ်မွန်၊ မနွေးမြတ်မွန်တို့၏ဖခင်သည် ၇-၈-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက်၄း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၃ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ပြည်သူ့ကိုယ်စားလှယ်များ နိုင်ငံနှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို ကာကွယ်ပေးသည့် ဥပဒေပြဋ္ဌာန်းပေးရန်တာဝန်ဖြစ်

နေပြည်တော် ဩဂုတ် ၈

ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို အစီအစဉ် (၁၇) ခုဖြင့် ကျင်းပသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးရန် သဘောတူညီထားသော ဦးကျော်ကျော်မောင်က လွှတ်တော်နာယက၏ ရှေ့မှောက်၌ ကတိသစ္စာပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတက သဝဏ်လွှာဖြင့်ပေးပို့သည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန (Ministry of Livestock, Fisheries and Rural Development) ဟု အမည်ပြောင်းလဲသတ်မှတ်လိုခြင်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ရှင်းလင်းတင်ပြပြီး အဆိုပါအမည် ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်နှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၃/၂၀၁၃) ကိုလွှတ်တော်ကိုယ်စားလှယ်သုံးဦးတို့က ဆွေးနွေးကြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ရှင်းလင်းဆွေးနွေးရာတွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အရအသုံးစာရင်းများအပေါ် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှ စိစစ်တင်ပြသည့် အစီရင်ခံစာအမှတ်စဉ် (၃/၂၀၁၃)ပါ ကော်မတီ၏ တွေ့ရှိသုံးသပ်ချက်များနှင့်

စာမျက်နှာ ၇ ကော်လံ ၃ ●

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ယာဉ်ကြောပိတ်ဆို့မှုလျော့ကျစေမည့် ဘုရင့်နောင်ခုံးကျော်တံတားပြီးစီးမှု ၈၀ ရာခိုင်နှုန်းရှိနေ

ရန်ကုန် ဩဂုတ် ၈

အမေး၊ အရေး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)

စီးပွားရေးမြို့တော် ရန်ကုန်။ လူဦးရေတိုးမြင့်လာသလို ကားတွေကလည်း တိုးပွားလာသည်။ လမ်းတိုင်း ကားများဖွေးဖွေးလှုပ်နေသည်။ ယာဉ်ကြောပိတ်ဆို့နေပြီဟူသော အသံတွေကို အဆက်မပြတ်ကြားနေရသည်။ ထို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျသွားစေရန် အဓိကလမ်းဆုံမီးပွိုင့်များတွင် ခုံးကျော်တံတားများတစ်စင်းပြီး တစ်စင်းတည်ဆောက်ပေးနေပြီဖြစ်သည်။ လှည်းတန်းခုံးကျော်တံတားကို တည်ဆောက်ဖွင့်လှစ်ပေးပြီးနောက် ယခုအခါ ဘုရင့်နောင်ခုံးကျော်တံတားကို သတ်မှတ်ချိန်အတွင်း ပြီးအောင်တည်ဆောက်နေရာ ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းမန်နေဂျာ ဒေါ်စိုးစိုးတင်နှင့် တွေ့ဆုံကာ ခုံးကျော်တံတားတည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ဆုံမေးမြန်းခဲ့သည်။

ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးမည့်
ဘုရင့်နောင်ခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မေး ။ ။ ဘုရင့်နောင် ခုံးကျော်တံတားတည်ဆောက်ပြီးစီးမှု ရာခိုင်နှုန်းကို ပြောပြပေးပါဦး။

ဖြေ ။ ။ ဘုရင့်နောင် ခုံးကျော်တံတားတစ်ခုလုံးရဲ့ တည်ဆောက်ပြီးစီးမှုကတော့ အခုအချိန်မှာ ၈၀ ရာခိုင်နှုန်း ရှိနေပြီဖြစ်ပါတယ်။ ဘုရင့်နောင်ခုံးကျော်တံတား ဒုတိယအလွှာတံတားရော၊ တတိယအလွှာတံတားတွေပါ တည်ဆောက်မှုလုပ်ငန်းတွေကို အရှိန်အဟုန်မပျက် နေ့စဉ်တည်ဆောက်နေတာမို့ ဘုရင့်နောင်ခုံးကျော်တံတားစီမံကိန်းဟာ သတ်မှတ်ကာလအတွင်းမှာ ပြီးစီးသွားမှာပါ။

မေး ။ ။ ဘုရင့်နောင် ခုံးကျော်တံတားရဲ့ ဒုတိယအလွှာတံတား တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်း သိရှိလိုပါတယ်။

ဖြေ ။ ။ ဒုတိယအလွှာ တံတားရဲ့ မြောက်ဘက်အခြမ်း(အင်းစိန်ဘက်ခြမ်း)မှာ

စာမျက်နှာ ၁၁ ကော်လံ ၁ ❒

ငါန်းဇွန်မြို့နယ် ရက္ခဒီပကျေးရွာ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

မန္တလေး ဩဂုတ် ၈

ငါန်းဇွန်မြို့နယ် ရက္ခဒီပကျေးရွာသည် ရေလယ်သောင်ကျေးရွာအုပ်စုအတွင်းရှိ၍ အိမ်ခြေ ၅၀၀ ကျော်ရှိပြီး နှစ်စဉ်ရေနက်စီးကြောင်းပြောင်းလဲမှုကြောင့် မြေဧက ၁၀၀၀ ကျော် ရေတိုက်စားခံခဲ့ရသည်။ ယမန်နှစ်က နေအိမ် ၃၀ ကျော် ပြောင်းရွှေ့ခဲ့ရပြီး အဆိုပါကျေးရွာမှာ နှစ်ပိုင်းဖြစ်သွားကာ ၁၁၅ အိမ်မှာ သောင်ထွန်းနေသော သဲမြေနေရာများတွင် ဆောက်လုပ်နေရကြောင်း သိရသည်။

ကျေးရွာပြည်သူများအနေဖြင့် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် စိုက်ပျိုးမြေများဆုံးရှုံးခဲ့ရသဖြင့် ပြန်လည်ဖော်ထုတ်ပေးနိုင်ရန် ဆန္ဒရှိနေကြသည်။

ယမန်နှစ်က ရေကြောင်းဆိုင်ရာ အသေးစိတ်တိုင်းထွာချက်များအပေါ် အခြေခံ၍ရေလမ်းထိန်းသိမ်းရေး အင်ဂျင်နီယာများနှင့် မြန်မာရေးဗားအင်ဂျင်နီယာအဖွဲ့တို့ပူးပေါင်း၍ သောင်တူးစက်ကြီးဖြင့် ရေကြောင်းပြောင်းလွှဲရန် လုပ်ဆောင်လျက်ရှိသည်။ ရက္ခဒီပကျေးရွာ၌ မျောတိုင်တန်းကျောက်ဖြည့် ရေကာတာအလျား မီတာ ၅၀၀နှင့် မျောကရစ်တန်း မီတာ ၅၀၀ ဖြင့် ကမ်းပြိုကာကွယ်ရေး လုပ်ဆောင်နေကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းသည် ဩဂုတ် ၆ ရက် နံနက်ပိုင်းက ငါန်းဇွန်မြို့နယ် ရက္ခဒီပကျေးရွာ ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးမှုတိုးတက်ရေးဦးစီးမှူး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ *စာမျက်နှာ ၁၁ ကော်လံ ၅* ✻

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

ဝေါန်မြစ်ရေ စိုးရိမ်ရေမှတ်ကျဆင်းနိုင်

နေပြည်တော် ဩဂုတ် ၈

ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၅ ရက်မှစ၍ ယနေ့အထိ ၁၅ ရက်ခန့် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေပြီး ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၉ စင်တီမီတာ (ပေဝက်ခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

အင်အားအနည်းငယ်ရှိ လျှင်လှုပ်

နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၆ နာရီ ၃၀ မိနစ် ၂၆စက္ကန့်အချိန်တွင် မန္တလေးမြေလျှင်စခန်းမှ အနောက်တောင်ဘက် ၁၆၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စေတုတ္တရာမြို့၏ အနောက်-အနောက်မြောက်ဘက် ၁၃ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အားကစား

၄-၁-၂၀၁၃
သောကြာနေ့

ထွန်းရွှေဝါ
တိုင်းရင်း
ဆေးဖွယ်ကောင်းများ

အထူးအချပ်ပို

မိအေးနဲ့ သက်သေပြလိုစိတ်များကြားက

ကွန်မြူနေတီဒိုင်း

စာ-၄

အသင်တယ်မို့ အသက်ကြီးတိုင်း တစ်သက်တာဆန်တဲ့ပွဲလို့ ယူဆလိုရာမှ ပြိုင်ပွဲအပေါ် အလေးထားမှု အောင်မြင်မှု အတွက် ထွန်းအောင် နိုင်လိုစိတ်တွေပေါင်းဆုံလာပြီဆိုရင်····

အီမရိုက်မလေးမှ ထုတ်ပြခဲ့သည့် အာဆင်နယ်၏ လိုအပ်ချက်

စာ-၄

တစ်နှစ်တာ ဝင်ငွေ အကောင်းဆုံး အမျိုးသမီး အားကစားသမားစာရင်းတွင် ဆီရီနာဝီလျံကို ရှာရာပိုဗာအနိုင်ယူ

စာ-၂

မန်စီးတီးအသင်းရဲ့ ခွက်မဲ့တစ်ချပ် သို့မဟုတ် နီဂရီဒို

စာ-၃

လမ်းလျှောက်ပါ ဆန္ဒမွန် သောက်ပါ

ဆီးဝမ်းလေမှန် ပေါ့ပါးကျန်းမာမည်

မြန်မာ့အလင်း
အားကစားအချပ်ပို
၉-၈-၂၀၁၃ (သောကြာနေ့)

ENERVON-C

တစ်နှစ်တာ ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမားစာရင်းတွင် ဆီရီနာဝီလျံကို ရှာရာပိုဗာအနိုင်ယူ

ထက်အောင်

ရုရှားနိုင်ငံသူ တင်းနစ်အားကစားသမား မာရီယာ ရှာရာပိုဗာဟာ တင်းနစ်ပြိုင်ပွဲတွေမှာ အမေရိကန်နိုင်ငံသူ ဆီရီနာဝီလျံနဲ့ ရင်ဆိုင်ရတဲ့အခါ နိုင်ပွဲရရှိအောင် ခက်ခက်ခဲခဲ ရုန်းကန်ရတတ်တဲ့ အစဉ်အလာရှိသူဖြစ်ပါတယ်။

ပြောရရင် သူတို့နှစ်ဦးဆုံတွေ့တဲ့ ပြိုင်ပွဲတိုင်းမှာ ရှုံးပွဲအများဆုံး ကြုံတွေ့ရလေ့ရှိတာက ရှာရာပိုဗာသာဖြစ်ပါတယ်။

ဒါပေမယ့် အသက် ၂၆ နှစ် အရွယ် မာရီယာရှာရာပိုဗာဟာ Forbes မဂ္ဂဇင်းကနေ ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမား ၁၀ ဦးစာရင်းမှာတော့ ဆီရီနာဝီလျံကို အနိုင်ယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဇွန်လကနေ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း ကစားသမားတွေရရှိခဲ့တဲ့ ဝင်ငွေတွေကို စုပေါင်းတွက်ချက်ပြီး ထုတ်ပြန်ခဲ့တဲ့ အဲဒီစာရင်းမှာ ရှာရာပိုဗာက စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၂၉ သန်းနဲ့ ထိပ်ဆုံးနေရာမှာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်တယ်။ ရှာရာပိုဗာဟာ အခုလ ၅ ရက်နေ့မှာ အမျိုးသမီးတင်းနစ်အဖွဲ့ချုပ် (WTA)ကနေ ထုတ်ပြန်ခဲ့တဲ့ အမျိုးသမီးတင်းနစ်ရပ်တည်မှုအဆင့်မှာ အဆင့် ၂ နေရာကနေ အဆင့် ၃ နေရာကို လျှော့ကျခဲ့ရတဲ့သူဖြစ်တယ်။

Forbes မဂ္ဂဇင်းကနေ ထုတ်ပြန်ခဲ့တဲ့ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အမျိုးသမီးအားကစားသမား ၁၀ ဦးစာရင်းမှာ တင်းနစ်အားကစားမယ် ခုနစ်ဦးအထိ ပါဝင်ခဲ့ပြီး ထိပ်ဆုံးနေရာကနေ အဆင့် ၄ နေရာအထိကိုလည်း တင်းနစ်အားကစားမယ်တွေသာ စိုးမိုးထားနိုင်ခဲ့တယ်။

အဆိုပါ စာရင်းရဲ့ ဒုတိယနေရာမှာ ကမ္ဘာ့အဆင့် ၁ တင်းနစ်မယ် ဆီရီနာဝီလျံက အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၅ သန်း၊ တတိယနေရာမှာ တရုတ်နိုင်ငံသူ တင်းနစ်မယ် လီနာက အမေရိကန် ဒေါ်လာ ၁၈ ဒသမ ၂ သန်း၊ စတုတ္ထနေရာမှာ ဘီလာရုစ်နိုင်ငံသူ အဇာရင်ကာက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်းနဲ့ အသီးသီးရပ်တည်နိုင်ခဲ့တယ်။

ဒိန်းမတ်နိုင်ငံသူ တင်းနစ်မယ် ဝေါ့ဇနီယာစကီ၊ ပိုလန်နိုင်ငံသူ ရက်ဝမ်စကာ၊ ဆားဘီးယားနိုင်ငံသူ အန်နာအိုင်ဗန်နိုဗစ်တို့က အဆင့် (၇)၊ (၈)၊ (၉) တို့မှာ အသီးသီး ရပ်တည်နိုင်ခဲ့တယ်။

အဆိုပါ စာရင်းမှာ အမေရိကန်နိုင်ငံသူ နာဆာပြိုင်ကားအသင်းက ဒါနီကာပက်ထရစ်က အမေရိကန်ဒေါ် လာ ၁၅ သန်းနဲ့ အဆင့် (၅)၊ တောင်ကိုရီးယားနိုင်ငံသူ အလှစီးစကိတ်အားကစားမယ် ကင်မ်ယူနာက အမေရိကန်ဒေါ်လာ ၁၄ သန်းနဲ့ အဆင့် (၆)၊ အမေရိကန် ဂေါက်သီးအားကစားမယ် ခရီမာက အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းနဲ့ အဆင့် (၁၀)နေရာတွေမှာ ရပ်တည်နိုင်ခဲ့ကြတယ်။

ကမ္ဘာ့အမျိုးသမီး အားကစားသမားတွေရဲ့ ဝင်ငွေများပြားတယ်ဆိုပေမယ့် အမျိုးသမီးအားကစားသမားနဲ့ အမျိုးသားအားကစားသမားတွေရဲ့ကြားက ဝင်ငွေရရှိမှုကတော့ ကြီးမားတဲ့ ကွာဟချက်ရှိနေဆဲဖြစ်တယ်လို့ Forbes မဂ္ဂဇင်းက ကောက်ချက်ချဖော်ပြထားပါတယ်။

ဥပမာအနေနဲ့ ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်ကနေ ၂၀၁၃ ခုနှစ် ဇွန်လ ၁ ရက်အတွင်း အမေရိကန်ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်ရဲ့ စုစုပေါင်းဝင်ငွေက အမေရိကန်ဒေါ်လာ ၇၈ သန်း ရှိခဲ့တယ်။

နာမည်ကျော် NBA ဘတ်စကက်ဘော အားကစားသမားတစ်ဦးဖြစ်တဲ့ ကိုဘီဘရိုင်ယန်ဟာ လာမယ့်ရာသီမှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၅ သန်းလောက် ရရှိဖို့ ရှိပါတယ်။ ဒါပေမယ့် NBA အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲမှာ အမြင့်ဆုံးဝင်ငွေက အမေရိကန်ဒေါ်လာ ၁၀၇၀၀၀ သာ ရှိပါတယ်။

ဒါ့အပြင် ၂၀၁၃ ခုနှစ် အမေရိကန်အိုးပင်း အမျိုးသားဂေါက်သီးပြိုင်ပွဲမှာ ချန်ပီယံဆုရရှိခဲ့တဲ့ အင်္ဂလန်ဂေါက်သီးအားကစားသမား ဂျက်စတင်ရို့စ်ဟာ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ရရှိခဲ့တယ်။ ဒါပေမယ့် ၂၀၁၃ ခုနှစ် အမေရိကန်အိုးပင်း အမျိုးသမီးဂေါက်သီးပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့တဲ့ တောင်ကိုရီးယားနိုင်ငံသူ အင်ဘီပတ်ခ်ကတော့ ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၈၅၀၀၀ သာ ရရှိခဲ့တယ်။

ဒါကြောင့် တစ်နှစ်အတွင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားများစာရင်းရဲ့ ထိပ်ဆုံးနေရာကို အမျိုးသမီးအားကစားသမားတွေ ရယူနိုင်ဖို့ဆိုတာတော့ အလှမ်းဝေးနေဦးမှာပဲဖြစ်ပါတယ်။

ရှာရာပိုဗာ

ဆီရီနာဝီလျံ

ရင်သွေးများ၏ အနာဂတ်အပေါ် ဖိအားပေးသွားမည် မဟုတ်ဟု တိုက်ဂါးဝုဒ် ပြောဆို

အမေရိကန်ဂေါက်သီးအားကစားသမား တိုက်ဂါးဝုဒ်သည် သူ၏ရင်သွေးများအပေါ် အနာဂတ်နှင့်ပတ်သက်၍ ဖိအားပေးမှုများ ပြုလုပ်သွားရန်မရှိကြောင်း တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ဖြေဆိုခဲ့သည်။

အသက် ၃၇ နှစ်အရွယ် တိုက်ဂါးဝုဒ်သည် သမီးကြီး ဆမ်(၆ နှစ်)၊ သားငယ် ချာလီ (၄နှစ်)တို့၏ ဖခင်ဖြစ်သည်။

တိုက်ဂါးဝုဒ်အား သားငယ်ဖြစ်သူ ချာလီ၏ အနာဂတ်နှင့်ပတ်သက်ပြီး မည်သို့ဖြစ်စေချင်သလဲလို့ မေးမြန်းခဲ့မှုကို တိုက်ဂါးဝုဒ်က "သူဘာဖြစ်ချင်သလဲဆိုတာကို သူ့ဘာသာ ဆုံးဖြတ်ရမှာပါ။ တကယ်လို့ သူကဂေါက်သီးကစားချင်တယ်ဆိုရင် ဂေါက်သီးသမားဖြစ်လာမှာပေါ့။ တကယ်လို့ အခြားအားကစားနည်းတစ်မျိုး ကစားဖို့၊ ဒါမှမဟုတ် ဘာအားကစားနည်းမှ လုပ်ဖို့ဆန္ဒမရှိဘူးဆိုရင်လည်း သူ့ဘဝမှာ ပျော်ရွှင်နေဖို့သာ အရေးကြီးပါတယ်။ ကျွန်တော့်ရဲ့ သားသမီးတွေအပေါ် အနာဂတ်နဲ့ပတ်သက်ပြီး ဘယ်လိုဖိအားမှ ပေးမှာမဟုတ်ပါဘူး။ သူတို့ကို ပံ့ပိုးပေးပြီး လမ်းညွှန်ပေးရုံသာ ညွှန်ကြားပေးသွားမှာပါ"ဟု ဖြေဆိုသွားသည်။

တိုက်ဂါးဝုဒ်သည် ဆွီဒင်နိုင်ငံသူမော်ဒယ် အီလင်းနော်ဒီဂရန်နှင့် ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်း လက်ထပ်ခဲ့ပြီး သမီးကြီး ဆမ်၊ သားငယ် ချာလီတို့ ရရှိခဲ့ကာ ၂၀၁၀ ပြည့်နှစ် အောက်တိုဘာလအတွင်းတွင် အီလင်းနှင့် ကွာရှင်းပြတ်စဲခဲ့သည်။

ကြီးလေးကြီး ဂေါက်သီးပြိုင်ပွဲများတွင် ချန်ပီယံဆု ၁၄ ခု ရရှိထားသူ တိုက်ဂါးဝုဒ်သည် သူငယ်စဉ်ကပင် ဂေါက်သီးအားကစားနှင့် ပတ်သက်ခဲ့ပြီး အပျော်တမ်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ၁၉၉၆ ခုနှစ်တွင် ပရော်ဖက်ရှင်နယ် ဂေါက်သီးအားကစားသမားအဖြစ် ကူးပြောင်းခဲ့သူဖြစ်သည်။

WGC-Bridgestone Invitational ပြိုင်ပွဲ တိုက်ဂါးဝုဒ်ဗိုလ်စွဲ

တိုက်ဂါးဝုဒ်သည် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ၄ ရက်အထိ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးတွင် ကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် WGC-Bridgestone Invitational ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀၀ ရရှိသွားခဲ့သည်။

တိုက်ဂါးဝုဒ်သည် အဆိုပါပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက် လျှော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၆၅ ချက်ဖြင့် ချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်သည်။

WGC-Bridgestone Invitational ပြိုင်ပွဲသည် ၁၉၉၉ ခုနှစ်တွင် World Series of Golf ပြိုင်ပွဲ၏နေရာ၌ အစားထိုးကျင်းပခဲ့သည့် ပြိုင်ပွဲဖြစ်သည်။

စတင်ကျင်းပခဲ့သည့် ၁၉၉၉ ခုနှစ် မှ ၂၀၀၅ ခုနှစ်အထိ WGC-NEC Invitational ပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှ စတင်ကာ WGC-Bridgestone Invita - tional ပြိုင်ပွဲအဖြစ် အမည်ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။

တိုက်ဂါးဝုဒ်သည် ၁၉၉၉ ခုနှစ်မှ ၂၀၁၃ ခုနှစ် အတွင်း ကျင်းပခဲ့သည့် ဂေါက်သီးပြိုင်ပွဲ (၁၅)ကြိမ်၌ ချန်ပီယံဆုကို (၈)ကြိမ်အထိ ရရှိခဲ့သူဖြစ်ပြီး ၂၀၀၉ ခုနှစ်တွင် အဆိုပါပြိုင်ပွဲ၌ ချန်ပီယံဆု ရရှိခဲ့ပြီးနောက် ယခုနှစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ထက်အောင်

စာမျက်နှာ ၄ မှ

၎င်းအချက်သည် ယမန်နှစ်က အာဆင်နယ်အနေဖြင့် ဝေါလ်ကော့ကြောင့်သာ ခံသာခဲ့သည်ကို ထင်ထင်ရှားရှား လှစ်ဟပြလျက်ရှိသည်။ ဆိုရလျှင် ဝေါလ်ကော့သည် ယမန်နှစ်က ဂီရောက်၊ ပိုဒေါစကီးတို့ထက် ဂိုးပိုသွင်းနိုင်ခဲ့သည်။ ပြိုင်ပွဲအရပ်ရပ်တွင် စုစုပေါင်း ၂၁ ဂိုးသွင်းပေးခဲ့သည်။ ပရီမီယာလိဂ်တွင် ဂီရောက်၊ ပိုဒေါစကီးတို့လောက် ပွဲထွက်ခွင့်မရသော်လည်း ဂိုးသွင်းသည့် ပွဲအရေအတွက်မှာ ၁၂ ပွဲရှိခဲ့သည်။ ရှစ်ပွဲဂိုးသွင်းနိုင်သည့် ဂီရောက်နှင့် ၁၀ ပွဲဂိုးသွင်းနိုင်သည့် ပိုဒေါစကီးတို့ထက် ဂိုးသွင်းသည့်ပွဲ ပိုများခဲ့သည်။ ထို့အပြင် ပြီးဆုံးခဲ့သော အီမရိတ်ဖလားတွင်လည်း ဝေါလ်ကော့က တစ်ဂိုးသွင်းပေးခဲ့သေးသည်။ ပြောရလျှင် ဝေါလ်ကော့သည် အီမရိတ်ဖလားတွင် ဂီရောက်ကစားခွင့်ရသော မိနစ်ထက် နည်းပါးသည့် မိနစ်လောက်သာ ကစားခဲ့ရသော်လည်း ဂီရောက်နည်းတူ တစ်ဂိုးသွင်းနိုင်ခဲ့သည်။

ထို့ကြောင့် ဝေါလ်ကော့သည် အာစင်ဝင်းဂါးအတွက် ဖြေဆေးတစ်ခုဟုတော့ဆိုနိုင်သည်။ သို့သော် ဝေါလ်ကော့ တစ်ဦးတည်း ဂိုးသွင်းခြေမှန်ရုံဖြင့် အာစင်ဝင်းဂါး အောင်ပွဲမရနိုင်။ ဝေါလ်ကော့ဒဏ်ရာရသည့်အခါ။ သို့မဟုတ် ပွဲဆက်များ၍ ခြေကျသည့်အခါ အခက်အခဲများနှင့်ရင်ဆိုင်ရမည်က သေချာသည်။ ယမန်နှစ်ကဆိုလျှင် ဗီလာ၊ နော့ဝှစ်ချ်တို့နှင့် ပွဲများတွင် ဝေါလ်ကော့မပါ။ အာဆင်နယ်လည်း ဂိုးမရ။ ထို့အပြင် စတုတ်နှင့်ပွဲတွင်လည်း ဝေါလ်ကော့ကို ၇၂ မိနစ်မှ လူစားထည့်သွင်းသည့်အခါ အာဆင်နယ်ဂိုးမရသည့်အဖြစ်များနှင့် ရင်ဆိုင်ခဲ့ရသည်။ အဆိုးဆုံးမှာ ဝေါလ်ကော့သည် တိုက်စစ်မှူး စစ်စစ်မဟုတ်ခြင်းပင်ဖြစ်သည်။ ထို့အပြင် ဝေါလ်ကော့သည်လည်း ကမ္ဘာ့အဆင့်မျိုးမဟုတ်။ ထို့ကြောင့် အာစင်ဝင်းဂါးအနေဖြင့် တိုက်စစ်ပိုင်းကို မဖြစ်မနေပြင်ရန် လိုသည်ဟု ဆိုရမည်။

သို့သော် ပြောခဲ့သလို အာစင်ဝင်းဂါးကမူ ဆွာရက်ဇ်ကို မရလျှင်လည်း ပြဿနာမရှိ။ ကစားသမားသစ်များ ထပ်မခေါ်နိုင်လည်း ပူစရာမလို။ လက်ရှိလူအင်အားသည် ပရီမီယာလိဂ်ဖလားကို ရယူနိုင်သည်ဟုဆိုလျက်ရှိသည်။ ထိုစကားပြောပြီး မကြာခင်၌လည်း အာဆင်နယ်သည် အီမရိတ်ဖလားကိုပင် လက်လွှတ်ခဲ့ရသည့်အခါ အာဆင်နယ်အပေါ် ဝေဖန်သံများ၊ လှောင်ရယ်သံများ၊ ဆူဆူညံညံ ထွက်ပေါ်လာလျက်ရှိသည်။ အာဆင်နယ်၏ အနာဂတ်သည် ဝင်းဂါးအပေါ်တွင်သာ တည်မှီလျက်ရှိပေတော့သည်။

မန်စီးတီးအသင်းရဲ့ ဝှက်ဖဲတစ်ချပ် သို့မဟုတ် နီဂရီဒို

ဒီနှစ်ပရီမီယာလိဂ်ရဲ့ နွေရာသီဈေးကွက်ကို ကြည့်မယ်ဆိုရင် ထိပ်သီးအသင်းတွေထဲမှာတော့ မန်စီးတီးအသင်းက လှုပ်ခတ်မှုအရှိဆုံးလို့ဆိုရမှာပါ။ အခုလတ်တလောအချိန်အထိ ကစားသမားသစ်ခေါ်ယူမှုအတွက်သုံးစွဲခဲ့တဲ့ငွေကြေးက ပေါင်သန်း၁၀၀ကျော် ရှိနေပါပြီ။ ဒါတောင်မန်စီးတီးအသင်း အနေနဲ့ခေါ်ယူမှုကို ရပ်တန့်လိုက်ပြီ၊ ကျေနပ်မှုရှိပြီလို့ မပြောသေးပါဘူး။ ထိပ်တန်းကစားသမားတွေကို ထပ်မံခေါ်ယူဖို့ ပြင်ဆင်နေပါသေးတယ်။ ဒါကြောင့် ပြိုင်ဘက်အသင်းကြီးတွေနဲ့ယှဉ်ရင်တော့ မန်စီးတီးအသင်းဟာ ရာသီသစ်အတွက် အကောင်းဆုံးပြင်ဆင်မှုတွေလုပ်နေတဲ့အသင်းလို့ ပြောရမှာပါ။

ပြောင်းလဲမှု

မန်စီးတီးအသင်းဟာ အမြဲတမ်းအောင်မြင်မှုတွေ ဆာလောင်နေတဲ့ အသင်းလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ရာသီက အောင်မြင်မှုတွေရရှိခြင်းမရှိဘဲ ဆုဖလားလက်မဲ့ဖြစ်ခဲ့တာကြောင့် မန်စီးတီးအသင်းအတွက် ဆယ်စုနှစ်ပေါင်းများစွာဝေးကွာနေခဲ့တဲ့ ပရီမီယာလိဂ်ဆုဖလားကို ရယူပေးခဲ့တဲ့ မန်နေဂျာ မန်ချီနီကို မျက်နှာထောက်ထားခြင်းမရှိဘဲထုတ်ပယ်ခဲ့တဲ့အထိ အမျက်တော်ရှခဲ့တယ်လို့ဆိုရမှာပါ။ ဒါဟာ ဘာကိုပြသလဲဆိုရင်အသင်းအတွက် အောင်မြင်မှုသာလျှင် အဓိကအရေးကြီးဆုံးလို့ဆိုတဲ့သဘောပါပဲ။ ဒါကြောင့်လည်းမန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်မှာ မာလာဂါအသင်းကို ဆီမီးဖိုင်နယ်အထိရောက်ရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ နည်းပြပယ်လီဂရီနီကို မန်ချီနီရဲ့နေရာမှာ အစားထိုးခန့်အပ်ခဲ့ပါတယ်။ မာလာဂါနည်းပြဟောင်း ပယ်လီဂရီနီဟာမန်စီးတီးအသင်းကို စတင်ကိုင်တွယ်သည်နှင့်တစ်ပြိုင်နက် အသင်းရဲ့ ပြီးခဲ့တဲ့ရာသီကအခြေအနေတွေကိုလည်း ကောင်းကောင်းလေ့လာသုံးသပ်မိခဲ့ပါတယ်။ မန်စီးတီးအသင်းရဲ့ ပြီးခဲ့တဲ့ရာသီကိုကြည့်မယ်ဆိုရင် ဆုဖလားလက်မဲ့ ဖြစ်ခဲ့ရုံတင်မကပါဘူး၊ အသင်းရဲ့ တိုက်စစ်ပိုင်းတွေကို ကြည့်မယ်ဆိုရင်လည်း အားရလောက်စရာကောင်းလောက်အောင် တွေ့မြင်ရခြင်းမရှိပါဘူး။ ဘာဖြစ်လို့လဲဆိုရင် မန်စီးတီးဟာ ပြီးခဲ့တဲ့ရာသီကုန်မှာ အမှတ်ပေးဇယားရဲ့ ဒုတိယနေရာမှာ ရှိနေခဲ့ပေမယ့် သွင်းဂိုးရရှိမှုမှာတော့ အဆင့် ၅ နေရာမှာသာရှိတဲ့ စပါးအသင်းနဲ့ အတူတူရှိနေခဲ့ပြီး အဆင့် ၇ နေရာမှာရှိခဲ့တဲ့ လီဗာပူးအသင်းနဲ့ဆိုရင် ငါးဂိုးတောင်ကွာခြားနေတာကို တွေ့မြင်ရမှာပါ။ ဒါဟာဘာကိုပြသလဲဆိုရင် မန်စီးတီးအသင်းမှာ ထိပ်တန်း ဂိုးသွင်းယူနိုင်လောက်တဲ့ တိုက်စစ်မှူးမရှိဘူးဆိုတဲ့ အချက်ပါပဲ။ အဲဒါကို မန်စီးတီးအသင်းမန်နေဂျာသစ်ပယ်လီဂရီနီအနေဖြင့်လည်း ကောင်းကောင်းနားလည်သဘောပေါက်ထားပါတယ်။

ပြင်ဆင်မှု

ဒါကြောင့် သူဟာ မန်စီးတီးအသင်းကို ရောက်ရှိပြီး မကြာခင်မှာပဲ ဥရောပအသင်းတော်တော်များများက ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့ ဆီဗီလာတိုက်စစ်မှူး နီဂရီဒိုကို ပေါင်သန်း ၂၀ နဲ့ အရခေါ်ယူလိုက်ပါတယ်။ နီဂရီဒိုဟာ စပိန်လာလီဂါမှာတော့ ရော်နယ်ဒို၊ မက်ဆီတို့ရဲ့အရှိန်အဝါကို မကျော်နိုင်တာကြောင့် နာမည်သိပ်မထွက်ပေမယ့် ပြီးခဲ့တဲ့ရာသီက သူ့ရဲ့ အသင်းမှာ စွမ်းဆောင်ခဲ့တဲ့အရာတွေကို ကြည့်မယ်ဆိုရင် သူ့ရဲ့ အရည်အချင်းကို ခန့်မှန်းမိလောက်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီကဆို ဆီဗီလာအသင်းမှာ ၄၂ပွဲ ပါဝင်ကစားခဲ့ပြီး ၃၁ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ပါတယ်။ အဲဒီသွင်းဂိုးတွေဟာ ပရီမီယာလိဂ်မှာဆိုရင်တော့ ထိပ်တန်းဂိုးသွင်းရှင်လို့ ပြောလို့ရတဲ့ ဗန်ပါစီတို့နဲ့ ကောင်းကောင်းနှိုင်းယှဉ်နိုင်တဲ့ ဂိုးအရေအတွက်မှာရှိနေပါတယ်။ ဒါကြောင့် နည်းပြပယ်လီဂရီနီဟာ အသင်းရဲ့တိုက်စစ်ပိုင်းအတွက် နီဂရီဒိုကို အရခေါ်ယူခဲ့ခြင်းလည်းဖြစ်ပါတယ်။

စောင့်ကြည့်ရမယ့်အချိန်

ဒါ့အပြင် မန်စီးတီးအသင်း မန်နေဂျာပယ်လီဂရီနီဟာ တိုက်စစ်မှူးနီဂရီဒိုကို အသင်းမှာရှိနေတဲ့ တိုက်စစ်မှူး အဂူရို၊ အသစ်ထပ်မံ ခေါ်ယူထားတဲ့ ဂျိုဗီတစ်နဲ့တွဲဖက်ပြီး အသင်းရဲ့ တိုက်စစ်ပိုင်းကိုအကောင်းဆုံး ဖြစ်အောင်လည်း စီစဉ်ထားပါတယ်။ မန်စီးတီးအသင်းရဲ့ အာရှရာသီအကြို ခရီးစဉ်တွေကို ကြည့်မယ်ဆိုရင်လည်း နီဂရီဒိုဟာ မန်စီးတီးအသင်းရဲ့ ကစားဖော်တွေနဲ့ ကောင်းမွန်စွာ တွဲဖက်ကစားပြီး ခြေစွမ်းပြနိုင်တာကိုလည်း တွေ့နိုင်ပါတယ်။ ဒါကြောင့်လည်း မန်စီးတီးမန်နေဂျာသစ်ပယ်လီဂရီနီက တိုက်စစ်မှူးနီဂရီဒိုဟာလာမယ့်ရာသီမှာ ပြိုင်ဘက်ပရီမီယာလိဂ် အသင်းတွေရဲ့ ခံစစ်တွေကို ကြောက်စရာကောင်းလောက်အောင် ခြိမ်းခြောက်မှုတွေပြုလုပ်နိုင်မယ့် ဝှက်ဖဲတစ်ချပ်ဖြစ်တယ်ဆိုတာကို ယုံကြည်နေပါတယ်။ ပယ်လီဂရီနီ ယုံကြည်သလို နီဂရီဒိုဟာခြေစွမ်းပြကစားနိုင်ခြင်း ရှိ၊ မရှိကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမှာပါ။

အောင်က

ဘောလုံးပွဲတစ်ပွဲဟာ ပွဲကြီးတစ်ပွဲဖြစ်ဖို့ လွယ်ပေမယ့် ပွဲကောင်းတစ်ပွဲဖြစ်ဖို့က ခက်တယ်။ ဘောလုံးပွဲတစ်ပွဲမှာ ထိပ်တန်းအဆင့် အသင်းကြီးနှစ်သင်းတွေ့ဆုံလိုက်ရုံနဲ့ အဲဒီပွဲက ပွဲကြီးတစ်ပွဲဖြစ်သွားပေမယ့် ပွဲကောင်းတစ်ပွဲဖြစ်ဖို့အတွက်ကျတော့ လိုအပ်တဲ့အခြေခံ အကြောင်းတရားတွေ တော်တော်များများရှိဖို့ လိုအပ်တယ်။ အဓိကအချက်က ပွဲအပေါ် အာရုံစိုက်မှု။ ပြီးတော့ နိုင်လိုစိတ်။ မဖြစ်မနေ အနိုင်ရဖို့လိုတဲ့တွန်းအား။ ဒီအချက်တွေစုံပြီဆိုတာနဲ့ အသင်းကြီး၊ အသင်းငယ်တွေ့တဲ့ပွဲဖြစ်ပါစေ၊ အသင်းငယ်နှစ်သင်းဆုံတဲ့ပွဲ ဖြစ်ပါစေ၊ သာမန်ပြိုင်ပွဲတစ်ခုပဲ ဖြစ်နေပါစေ၊ ပွဲက ပြိုင်ဆိုင်မှုရသကို အပြည့်အဝပေးမယ့် ပွဲကောင်းတစ်ပွဲဖြစ်မယ်။ ဒီလိုပွဲမျိုးက ပွဲကြီးတစ်ပွဲထက်ကို ပိုကြည့်ကောင်းတတ်သလို ပိုပြီးစိတ်ဝင်စားဖို့လည်းကောင်းတယ်။

ဖိအားနဲ့သက်သေပြလိုစိတ်များကြားက ကွန်မြူနတီဒိုင်း

ဝေမိုးဆက်

ပြောချင်တာက အသင်းငယ်ပဲဖြစ်ပါစေ။ အသင်းကြီးပဲဖြစ်ပါစေ။ အသင်းတစ်သင်းမှာ သူ့လိုအင်နဲ့သူရှိတယ်။ သူ့ပစ်မှတ်နဲ့သူ ရှိတယ်။ သူ့ဖိအားနဲ့သူရှိတယ်။ သူ့တိုင်းတာမှုနဲ့သူရှိမယ်။ ဒီလိုရှိကြတဲ့အထဲမှာ အကြောင်းတစ်စုံတစ်ရာကြောင့် ပွဲတစ်ပွဲမှာ ဖိအားတူ၊ လိုအင်တူ၊ ပစ်မှတ်တူ၊ တိုင်းတာမှုတူတဲ့ အသင်း နှစ်သင်းထိပ်တိုက်တွေ့ပြီဆိုတာနဲ့ ဖိအားအောက်က ရုန်းထွက်လိုစိတ်။ လိုအင်ဆန္ဒပြည့်မြောက်လိုစိတ်။ ပစ်မှတ်ကိုရောက်အောင်သွားလိုစိတ်။ တိုင်းတာမှုကို သက်သေပြလိုစိတ်တွေပါ ထိပ်တိုက်တွေ့ပြီး အားတစ်ခုကန်ထွက်လာကာ အဲဒီအားကမှ ပွဲကိုအသက်ဝင်စေမယ့်သဘော။

အထူးသဖြင့် ဒီရာသီမှာ မန်နေဂျာ အပြောင်းအလဲသိပ်များတယ်။ မန်နေဂျာ အပြောင်းအလဲများတာနဲ့အမျှ စောင့်ကြည့်မှုတွေများတယ်။ စောင့်ကြည့်မှုများတာနဲ့အမျှ ဖိအားတွေများတယ်။ ဖိအားတွေများတာနဲ့အမျှ ဖိအားကို တွန်းလှန်လိုစိတ်တွေများမယ်။ လိုအင်ကို ဖြည့်ဆည်းပေးလိုစိတ်တွေများမယ်။ ပစ်မှတ်ထားရှိမှုတွေ၊ တိုင်းတာမှုကို သက်သေပြလိုစိတ်တွေများတယ်။ ဒီတော့ ဒီလိုအခြေအနေတွေနဲ့ ထိပ်တိုက်တွေ့မှုတွေလည်း များမယ်။ တခြားမကြည့်နဲ့။ လာမယ့် ဩဂုတ် ၁၁ ရက်နေ့မှာ ဝီဂန်နဲ့ မန်ယူတွေ့တဲ့ပွဲကအစ ဒီအချက်တွေနဲ့ ပြည့်စုံတယ်။ ဒီအချက်တွေနဲ့ လိုက်လျောညီထွေရှိတယ်။

ပွဲကြီးတစ်ပွဲမဟုတ်သော်လည်း

ပြောရရင် ပွဲက ပွဲကြီးမဟုတ်ဘူး။ ပြိုင်ပွဲကလည်း ထိပ်တန်းအဆင့် ပြိုင်ပွဲမျိုးမဟုတ်ဘူး။ ဝီဂန်က လက်ရှိလိဂ်ချန်ပီယံရှစ်အသင်း။ မန်ယူက ပရီမီယာလိဂ်ရဲ့ လက်ရှိချန်ပီယံ။ အဆင့်ကွာလွန်းတယ်။ ရပ်တည်မှုခြားနားလွန်းတယ်။ ပြီးတော့ ပွဲကလည်း ကွန်မြူနတီဒိုင်းပွဲ။ ခပ်ရှင်းရှင်းပြောရရင် ရန်ပုံငွေပွဲ။ သာမန်ထက်မပိုတဲ့ရာသီအဖွင့်ပွဲ။ ဒီလိုပြိုင်ဘက်နှစ်သင်းနဲ့ ဒီလိုပြိုင်ပွဲမျိုးဟာ သာမန်အရ အကျယ်တဝင့်ပြောစရာမရှိပေမယ့် လက်ရှိဖြစ်တည်မှုအခြေအနေအရ အကျယ်တဝင့် မပြောလို့ကို မဖြစ်တဲ့ အခြေအနေ။ အထူးသဖြင့် ဒီနှစ်သင်းစလုံးမှာ ဒီဖလားမရလို့ မဖြစ်တဲ့ ဖိအားတွေရှိတယ်။

ဒီနေရာမှာ ကြားဖြတ်ပြောစရာရှိတာက မန်ယူခံစားနေရတဲ့ ဖိအားနဲ့ ဝီဂန်ခံစားနေရတဲ့ ဖိအား မတူနိုင်ဘူးလို့ ယူဆတဲ့ အချက်တစ်ခုပဲဖြစ်တယ်။ ဒါက မမှန်ဘူး မဟုတ်။ မှန်တယ်။ ဖိအားဆိုတာဟာ အသင်းရဲ့ ကြီးကျယ်ခမ်းနားမှု အသင်းရဲ့ အဆင့်အတန်းနဲ့ လိုက်ပြီး အပြင်းအပျော့ဆိုတာ ရှိတယ်။ ဒါပေမယ့် ဖိအားကတော့ ဖိအားပဲ။ ခပ်ရှင်းရှင်းပြောရရင် သူ့အထွာနဲ့သူ။ အပြင်းအပျော့ကွာပေမယ့် တည်ရှိစုဖွဲ့မှုကပါ ခြားနားတော့ အားထုတ်ပုံချင်းက အတူတူပဲ။ ဒီတော့ ဝီဂန်နဲ့မန်ယူအဆင့်ကွာသလို ဖိအားရဲ့ အကျိုးသက်ရောက်မှုလည်းကွာနိုင်ပေမယ့် ကိုယ့်ဝန်နဲ့ကိုယ် ရုန်းထွက်မယ့် အားချင်းကတော့ မခြားနားဘူး။မကွဲပြားဘူး။

အိုဝင်ကွိုင်နဲ့ မိုယက်စ်

ပြောရရင် ဝီဂန်ဆိုတာ သာမန်အသင်း။ သူတို့မှာ ကြီးကြီးမားမား မျှော်လင့်ချက်မရှိဘူး။ ပုံမှန်လောက်တည်တည်ငြိမ်ငြိမ်လေး ရပ်တည်နိုင်ရုံနဲ့ လိုအင်ပြည့်မြောက်တဲ့အသင်း။ ဒါပေမယ့် ဒီအသင်းက မနှစ်က ရာသီမှာ အစွန်းနှစ်ဖက်နင်းသွားတယ်။ တစ်ဖက်က သူတို့အသင်းရဲ့ အဆင့်နဲ့ မမှန်းနိုင်တဲ့ အက်ဖ်အေဖလားကိုရတယ်။ တစ်ဖက်ကျတော့ သူတို့ရဲ့ တည်တည်ငြိမ်ငြိမ်လေး ရပ်တည်လိုမှု ပျက်ပြီး တန်းဆင်းရတယ်။ ဒီတော့ဖြစ်တည်လာနိုင်မှုဟာ သူတို့ရင်ထဲ ပရီမီယာလိဂ်ကို ပြန်ရောက်လိုစိတ်အပြင် အောင်ပွဲရဲ့ အရသာကို ထပ်ပြီးကြုံတွေ့လိုစိတ်ပါ ကိန်းဝပ်သွားမယ့် သဘော။ ဒါကို ဖြည့်ပေးရမှာက အိုဝင်ကွိုင်။

ပြောချင်တဲ့ အဓိပ္ပာယ်က အိုဝင်ကွိုင်အနေနဲ့ မနိုင်ဝန်ထမ်းရမယ့်သဘော။ အိုဝင်ကွိုင်ဆိုတာက အောင်ပွဲကြီးကြီးရဖူးသူ မဟုတ်ဘူး။ ဆိုလိုတာက သူ့လက်ထက်မှာ ဘော်လ်တန်က တန်းဆင်းရတယ်။ ပြီးတော့ လိဂ်ချန်ပီယံရှစ်မှာပါ ရလဒ်ဆက်ညံ့လို့ ရာသီတစ်ဝက်လောက်မှာတင် ထုတ်ပယ်ခံခဲ့ရတယ်။ ဒီတော့ သူ့အပေါ် သံသယတွေရှိတယ်။ အသင်းကို တန်းပြန်တက်အောင်ကူညီနိုင်ပါ့မလား။ စောင့်ကြည့်ကြတယ်။ မာတီနက်ဇ်လို အောင်ပွဲတစ်ခုခု ယူပေးနိုင်ပါ့မလား တိုင်းတာကြတယ်။ ဒါကို သက်သေပြနိုင်မှ အိုဝင်ကွိုင် ဝန်ပေါ့မယ်။ ဒီအတွက် အနီးစပ်ဆုံးနဲ့ အလွယ်ကူဆုံးက ဒီကွန်မြူနတီဒိုင်းက လွဲလို့ အခြားမရှိဘူး။

ကွန်မြူနတီဒိုင်းက အခြားပြိုင်ပွဲတွေလို မဟုတ်ဘူး။ အခြားပြိုင်ပွဲတွေက အောင်ပွဲရဖို့ တစ်ဆင့်ပြီးတစ်ဆင့် တက်ရပေမယ့် ကွန်မြူနတီဒိုင်းက တစ်ပွဲတည်းနဲ့ အောင်ပွဲရနိုင်တဲ့ ပြိုင်ပွဲ။ တစ်ပွဲတည်း အားစိုက်ရုံနဲ့ ယုံကြည်မှုနဲ့ သက်သေပြလိုစိတ်ကို အကောင်အထည်ဖော်နိုင်မယ့် အခွင့်အရေး။ ဒါကို အိုဝင်ကွိုင်က လက်လွှတ်မှာမဟုတ်သလို မိုယက်စ်က ရောပေါ့ပေါ့တန်တန်သဘောထားမယ်ထင်သလား။ ပြောရရင် မိုယက်စ်ကြုံနေရတဲ့ ဖိအားက အိုဝင်ကွိုင်ထက်တောင်ပြင်းတယ်။ အသင်းကို နှစ် (၃၀)နီးပါး အောင်မြင်မှုတွေယူပေးခဲ့တဲ့ ဖာဂူဆန်ရဲ့ လောင်းရိပ်ကို ချေဖျက်ရမယ့်တာဝန်။ သူ့အပေါ် ယုံကြည်မှုရှိလာအောင် တည်ဆောက်ရမယ့် ဝတ္တရား။ ဖာဂူဆန်ရဲ့နေရာနဲ့ ထိုက်တန်ကြောင်း သက်သေပြရမယ့် အချက်။ ဒါတွေအားလုံးအတွက် ဒီကွန်မြူနတီဒိုင်းက မိုယက်စ်ရဲ့ ထွက်ပေါက်။

တကယ်တော့ဘောလုံးပွဲတစ်ပွဲမှာ အသင်းငယ်နဲ့ အသင်းကြီးဆုံတိုင်း တစ်ဖက်သတ်ဆန်တဲ့ပွဲလို့ယူဆလို့မရဘူး။ ပြိုင်ပွဲအပေါ် အလေးထားမှု။အောင်မြင်မှုအတွက်တွန်းအား။ နိုင်လိုစိတ်တွေ ပေါင်းဆုံလာပြီဆိုရင် အသင်းကြီးနဲ့ အသင်းငယ်တွေ့တဲ့ပွဲတွေဖြစ်တဲ့တိုင်အောင် သိပ်ကောင်းတဲ့ ပွဲတွေဖြစ်လာတတ်တယ်။ ဒီလိုပွဲမျိုးတွေဟာ စိတ်ဓာတ်နဲ့ နိုင်လိုစိတ်ကို အခြေခံထားတဲ့အတွက်လည်း ယတိပြတ်ပြောဖို့ခက်တယ်။ အသင်းကြီးနဲ့ အသင်းငယ်ဆိုပြီး အသင်းကြီး နိုင်မယ်လို့ ဘယ်လိုမှ ပြောလို့မရဘူး။ မနှစ်က အက်ဖ်အေဖလား ဗိုလ်လုပွဲမှာတင် မန်စီးတီးကို အခုမန်ယူရင်ဆိုင်ရမယ့် ဝီဂန်က နိုင်ပြခဲ့ပြီးပြီ။ ဒီတော့ ဒီပွဲမှာရော မန်ယူယတိပြတ်နိုင်မယ်လို့ ပြောလို့ရပါ့မလား။ ပြောချင်တာက ဖိအားကို တွန်းလှန်လိုစိတ်နဲ့ အောင်ပွဲရလိုစိတ်က အရာရာကို ပြောင်းလဲနိုင်တဲ့သဘော။ ဒီတော့ ဝီဂန်နဲ့ မန်ယူ၊ အိုဝင်ကွိုင်နဲ့မိုယက်စ်။ ဒီကွန်မြူနတီဒိုင်းမှာ လှုပတဲ့အနာဂတ် ဘယ်သူတည်ဆောက်နိုင်မလဲ။ ဘယ်သူများ သံသယနဲ့ စောင့်ကြည့်မှုကို နှစ်ဆတိုး ထမ်းပိုးသွားရမလဲ ဆိုတာ. . . ။

အီမရိတ်ဖလားမှ ထုတ်ပြခဲ့သည့် အာဆင်နယ်၏ လိုအပ်ချက်

သစ်မင်းအိမ်

'ဆွာရက်ဇ်ကို မခေါ်နိုင်လည်း ပူစရာမလိုဘူး။ ကစားသမားသစ်တွေ ထပ်ရောက်မလာလည်း ဂရုပြုစရာမလိုဘူး။ ဒီလူ၊ ဒီအင်အားနဲ့ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ကျွန်တော်တို့ ရယူနိုင်တယ်' ဆိုသည်က အာစင်ဝင်းဂါး၏စကား။ သို့သော် ထိုသို့ပြောပြီးနောက် မကြာခင်ရက်ပိုင်းအတွင်း အာဆင်နယ်က အီမရိတ်ဖလားတွင် နှစ်ပွဲကစား တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် တတိယသာရသည့်အခါ ဝေဖန်သံတွေ ဆူညံကုန်သည်။ ဆိုရလျှင် အီမရိတ်ဖလားကိုပင် မရသည့် အာဆင်နယ်ပရီမီယာလိဂ်ဖလားရစရာမရှိဟု ဆိုကုန်ကြသည်။

အထူးသဖြင့် အီမရိတ်ဖလားဝင် အာဆင်နယ်၏ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကို အားလုံးက အားမရကြ။ ထိုပြိုင်ပွဲတွင် အာဆင်နယ်သုံးဂိုးရခဲ့သည်မှာ မှန်သော်လည်း ထိုသုံးဂိုးရရေးဖြစ်ဖြစ်မြည်အားထုတ်ခဲ့ရသည်ကို မနှစ်သက်ကြ။ ဆိုရလျှင် အာဆင်နယ်ရသော သုံးဂိုးအနက်တစ်ဂိုးကို ခံစစ်မှူးကိုစီနီက တက်သွင်းပေးခဲ့ရသည်ဖြစ်ရာ တိုက်စစ်ချည်းသက်သက် စွမ်းဆောင်မှုကြောင့် ရသည့် ဂိုးမှာနှစ်ဂိုးသာရှိတော့သည်။ ထိုသို့သော စွမ်းဆောင်ရည်မျိုးဖြင့် အာဆင်နယ်ပရီမီယာလိဂ်ချန်ပီယံမဖြစ်နိုင်ဟု ဆိုကုန်ကြသည်။

ဟုတ်လည်းဟုတ်သည်။ ထိုပြိုင်ပွဲတွင် တိုက်စစ်မှူး ပိုဒေါစကီးဆိုလျှင် တစ်ဂိုးမှပင် မသွင်းနိုင်။ ထို့အပြင် ပို၍ဆိုးသည်မှာ ရရှိလာသည့် ပယ်နယ်တီအခွင့်အရေးကိုပင် ဂိုးရအောင် သွင်းယူနိုင်ခြင်းမရှိ။ ဂီရောက်ဆိုလျှင်လည်း နှစ်ပွဲတွင် တစ်ဂိုးသာရသည်။ ရသည့်ဂိုးမှာလည်း ကံကောင်း၍သာ ရသည့်ဂိုးဖြစ်သည်။ သူ၏နောက်ပြန်ကန်ချက်သည်သာ ခံစစ်မှူး ဆက်ညာနှင့်မထိဘဲ လမ်းကြောင်းမပြောင်းခဲ့လျှင် ထိုဂိုးသည် ဂိုးဖြစ်လာရန်မသေချာ။ အထူးသဖြင့် ဂီရောက်သည် အဆိုပါ အီမရိတ်ဖလားပွဲတွင် ဂိုးကန်သွင်းခွင့် အကြိမ်ကြိမ်ရသော်လည်း အားရလောက်ဖွယ် အဆုံးသတ်မှုမျိုး လုံးဝ မပြနိုင်ခဲ့။ ထိုအချက်ကပင် အာဆင်နယ်ကို ပရီမီယာလိဂ်၌ ကောင်းကောင်း အခက်တွေ့စေနိုင်သည်ဟု ယူဆကုန်ကြသည်။ တွေးဆထောက်ပြကုန်ကြသည်။

ပြောရလျှင် အာဆင်နယ်သည် မနှစ်ကတည်းကပင် ထိုချွတ်ယွင်းချက်ကြောင့်ပင် ပရီမီယာလိဂ်၌ ဒုက္ခရောက်ခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ယမန်နှစ်ဘောလုံးရာသီတွင် အာဆင်နယ်တိုက်စစ်မှူးများ၏ စွမ်းဆောင်ရည်သည် အားရစရာ လုံးဝမရှိခဲ့။ အာဆင်နယ်၏ တိုက်စစ်မှူးနှစ်ဦးဖြစ်သည့် ဂီရောက်နှင့် ပိုဒေါစကီးတို့သည် ယမန်နှစ်က နှစ်ဦးပေါင်း ၃၃ ဂိုးသွင်းယူနိုင်ခဲ့သည်မှာ မှန်သော်လည်း ဂီရောက်ဆိုလျှင် ပရီမီယာလိဂ်၌ ၈ပွဲသာ ဂိုးရအောင်စွမ်းဆောင်နိုင်သည်။ ပိုဒေါစကီးဆိုလျှင်လည်း ပရီမီယာလိဂ်၌ ၁၀ ပွဲသာ ဂိုးရအောင်စွမ်းနိုင်ခဲ့သည်။ အထူးသဖြင့် ဂီရောက်သည် ယမန်နှစ် ပရီမီယာလိဂ်တွင် စုစုပေါင်း ၃၄ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး ပိုဒေါစကီးသည်လည်း စုစုပေါင်း ပရီမီယာလိဂ် ပွဲ ၃၃ ပွဲ ကစားခွင့်ရခဲ့သူဖြစ်ရာ သူတို့နှစ်ဦး၏ ပွဲထွက်မှုနှင့်

စာမျက်နှာ ၂ သို့